TUBORG
OPEN FOR FUN

Established 2000

# မြန်မာတိုင်းမ်

MYANMAR TIMES DAILY

Golden Myanmar Airlines

အတွဲ ၄၊ အမှတ် (၂)၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ကြာသပတေးနေ့ (၂-၁-၂၀၂၀) myanmar.mmtimes.com mtmdailynewspaper@gmail.com တန်ဖိုး ကျပ် ၂၅၀



## တိုင်းအစိုးရဖော်ဆောင်သည့် ရွှေပြည်သာတန်ဖိုးနည်းအိမ်ရာစီမံကိန်း ပြီးစီးပြီဖြစ်၍ အိမ်ရာရရှိထားသူများ ပြောင်းရွှေ့နေထိုင်ခွင့်ရ

စာမျက်နှာ ၂ ➡

### နှစ်သစ်ကူးညတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဒဏ်ရာရ လူနာ ၆၀ ကျော်ရောက်၊ ယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံး

စာမျက်နှာ ၈ ➡

### ယာဉ်အမည်ပေါက်ပြောင်းလဲရာတွင် ရာခိုင်နှုန်းဖြင့် အခွန်ကောက်ခံမှုထက် ကျပ် ၅၀,၀၀၀ ဖြင့် လုပ်ဆောင်ပေးရန် ညှိနှိုင်းခဲ့သော်လည်း မအောင်မြင်ခဲ့

စာမျက်နှာ ၂၃ ➡

### ၂၀၂၀ ရွေးကောက်ပွဲ၌ အစိုးရဖွဲ့နိုင်သည့်ပမာဏရှိအောင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု NLD ပါတီဆို

စာမျက်နှာ ၇ ➡

### ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးဝင်းအတွင်း ဆန္ဒပြသူများ ကျူးကျော်ဝင်ရောက်ဖျက်ဆီး

စာမျက်နှာ ၁၈ ➡



### မင်္ဂလာရှိသော သတင်း

စာမျက်နှာ ၇ ➡




စာမျက်နှာ ၈ ➡



## အောင်ဘာလေ သိန်းတစ်သောင်းခွဲထီဆု မြိတ်မြို့မှမိသားစု ဆွတ်ခူး

မြိတ် ဇန်နဝါရီ ၁

(၁၃) ကြိမ်မြောက် အောင်ဘာလေထီဆုဖြစ်သည့် အမြင့်ဆုံး သိန်းတစ်သောင်းခွဲဆုကို မြိတ်မြို့ ခရူတောရပ်ကွက် ဗိုလ်ဗထူးလမ်းသွယ် (၃)လမ်းမှ မိသားစုက ဆွတ်ခူးလိုက်ကြောင်း သိရသည်။

အဆိုပါ မိသားစုမှာ မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စုရှိ အောင်မင်္ဂလာဈေးတွင် တန်ဖိုးနည်း ရန်ကုန်ချုပ်အဝတ်အထည်များကို ရောင်းချနေခြင်းဖြစ်ပြီး ရတနာသိန်းထိုက်အောင်ထီဆိုင်၏

စာမျက်နှာ ၂ ➡

## ရခိုင်ပြည်နယ် မြောက်ဦးမြို့ အာနန္ဒစန္ဒြကျောက်စာကို ကမ္ဘာ့အမွေအနှစ်စင်တာသို့တင်မည်

ရန်ကုန် ဇန်နဝါရီ ၁

ရခိုင်ပြည်နယ် မြောက်ဦးမြို့ ယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အာနန္ဒစန္ဒြကျောက်စာကို ကမ္ဘာ့အမွေအနှစ်စင်တာသို့ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် သတ်မှတ်နိုင်ရန်အတွက် မေလအတွင်း တင်သွင်းမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ကျောက်စာကို ၂၀၁၇ ခုနှစ် ဩဂုတ်ကလည်း အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းထားခြင်းဖြစ်ပြီး မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၂ ➡



# ၂၀၂၀ ပြည့်နှစ်အတွင်း လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်မည်ဟု ပြည်ထောင်စုဝန်ကြီးဆို

ရန်ကုန် ဇန်နဝါရီ ၁

၂၀၂၀ ပြည့်နှစ်အတွင်း လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ပိုမိုအကျိုးထိရောက်စွာ ဆောင်ရွက်မည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဇန်နဝါရီ ၁ ရက်တွင် ဝန်ထမ်းများကို ၂၀၂၀ ပြည့်နှစ်အတွက် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးအား ၂၀၂၀-၂၀၂၁ ကာလအတွင်းဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြပွဲတွင် တွေ့ရစဉ်။ ဓာတ်ပုံ – အင်အိုအိုင်

"လာမည့် ၂၀၂၀ခုနှစ်မှာ လုပ်ငန်းအစီအစဉ်သစ်တွေကို အစပျိုးစတင်ဆောင်ရွက်ခြင်းနဲ့ အရင်ရှိပြီးသားလုပ်ငန်းတွေကို အစမှ ထပ်ကျော့ဆောင်ရွက်ခြင်းတို့ကို အဓိကထားပြုလုပ်မှာမဟုတ်ဘဲ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ၊ အစီအစဉ်တွေကိုသာ လိုအပ်သလို အနည်းငယ်ပြုပြင်မွမ်းမံပြီး ပိုမိုအကျိုးရှိထိရောက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ထို့ပြင် ကျန်းမာရေးဝန်ဆောင်မှုရယူနေကြသူများ၊ လူနာများ၊ ပြည်သူများ အထူးသဖြင့် ဝေးလံခက်ခဲသော ဒေသနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းစွာ မလွှမ်းခြုံနိုင်သည့် ဒေသများမှ ပြည်သူများ၏ အသံနှင့်အမြင် ရှုထောင့်များကို အထူးဂရုပြုအလေးပေး ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

၂၀၂၀ ပြည့်နှစ်တွင် ဦးစားပေးအလေးထားဆောင်ရွက်မည့် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် လူနာဘေးကင်းလုံခြုံရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ဆေးရုံသတင်းအချက်အလက်၊ ကျန်းမာရေးအသိပညာ၊ စာတတ်မြောက်မှု၊ ကျောင်းအခြေပြု ကျန်းမာရေးမြှင့်တင်မှု၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို စနစ်တကျ ဝယ်ယူ ဖြန့်ဖြူးပေးနိုင်ရန် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်နိုင်သည့် စနစ်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားအောင် လေ့ကျင့်သင်ကြားရေး၊ မကူးစက်တတ်သောရောဂါများ၊ ဆေးပညာကျင့်ဝတ်၊ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်နှင့် သုတေသနကျင့်ဝတ်စသည့် ကျင့်ဝတ်ဆိုင်ရာများကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ဒစ်ဂျစ်တယ်ကျန်းမာရေး သို့မဟုတ် အဆင့်မြင့်ဆက်သွယ်ရေး နည်းပညာသုံး၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဘဏ္ဍာရန်ပုံငွေ စီမံခန့်ခွဲမှုစနစ် သုတေသနလုပ်ငန်း စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းလုပ်ငန်း၊ 'ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး' အစီအစဉ်များနှင့်အတူ ထူးချွန်သော အားကစားသမားများပေါ်ထွက်လာရေးနှင့် အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အခြားကဏ္ဍများနည်းတူ အားသစ်လောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ပြည်သူများအတွင်း ရောဂါနှင့် ကျန်းမာရေးပြဿနာများဖြစ်ပွားမှုများကို ထိရောက်စွာ လျှော့သွားရန် ရည်ရွယ်ပြီး ထိုလုပ်ငန်းကဏ္ဍများကို အလေးထား အာရုံစိုက်ဆောင်ရွက်နေစဉ်အတွင်း လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများကိုလည်း အလေးအနက် ဝေဖန်သုံးသပ်ပြီး ပိုမိုတိုးတက်အောင်အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဖူးအိန္ဒြာယ်လ်

### ရွှေဖုံး "အောင်ဘာလေ သိန်းတစ်သောင်းခွဲ ထီဆု" မှ

သုံးစောင်တွဲ လေးအုပ်ထဲမှ (င)အက္ခရာ ၂၀၄၅၈၈ နံပါတ်ပါ ကျပ်သိန်းတစ်သောင်းခွဲဆုကို ဆွတ်ခူးခဲ့သည်ဟု သိရသည်။

ထီဆုရှင် ဦးဂျပန်(ခ)သန်းထွေးက"ထီကတော့ လစဉ်လတိုင်း ထိုးဖြစ်တာပါ။ အရင်ကတော့ ၅၀,၀၀၀ ဆု နှစ်ခါပေါက်ဖူးပါတယ်။ အဲဒီနောက် လုံးဝ မပေါက်တော့ဘူး။ အခု ထီဆုကြီးပေါက်တာ အတော်ဝမ်းသာပါတယ်။ အလှူတွေ အများကြီးလုပ်သွားဖို့ စိတ်ကူးထားတယ်"ဟု ပြောသည်။

၎င်းတို့မိသားစုသည် ထီထိုးစဉ်ကာလတွင် အလှူလုပ်ရန် ရည်ရွယ်ပြီး ထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ထီဆုကြီးပေါက်သွား၍ လှူဒါန်းမှုများ ပြုလုပ်မည်ဖြစ်သည့်အပြင် ဆင်းရဲနွမ်းပါးသူများ၊ မိဘမဲ့ကလေးကျောင်း၊ စိတ်ကျန်းမာရေးဆေးရုံနှင့် လမ်းဘေးဈေးသည်များကို ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထီဆုမှာ မြိတ်မြို့တွင် ပထမဦးဆုံးဆွတ်ခူးသူဖြစ်ပြီး ယခင်က ကျပ်သိန်း ၅,၀၀၀ ဆုကို တစ်ဦးပေါက်ဖူးကြောင်း မြိတ်အခြေစိုက် ထီဆိုင်အသိုင်းအဝိုင်းမှ သိရသည်။

"အရင်ကတော့ ၅၀,၀၀၀ ဆုနှစ်ခါ ပေါက်ဖူးပါတယ်။ အခုလိုမျိုး ဆုအကြီးကြီး မပေါက်ဖူးသေးပါဘူး။ အတော်ဝမ်းသာပါတယ်"ဟု ဇနီးဖြစ်သူ ဒေါ်အေးအေးမိုးက ပြောသည်။

ဇော်ဇော် (မြိတ်)

### ရွှေဖုံး "ရခိုင်ပြည်နယ် မြောက်ဦးမြို့ အာနန္ဒစန္ဒြကျောက်စာ" မှ

ကမ္ဘာ့အမွေအနှစ်ကျောက်စာအဖြစ် ပုဂံမြို့ရှိ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသော မြစေတီကျောက်စာကို ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်တွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး အဆိုပြုပုံစံများရေးထားပြီး ယူနက်စကိုသို့ တင်သွင်းခဲ့သည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အဘူဒါဘီမြို့တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပသော ကမ္ဘာ့အမွေအနှစ်လျှောက်ထားမှုပေါင်း ၈၇ ခုအနက် မြန်မာနိုင်ငံမှ တင်သွင်းသော မြစေတီကျောက်စာကို ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ်က မြစေတီ (ရာဇကုမာရ်) ကျောက်စာ Logo စိုက်ထူနိုင်ခဲ့ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် ဟန်လင်း၊ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းတို့သည် ၂၀၁၄ ခုနှစ်က ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့ပြီး ပုဂံယဉ်ကျေးမှု အမွေအနှစ်ကို ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သည်။

ယဉ်ပပထွန်း

မြန်မာတိုင်းမ်နေ့စဉ်သတင်းစာတွင် ကြော်ငြာထည့်သွင်းလိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၉-၅၀၈၁၃၂၂၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြပါသည်။

# တိုင်းအစိုးရဖော်ဆောင်သည့် ရွှေပြည်သာတန်ဖိုးနည်းအိမ်ရာစီမံကိန်း ပြီးစီးပြီဖြစ်၍ အိမ်ရာရရှိထားသူများ ပြောင်းရွှေ့နေထိုင်ခွင့်ရ

ရွှေပြည်သာ ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုအဖွဲ့အစည်း အခြေပြု အိမ်ရာစီမံကိန်းတစ်ခုဖြစ်သည့် ရွှေပြည်သာမြို့နယ် အမှတ် (၁၉) ရပ်ကွက် (ဝဂ်ဘာ) စီမံကိန်းသည်ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်၍ ဇန်နဝါရီ ၁ ရက်မှစကာပြောင်းရွှေ့လူနေထိုင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။



"ဒီနေ့ကစပြီးပြောင်းရွှေ့နေထိုင်ခွင့်ပေးလိုက်ပြီ။ ပထမတော့ ရေမီးစုံမှ ပြောင်းခိုင်းမလို့ပဲ။ ဒါပေမဲ့ ပြည်သူတွေဘက်က ပြောင်းနေချင်ပြီလို့ တင်ပြလာကြလို့ သူတို့တွေအဆင်ပြေအောင် ခွင့်ပြုပေးလိုက်တာ။ မီးနဲ့ရေကတော့ အိမ်ပေါ်လူတွေစုံပြီဆိုမှ တဖြည်းဖြည်းလုပ်ပေးမှာ။ လတ်တလောရေကိစ္စ အဆင်ပြေအောင်တော့ရေတွင်းတစ်တွင်း တူးပေးထားတယ်၊ အခုပြောင်းလာပြီးအိမ်သစ်တွေပေါ်တက်သူတွေ တက်ကုန်ကြပါပြီ" ဟု ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အသင်းတည်ထောင်သူ ဒေါ်ဗန်လီဇာအောင်က ပြောသည်။

ယခုစီမံကိန်းသည် တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်သောစီမံကိန်းဖြစ်ပြီး လုပ်ငန်းစဉ်တွင် ပျိုမေ့အိမ်လူမှု ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အကောင်အထည်ဖော်ပေးခြင်းဖြစ်သည်။ စီမံ ကိန်းအကောင်အထည်ဖော်ရေးကော်မတီတွင် အိုးအိမ်ဌာန၊ စည်ပင်ဌာန၊ အထွေထွေအုပ်ချုပ်ရေးနှင့် ရပ်မိရပ်ဖ ပြည်သူများ စုံလင်စွာပါရှိကြောင်းနှင့် ပျိုမေ့အိမ်အသင်းကလည်း အရပ်ဘက်အဖွဲ့အစည်းအနေဖြင့် ပါဝင်ကြောင်း သိရသည်။

အိမ်ရာများကို ပထမအသုတ်၌ ၂၆၄ လုံး တည်ဆောက်ခဲ့ခြင်းဖြစ်ကာ လူနေအိမ်များသည် သွပ်မိုး ငါးထပ်သားခင်းကျောက်ပြားကာရံထား၍ အလျား၂၅ ပေ၊ အနံ ၁၂ ပေ၊ အလျား ၂၅ပေ၊ အနံ ၁၄ ပေ ရှိသည့် အိမ်များဖြစ်ကြောင်း သိရသည်။

"ဒီနေ့ကစပြီးပြောင်းလို့ရပြီလို့ အိမ်ရာကော်မတီတာဝန်ရှိသူတွေက ပြောလို့ ဒီနေ့ပြောင်းတဲ့လူတွေ ပြောင်းလာနေကြပြီး အိမ်ရာအသစ်ပေါ်တက်နေကြပြီ။ တချို့ဆို မနေ့ညနေထဲကပြောင်းနေကြပြီ။ ကိုယ့်အိမ်ကိုယ် ပြင်တဲ့သူပြင်နေပြီး တချို့ဆို ဆေးသုတ်နေကြတယ်။ ဒါပေမဲ့အိမ်သာပြီးတဲ့လူတွေပဲပြောင်းလို့ဖြစ်မှာ အိမ်သာကကိုယ့်ဟာကိုယ်လုပ်ရတာ။ သူတို့ကကျင်းပဲလုပ်ပေးထားတာ။ အိမ်တွေကပြီးပြီဆိုပေမယ့် မီးနဲ့ရေကတော့မရသေးဘူး၊ မကြာခင်ရမယ်လို့တော့ပြောတယ်။ ဘုံသုံးဖို့ရေတွင်း တစ်တွင်းတူးပေးထားတာတွေ့တယ်။ လတ်တလောမှာတော့ အနီးအနားက ဘုန်းကြီးကျောင်းက ရေပေးလို့အဲဒီကရေလည်းရတယ်" ဟု အိမ်ရာရရှိထားသူတစ်ဦးက ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် ပြောသည်။

အိမ်ရာဖော်ဆောင်ရာတွင် ရန်ကုန်တိုင်း ဒေသကြီးအစိုးရက မြေနေရာပေးခြင်း၊ ရေ မီး၊ လမ်းစသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းများ ပံ့ပိုးပေးထားပြီး ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ရပ်ရွာလူထုအား စာရင်းဇယားပြုလုပ်ခြင်း၊ အချက်အလက်ကောက်ခံခြင်း၊ ငွေစုငွေချေးဖွဲ့စည်းခြင်း၊ နည်းပညာများသင်ကြားပေးခြင်း၊ ပြည်သူလူထုနှင့် ဗိသုကာပညာရှင်များ၊ နည်းပညာရှင်များ ချိတ်ဆက်ပေး၍ အိမ်ပုံစံဒီဇိုင်းများကို အတူတကွပူးပေါင်းရေးဆွဲခြင်း၊ ဘဏ်များမှငွေချေးပေးခြင်းတို့ပြုလုပ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

အစုအဖွဲ့ပိုင် တန်ဖိုးနည်း အိမ်ရာဖော်ဆောင်ပေးရေးအတွက် လူဦးရေစာရင်းများ ကောက်ယူခဲ့ရာတွင် ကျူးကျော်နေထိုင်သူများသာမကဘဲ အဆောင်ငှားနေသူများ၊ နေထိုင်ရေးခက်ခဲနေသူများကိုလည်းကောက်ယူခြင်းဖြစ်ကြောင်း၊ ပျိုမေ့အိမ်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ရွှေပြည်သာမြို့နယ် အမှတ် (၁၉) ရပ်ကွက်ရှိ စီမံကိန်း၌ ပါဝင်ကြသည့် အိမ်ရာမဲ့ပြည်သူများသည် အဆိုပါ အိမ်ရာများတည်ဆောက်နိုင်ရန် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ရွှေပြည်သာမြို့ နယ် အမှတ် (၆) ရပ်ကွက်ရှိ မြို့ဦးစေတီ အနီးသာသနာ့ ဗိမ္မာန်တွင် ရွှေပြည်သာမြို့နယ်အမှတ် (၁၉)၊ (၂၀)၊ (၁၃) ရပ်ကွက်များ အပါအဝင် ရပ်ကွက်အသီးသီးမှ စိစစ်ရွေးချယ်ထားသည့် အိမ်ရာမဲ့ ဝင်ငွေနည်းပြည်သူ အမျိုးသမီး ၂၆၄ ဦးအတွက် (လစဉ်အရစ်ကျပြန်ဆပ်ရမည်ဖြစ်သော အိမ်ဆောက်လုပ်ရာတွင်ကုန်ကျမည့်ငွေ) တစ်ဦးလျှင် ကျပ်သိန်း ၃၀ နှုန်းဖြင့် တောင်ကိုရီးယားနိုင်ငံအခြေစိုက် KEB Hana Microfinance Limited မှ Chief Operation Officer ဒေါ်ယဉ်ယဉ်ဝင်းနှင့် အဖွဲ့မှစာချုပ်ချုပ်ဆို ချေးယူရရှိခဲ့ပြီး နေအိမ်များတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစုအဖွဲ့ပိုင်အိမ်ရာများ ဖော်ဆောင်နေသည့် မြို့နယ်များမှာ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်းမြို့နယ်များဖြစ်ပြီး တစ်မြို့နယ်လျှင် အိမ်ရာအခန်း ၁၀,၀၀၀ စီ လျာထား ဖော်ဆောင်နေခြင်းဖြစ်သည်။

ရွှေမြင်းဦး (ရွှေပြည်သာ)

# ပြည်တွင်းထုတ်ကားများဖြစ်ပါက ကျပ်သိန်း ၁၀၀ တန် ရန်ကုန်လိုင်စင်ပေးမည်ဟု ဝန်ကြီးချုပ်၏ပြောဆိုမှုအပေါ် ဝေဖန်မှုများထွက်ပေါ်

ရန်ကုန် ဇန်နဝါရီ ၁

ပြည်တွင်းထုတ် မော်တော်ကားများ၌ Made In Myanmar ဖြစ်ပါက ကျပ်သိန်း ၁၀၀ တန်သည့် ရန်ကုန်လိုင်စင်ပေးမည်ဟု ရန်ကုန်တိုင်းဝန်ကြီးချုပ်၏ ပြောဆိုမှုမှာ ပြည်ပမှတင်သွင်း မော်တော်ကားများကို ရန်ကုန်လိုင်စင်မပေးသည့် သဘောဖြစ်နေပြီး လေးနှစ်နီးပါးပိတ်ထားသည့် ရန်ကုန်လိုင်စင်အား ခွင့်ပြု မပြု တိကျစွာထုတ်ပြန်ပေးစေလိုကြောင်း ကားလောကသားအများစုက ဝေဖန်ပြောဆိုနေသည်။

ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မဟာဗန္ဓုလတံတားအောက်တွင် ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင် အဖွဲ့ ယာဉ်ရပ်နားဝင်းဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောဆိုခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ထုတ်တဲ့ကားဟာ Branded ပဲဖြစ်ရမယ်။ အဲဒီ Branded က Made In Myanmar ဖြစ်ရမယ်။ Made In Myanmar ဖြစ်ရင် ရန်ကုန်လိုင်စင်ပေးမယ်။ အဲဒီအတွက် အဲဒီကားဟာ သိန်း ၁၀၀ ကြိုရနေတာဖြစ်ပါတယ်။ ရန်ကုန်လိုင်စင်ဟာ သိန်း ၁၀၀ တန်ပါတယ်။ အခု ကျွန်တော်တို့ ကားစလစ်တစ်ခု ထုတ်မယ်။ အားလုံးသိပါတယ်။ ကားအဟောင်းအပ်ရင် ကားအသစ် စလစ်တစ်ခုရမယ်။ ရန်ကုန်လိုင်စင်ရမယ်။ အဲဒီကားစလစ်ဟာ သိန်း ၁၀၀ တန်ပါတယ်။ ရန်ကုန်မှာ ကားထုတ်လုပ်မယ်ဆိုရင် ရန်ကုန်လိုင်စင်ရမယ်ဆိုရင် ကားအသစ်ဝယ်စီးတဲ့သူတွေအားလုံး ရန်ကုန်လိုင်စင်ရမယ်" ဟု ဝန်ကြီးချုပ်က ပြောကြားထားခဲ့သည်။




ယာဉ်အိုယာဉ်ဟောင်း အစားထိုးတင်သွင်းခြင်းဖြင့် စလစ်ကို ကျပ်သိန်း ၁၂၀ ဖြင့်ဝယ်ယူမှသာလျှင် ရန်ကုန်လိုင်စင်ရရှိတော့မည့်သဘော ဖြစ်နေကြောင်း၊ ပြည်တွင်းထုတ် Made In Myanmar ကားနှင့်ပတ်သက်၍ ပြည်ပမှ SKD စနစ်ဖြင့် ယာဉ်အစိတ်အပိုင်းများ မှာယူတင်သွင်းပြီး ပြည်တွင်း၌ ပြန်လည်တပ်ဆင်ထုတ်လုပ်နေသော ကားများသာဖြစ်ကြောင်း ဝန်ကြီးချုပ်ပြောကြားခဲ့ခြင်းနှင့် ပတ်သက်၍ မော်တော်ကားတင်သွင်းသူများက ဝေဖန်ပြောဆိုနေကြသည်။

"ဝန်ကြီးချုပ်ပြောသလို Made In Myanmar ကားကိုပဲ ရန်ကုန်လိုင်စင်ပေးမယ်ဆိုရင် ပြည်ပက တင်သွင်းနေတဲ့ ကားတွေကို ရန်ကုန်လိုင်စင်မပေးဘူးဆိုတဲ့သဘော သေချာပြောနေသလို ဖြစ်နေပြီ။ ရန်ကုန်လိုင်စင်ဆိုတာကလည်း လေးနှစ်လောက်ရှိပြီ မပေးတော့တာ။ ဘယ်အချိန်ပြန်ပေးမလဲဆိုတာလည်း မသေချာတော့ဘူး။ ကားအရောင်းပြခန်းတွေဖွင့်ပြီး Brand New ကားတွေရောင်းနေတဲ့ နာမည်ကြီး ကားအမှတ်တံဆိပ်တွေကလည်း ရန်ကုန်လိုင်စင်မပေးလို့ သိန်း ၁၂၀ လောက်တန်တဲ့ စလစ်ကိုဝယ်ပြီး ကပ်နေရတာ။ Made In Myanmar ကားဆိုတာ ကားတစ်စီးလုံး ထုတ်နေတာမဟုတ်ဘူး။ ကားအစိတ်အပိုင်းတွေ အကုန်လုံးကို ကွန်တိန်နာနဲ့ သယ်လာပြီး ဒီရောက်မှ နပ်ကျပ်တာတို့ ပြန်ပြီးတပ်တာတို့လုပ်တာကို ကားထုတ်နေတယ်လို့ ပြောလို့လည်း မရပါဘူး"ဟု ပြည်ပနိုင်ငံမှ ကားတင်သွင်းရောင်းချသူ လုပ်ငန်းရှင် ဦးမောင်မောင်လွင်က ဇန်နဝါရီ ၁ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုသည်။

အချိန်ကာလတစ်ခုအကြာ ပိတ်ထားသည့် ရန်ကုန်လိုင်စင်အား Yangon Vehicle Quota Certificate (YVQC ) လက်မှတ်စနစ်သို့ပြောင်းလဲ၍ တန်ဖိုးသတ်မှတ်ကာ ရောင်းချပေးရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ မော်တော်ကားနှင့်ပတ်သက်သည့် ဝန်ကြီးဌာနများထံ ၂၀၁၉ ခုနှစ် နှစ်စတွင် တင်ပြထားသော်လည်း ထူးခြားမှုမရှိသေးကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ရန်ကုန်လိုင်စင်ဖြင့် ကားတင်သွင်းခွင့်ပြုခြင်းကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

နိုင်အောင်




# လေကြောင်းနှင့် ဆိပ်ကမ်းလုပ်ငန်းများတွင် ဂျပန်-မြန်မာ နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်ရန် နားလည်မှုစာချွန်လွှာချုပ်ဆိုထား

ရန်ကုန် ဇန်နဝါရီ ၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လေကြောင်းကဏ္ဍနှင့် ဆိပ်ကမ်းလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နားလည်မှုသဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က လက်မှတ်ရေးထိုးပြီးဖြစ်သည်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားမှုအရ သိရသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအတွက်အဓိကကျသော ပို့ဆောင်ရေးကဏ္ဍတွင် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ နည်းပညာတိုးမြှင့်အသုံးချရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့အပြင် လေကြောင်းကဏ္ဍတွင်လည်း ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်တည်ဆောက်ရေး၊ ရေကြောင်းကဏ္ဍတွင် သီလဝါ၌ ဆိပ်ခံတံတားသစ်များ တည်ဆောက်ရေး၊ မန္တလေးဆိပ်ကမ်းသစ် တည်ဆောက်ရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး၊ ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေး စသည့် ရထားလမ်းပိုင်းဆိုင်ရာနည်းပညာ အထောက်အပံ့စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယခုကဲ့သို့ နားလည်မှုစာချွန်လွှာများလက်မှတ်ထိုးလိုက်ခြင်းဖြင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်က ပြောသည်။

ရထားသံလမ်းပြုပြင်ရေး၊ နည်းပညာအဆင့်မြှင့်တင်ရေးသင်တန်းများတွင် မြန်မာနိုင်ငံမှ သင်တန်းသားများကို ဖိတ်ခေါ်ပြီး သင်တန်းများပို့ချပေးလျက်ရှိကာ လက်မှတ်ရေးထိုးထားသည့် လေကြောင်းကဏ္ဍ၊ ဆိပ်ကမ်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအပြင် အနာဂတ်တွင်လည်း အရှိန်အဟုန်မြှင့်၍ နှစ်နိုင်ငံဆောင်ရွက်သွားမည်ဟု ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr.AKABA Kazuyoshi က ပြောသည်။

လေကြောင်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် Memorandum of Cooperation in the Field of Civil Aviation between the Department of Civil Aviarion, Ministry of Transport and Communi-cations of the Repu-blic of the Union of Myanmar and the Civil Aviarion Bureau, Ministry of Land, Infrastructure, Transport and Tourism of Japan နှင့် ဆိပ်ကမ်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် Letter of Cooperation between Myanmar Port Authority, Ministry of Transport and Communications of the Republic of the Union of Myan-mar and Ports and Harbours Bureau, The Ministry of Land, Infrastruc-ture, Transport and Tourism of Japan တို့အကြား သဘောတူ စာချုပ်ချုပ်ဆိုခဲ့သည်။

ယဉ်ပပထွန်း

# ခေတ်နှင့်လျော်ညီသည့် အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ပေးချေရေး အထည်ချုပ်အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် တောင်းဆိုမည်

ရန်ကုန် ဇန်နဝါရီ ၁

ခေတ်နှင့်လျော်ညီသော အနိမ့်ဆုံးလုပ်ခလစာများ သတ်မှတ်ပေး ချေရေးအတွက် အထည်ချုပ်အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်က တောင်းဆိုမှုတစ်ရပ်ပြုလုပ်သွားမည်ဟု ဦးဆောင်သူမမိုးစန္ဒာမြင့် က ဇန်နဝါရီ ၁ ရက်တွင် ပြောသည်။

"အဓိက တောင်းဆိုတာကတော့ အနိမ့်ဆုံးလုပ်ခလစာကို ပြင်ဆင်သတ်မှတ်ပေးရမယ့်ကာလက နီးသထက်နီးလာပြီ။ ဒီလိုပြင်ဆင်သတ်မှတ်တဲ့အခါမှာတော့ ဘယ်လောက်ဘယ်ရွေ့ ဆိုတာမျိုး ကျွန်မတို့ထည့်သွင်းတောင်းဆိုအသံထုတ်တာမျိုးလုပ်မှာ မဟုတ်ပါဘူး။ တောင်းဆိုတဲ့နေရာမှာ ခေတ်နဲ့လျော်ညီတဲ့ အနိမ့်ဆုံးလုပ်ခလစာဆိုတာမျိုးကိုပဲ ထည့်သွင်းတောင်းဆိုသွားမှာပါ" ဟု မမိုးစန္ဒာမြင့်က ပြော သည်။

တောင်းဆိုမှုကို လှိုင်သာယာမြို့နယ်အတွင်း ပြုလုပ်မည်ဖြစ်ပြီး ဇန်နဝါရီ ၁၉ ရက်တွင် စတင်ပြုလုပ်သွားမည်ဖြစ်သည်။ ထိုကဲ့သို့ စုပေါင်း တောင်းဆိုမှုတွင် အလုပ်သမားဦးရေ ငါးထောင်ကျော်အထိ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အနိမ့်ဆုံးလုပ်ခလစာဥပဒေအားနှစ်နှစ် တစ်ကြိမ်ပြင်ဆင်ပြောင်းလဲသတ်မှတ်ရန် ပြဋ္ဌာန်းထားပြီး ဒုတိယအကြိမ်တွင် ကျပ် ၃,၆၀၀ မှ ၄,၈၀၀ သို့တိုးမြှင့် သတ်မှတ်နိုင်ခဲ့သည်။ ယခုအခါတွင် ကျပ် ၄,၈၀၀ မှ တစ်နာရီလျှင် ကျပ် ၁,၀၀၀ နှုန်းဖြင့် တစ်ရက်လျှင် အနိမ့်ဆုံးလုပ်ခလစာအဖြစ် ကျပ် ၈,၀၀၀ ပေးချေရန် တောင်းဆိုထားကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်အနေဖြင့် လက်ရှိအိမ်နီးချင်းနိုင်ငံများ၏ အနိမ့်ဆုံးလုပ်ခလစာနှုန်းထားများ၊ ပြည်တွင်းရှိ တစ်ကိုယ်ရေကုန်ကျမှုများဖြင့် စိစစ်တွက်ချက်လျက်ရှိပြီး အနိမ့်ဆုံးလုပ်ခလစာကို ကျပ် ၇,၂၀၀ အဖြစ် အဆိုပြုထားကြောင်း သိရသည်။

မင်းသော်

ဘီလူးငါးကောင် (အာမခံ)
အမျိုးသား(အထူး)အားဆေး နံနက်(၉)နာရီ မှ ညနေ(၆)နာရီထိ ပိတ်ရက်မရှိဆေးတိုက်ဖွင့်သည်။
ပန်းသေပန်းညှိုး၊ အကြောအားနည်း၊ အကြောမသန်၊ သုတ်အားနည်း၊ သုတ်လွှတ်မြန်၊ သုတ်မထိန်းနိုင်၊ ဝိန်လိုသေး ကွေးရောဂါများ အမြန်ဆုံး သက်သာ ပျောက်ကင်းစေရမည်။ အမှတ် ၃၄၄၊ (ပထမထပ်)၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။ ၀၁-၃၈၉၀၉၃၊ ၀၉ ၄၄၃၀၅၀၃၇၅ (ကြိုတင်ငွေလွှဲစနစ်ဖြင့် မှာယူနိုင်ပါသည်။)

EDITORIAL

# လောကနှင့် ဘဝ



လောကဆိုသည်မှာ မိမိရပ်တည်ရှင်သန်နေထိုင်ရာနေရာ၊ ဘဝဆိုသည်မှာ ထိုနေရာတွင်ရှင်သန်နေသော မိမိတို့ဘဝဖြစ်သည်။ လောကနှင့်ဘဝ တစ်ထပ်တည်းကျ၍ သဟဇာတဖြစ်မှသာ ထိုလောက၊ ထိုဘဝတွင် ရှင်သန်ရကျိုးနပ်ပေမည်။ အဓိပ္ပာယ်ရှိသောလောကတွင် အဓိပ္ပာယ်ရှိသောဘဝများ ရှင်သန်ကြရသည်။ အဓိပ္ပာယ်မဲ့သောလောကတွင် အဓိပ္ပာယ်မရှိသောဘဝများ ရှင်သန်ကြရသည်။

လူသားအားလုံးသည် အဓိပ္ပာယ်ရှိစွာဖြင့် ဘဝကို ရှင်သန်ဖြတ်သန်းကြရခြင်းသာအကောင်းဆုံးဖြစ်သည်။ ပြည်ထောင်စုဖွား မြန်မာနိုင်ငံမျိုးနွယ်စုဖွားအားလုံးတို့သည် သုခချမ်းသာကို မြတ်နိုးကြသူများဖြစ်သည့်အားလျော်စွာ ဤလူ့ဘောင်လောကတွင် ငြိမ်းချမ်းသာယာစွာဖြင့် ရပ်တည်နေထိုင်လိုကြသည်။ သို့သော် လိုချင်သောဆန္ဒအပြည့်အဝမရသေးသည်မှာ အဓိပ္ပာယ်မရှိသောလောက၌ နေထိုင်ရ၍မဟုတ်ဘဲ မိမိတို့အနေဖြင့် သတိသမ္ပဇဉ်အားနည်းသောကြောင့်ဟု ဆိုချင်သည်။

မိမိတို့ဘဝ၊ မိမိတို့လောက အဓိပ္ပာယ်ရှိစေရန်မှာ မိမိတို့၏ သတိသမ္ပဇဉ် အားကောင်းအောင် ပြုလုပ်ရမည်ဖြစ်သည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသောအခါ၌ နှစ်ဟောင်းမှ ဘဝအကြောင်းများ၊ နှစ်ဟောင်းမှ လောကအကြောင်းများကို ပြန်လည်မြည်းတွန်တောက်တီး ရှာဖွေဖော်ထုတ်ပြောဆိုနေကြသည်။ လူ့သဘာဝအရ အတိတ်ကိုပြန်လည်ပြောဆိုကြရာ၌ အကောင်းထက် အဆိုးကိုပြောဆိုရသည်မှာ ခံတွင်းတွေ့သည့်အလား မြိန်ရေရှက်ရေ ပြောဆိုတင်ပြကြသည်။ ဘဝတစ်ခု၊ လောကတစ်ခု နာသည်ထက်နာအောင်ပိုမိုချဲ့ထွင်ပြောဆိုချင်ကြသည်။

အမှန်တကယ်တွင် ကောင်းမွေ၊ ဆိုးမွေ။ ဖြစ်ခြင်း၊ ပျက်ခြင်းတို့သည် ဘဝတစ်ခုကြောင့်လည်းမဟုတ်၊ လောကတစ်ခုကြောင့်လည်းမဟုတ် သင်္ခါရသဘောအတိုင်းသာဖြစ်ပျက်နေခြင်းနှင့် မိမိတို့က ပြုပြင်စီမံခြင်းဖြစ်သည်။ ထိုဖြစ်ပျက်နေသည့်သဘောကို ချဲ့ထွင်ခံစားဖွင့်ဆို၊ တုံ့ပြန်သက်ရောက်မှုများကြောင့် အဓိပ္ပာယ်ရှိခြင်း၊ အဓိပ္ပာယ်မဲ့ခြင်းတို့ဖြစ်လာရသည်။ လောကတွင် ကောင်းမွန်ခြင်းထက် ဆိုးရွားခြင်းမှာ ပိုများသည်ဟုဆိုရာ၌ ကောင်းသတင်းကို ဆောင်ကြဉ်းသည်ထက် မကောင်းသတင်းကို ပိုမိုဆောင်ကြဉ်းကြသောကြောင့်ဖြစ်သည်။

လောကတွင် အကောင်းအဆိုး နှစ်တန်ရှိရာ၌ လောကကြီးတည်ငြိမ်စွာ ရပ်တည်နေသရွေ့ အကောင်းတို့သာ ပိုများသည်ဟုဆိုရမည်ဖြစ်သည်။ သို့သော် အကောင်းဟူသမျှကို မသိရ၊ အဆိုးဟူသမျှသာ သိနေရသည်။ လူတို့သဘာဝအရလည်းကောင်း၊ သိလိုမှုအရလည်းကောင်း အကောင်းထက် အဆိုးကိုသာ သိလိုကြသည်။ အကောင်းထက်အဆိုးကို ကြားလို၊ သိလို၊ ပြောဆိုလိုကြသည်။ မကောင်းသတင်းသည် နားခါးသည်ဟုဆိုသော်လည်း ကောင်းသတင်းထက် မကောင်းသတင်းကို ပိုသိလိုကြသည်။

ကုန်လွန်ခဲ့သော နှစ်အတွင်း မကောင်းသတင်းများသာရှိသည်မဟုတ်ဘဲ ကောင်းသတင်းများလည်း ပိုမိုများပြားစွာရှိခဲ့ပေသည်။ သို့သော် လူအများ၏ စိတ်ဝင်စားခြင်းမြင့်မားမှုမှာ ကောင်းသတင်းထက် မကောင်းသတင်းဘက်၌သာ ပိုသည်ဖြစ်၍ စီးပွားရေးအရ လူအများစိတ်ဝင်စားသော မကောင်းသတင်းဘက်သို့ လိုက်ကြ၊ ရေးကြ၊ ထုတ်ဖော်ကြရသည်။ သို့နှင့် လောကနှင့်လူ့ဘဝအတွက် သတိသမ္ပဇဉ်အားနည်းသည်ထက် အားနည်း၍နေလေတော့သည်။

ထို့ကြောင့် သတိသမ္ပဇဉ်ကို တိုးမြှင့်လေ့ကျင့်ပြီး မလုပ်သင့်သည်တို့ကို ရှောင်ရှား၍ လုပ်သင့်သည်တို့ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ သို့မှသာ မိမိတို့မျှော်လင့်ထားသည့် ချမ်းသာသုခနှင့် ငြိမ်းချမ်းမှုကို ရရှိစေမည်ဖြစ်သည်။ မလုပ်သင့်သည်ကို လုပ်နေသမျှ၊ လုပ်သင့်သည်ကို မလုပ်သေးသမျှ မည်သူမျှ သုခချမ်းသာကို ရရှိကြမည်မဟုတ်ပေ။ မလုပ်သင့်သည်တို့ကို လုပ်နေသမျှ ဆိုးကျိုးနှင့်သာကြုံတွေ့ရမည်ဖြစ်ပြီး လုပ်သင့်သည်တို့ကို မလုပ်သမျှ ကောင်းကျိုးချမ်းသာတို့နှင့်ဝေးနေမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် လောကနှင့်ဘဝသည် သူ့သဘာဝအတိုင်း၊ သင်္ခါရသဘောတရားအတိုင်း ဖြစ်ပျက်နေခြင်းသာဖြစ်ပြီး ကောင်းဆိုးနှစ်တန်ကို မိမိတို့ကသာ ဖန်တီးနေခြင်းသာဖြစ်သည်။ လုပ်သင့်သည်တို့နှင့် မလုပ်သင့်သည်တို့ကို ခွဲခြားရှုမြင်ခြင်း၊ ခွဲခြားလုပ်ကိုင်ခြင်း၊ ချင့်ချိန်မျှော်တွေးခြင်းမရှိသောကြောင့် စိတ်ပျက်ဖွယ်ကောင်းသော နှစ်ဟောင်းများ၊ စိန်ခေါ်မှုများသောနှစ်သစ်များဟူ၍ ပညတ်ခြင်းဟု ရှုမြင်ပါကြောင်းနှင့် လောကသည်လောက၊ ဘဝသည် ဘဝသာဖြစ်ပါကြောင်း။ ။



## နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်စတင်

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်ညက ပြည်သူ့ရင်ပြင်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင် ပထမနေ့ ဗန်းမော်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသတရားပွဲသို့ လာရောက်တရားနာယူသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ကျော်သူမြင့်မိုး

# ဓမ္မ အမေးအဖြေ

**ဆရာခင်ဗျား**

**ဘုရားရှင်များ ပွင့်တော်မူခဲ့ကြသည်မှာ ဂင်္ဂါဝါဠု သဲစုမကရှိပြီဟုသိရပါသည်။ ယင်းဘုရားရှင်တို့သည် တစ်ဆူနှင့်တစ်ဆူ ကွဲပြားတဲ့အရာများရှိပါသလား။**

မြတ်စွာဘုရားရှင်တို့ရဲ့ ဘုန်းတန်ခိုးအာနုဘော် ကျေးဇူးတော်၊ ဂုဏ်တော်တို့မှာ တစ်ဆူနဲ့တစ်ဆူ တစ်စုံတစ်ရာထူးခြားခြင်းမရှိပါဘူး။ ပကတိမခြားအားလုံးအတူတူပင်ဖြစ်ပါတယ်။

ခေတ်၊ အချိန်အခါလိုက်၍ ကွဲပြားခြားနားပြီး မတူတဲ့အရာ (၈) မျိုးရှိပါတယ်။ အဲဒါတွေကတော့ -

| | | |
|---|---|---|
| ၁။ | အာယုဝေမတ္တ | ▪ အသက်တမ်းပမာဏ |
| ၂။ | ပမာဏဝေမတ္တ | ▪ လုံးရပ်ပမာဏ |
| ၃။ | ကုလဝေမတ္တ | ▪ မျိုးနွယ်ပမာဏ |
| ၄။ | ယာနဝေမတ္တ | ▪ တောထွက်တဲ့အခါ စီးသည့်ယာဉ် |
| ၅။ | ဗောဓိဝေမတ္တ | ▪ ဗောဓိပင် |
| ၆။ | ပလ္လင်္ကဝေမတ္တ | ▪ ပလ္လင်တော်ပမာဏ |
| ၇။ | ပဓာနဝေမတ္တ | ▪ ဒုက္ကရစရိယာကျင့်ရာကာလ |
| ၈။ | ရသ္မိဝေမတ္တ | ▪ ရောင်ခြည်တော်ပမာဏ တို့ဖြစ်ပါတယ်။ |

အဲဒီ(၈)မျိုးမှလွဲရင် မြတ်စွာဘုရားကိုယ်တော်ရဲ့ လက္ခဏာတော်ကြီးငယ်အားလုံးအတူတူပင်ဖြစ်ပါတယ်။

ဟောကြားတော်မူတဲ့တရားရဲ့ အနှစ်သာရများလည်း အတူတူပင်ဖြစ်ပါတယ်။ ပိုသွားခြင်း၊ လိုနေခြင်းမရှိဘဲ အားလုံးပြည့်စုံပါတယ်။ သက်တမ်းတစ်သိန်းတမ်းမှာ ပွင့်တော်မူတဲ့ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့တရားနဲ့ သက်တမ်းတစ်ရာတမ်းမှာ ပွင့်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့တရား အတူတူပင်ဖြစ်ပါတယ်။ အသက်တစ်သိန်းတမ်းမှာ ပွင့်တော်မူတာကြောင့် တစ်လမှာ တစ်ဂါထာ၊ တစ်နှစ်မှာတစ်ဂါထာ ဟောတော်မူခဲ့ရခြင်း ရှိချင်ရှိပါမယ်။

ဂေါတမမြတ်စွာဘုရားရှင်ဟာ သက်တမ်းတစ်ရာတမ်းမှာ ပွင့်တော်မူတဲ့အတွက် တရားတော်များကို အလုံးစုံပြည့်စုံအောင် နေ့နေ့ညည ညဉ့်ဦး၊ ညဉ့်လယ်၊ အရုဏ်တက် စသဖြင့် (၄၅) ဝါပတ်လုံး မနားမနေဟောကြားတော်မူခဲ့ပါတယ်။

**မဟာဓမ္မာစရိယ ဦးသိန်းထွန်း ဖြေကြားသည်။**

## ဘဝနှင့် စိတ်ပိုင်းဆိုင်ရာ ဓမ္မအတွေးအမြင်များ

လူ့ဘဝ အချိန်အကန့်အသတ်
ရှိတယ်ဆိုတာကို မေ့တဲ့သူတွေက
ဘာမှ မဟုတ်တာလေးနဲ့
အတင်းတွေပြော
ဘာမှ မဟုတ်တာလေးနဲ့
စိတ်တွေဆိုး
ဘာမှ မဟုတ်တာလေးနဲ့
Facebook ပေါ်မှာ သွားပေါက်ကွဲတယ်။
အဲဒါ **သေခြင်းတရား** ရှိတယ်ဆိုတာ မေ့သွားလို့။

**အောက်စဖို့ဒ်ဆရာတော်**
**ရန်ကုန်။ (၁၁-၅-၂၀၁၈)**

## ဤမှာဘက်ကမ်းဆီသို့သာ

လူအပေါင်းတို့တွင် သံသရာတည်းဟူသော သမုဒ္ဒရာ၏
ထိုမှာဘက်စွန်း နိဗ္ဗာန်ကျွန်းသို့ ကူးမြောက်သောသူ
နည်းပါးကုန်၏၊ နိဗ္ဗာန်မရောက်ဘဲ ကျန်နေကြသော
လူအများတို့သည် သက္ကာယဒိဋ္ဌိတည်းဟူသော
ဤမှာဘက်ကမ်းသို့သာ အလျင်အမြန် ပြန်လာကုန်၏။

**(ဓမ္မပဒ)**

Few among men
are those
who cross to the farther shore.
The rest, the bulk of men,
only run up and down the hither bank.
**(Dhamma Pada)**

# မန္တလေး 2020 NEW YEAR Countdown တွင် ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြား

မန္တလေး ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် 2020 NEW YEAR Countdown ကို ဒီဇင်ဘာ ၃၁ ရက်က ၂၆ လမ်းကျုံးဘေးတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးပရိသတ်အား နှုတ်ခွန်းဆက်စကားပြောကြားကြောင်း သိရသည်။



"မြို့တော်သူ မြို့တော်သားတွေနဲ့အတူ နှစ်သစ်ကိုကြိုဆိုတဲ့ပွဲပါ။ မြို့တော်စည်ပင်ရုံးမျက်နှာစာမှာ ည ၉ နာရီကစပြီး အဆိုတော်တွေနဲ့ ဖျော်ဖြေပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် ဒီပွဲမှာ ပြည်သူတွေနဲ့တွေ့ဆုံပြီး နှုတ်ခွန်းဆက်စကားပြောကြားပါတယ်။ 2020 New Year Countdownကို ပြည်သူတွေနဲ့အတူ နှစ်သစ်ကို အားရပါးရကြိုဆိုကြမှာပါ"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောသည်။

မန္တလေးမြို့ ၂၆လမ်း မြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့တွင် နှစ်သစ်ကိုကြိုဆိုနိုင်ရန် 2020 NEW YEAR Countdown ကို ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အတူ တိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ကော်မတီဝင်များက ပြည်သူများနှင့်အတူ နှစ်သစ်ကို ကြိုဆိုဆင်နွှဲကြကြောင်း သိရသည်။

လှိုင်ထွေးအောင်

မြန်မာတိုင်းမ် ကာတွန်း








BAGAN STAR HOTEL

By JW Hospitality Management

Anawrahta Road, Zayawaddy Qtr, Nyaung U (Bagan).
Tel: + 95 9 783 888 808, 780 877 778
baganstarhotel@gmail.com, jwhmconsultancy@gmail.com

EXPLORE. DREAM. DISCOVER.



သမိုင်းဝင် ပုဂံ ညောင်ဦးဒေသက Bagan Star ဟိုတယ်ဟာ ခေတ်မီလှပပြီး၊ လေဆိပ်နဲ့ အဓိက လည်ပတ်စရာ နေရာတွေမှ ၁၀ မိနစ် ခရီးအကွာအဝေးမှာ ရှိပါတယ်။ ပုံမှန် လေယာဉ်ခရီးစဉ်အဖြစ် ရန်ကုန်–ပုဂံ၊ မန္တလေး–ပုဂံနဲ့ မြန်မာနိုင်ငံက တခြားမြို့ကြီးတွေကို ဆက်သွယ်ထားပါတယ်။ အခန်းပေါင်း ၈၁ ခန်း ပါရှိပြီး အခန်းတိုင်းကို အဲကွန်းတပ်ဆင်ထားပြီး သီးသန့် ဝရန်တာတစ်ခုစီ ပါရှိတယ်။ ဟိုတယ်တည်ဆောက်ရာမှာ နေအပူဒဏ်ကာကွယ်ဖို့ အမိုး၊ လေဝင်လေထွက် နှစ်ထပ်ပါတဲ့အမိုးစတဲ့ သက်ရှိဇီဝနဲ့ ရာသီဥတု အပြန်အလှန် သက်ရောက်မှု အခြေခံသဘောတရားတွေပါ ထည့်သွင်းတွက်ချက် တည်ဆောက်ထားပါတယ်။
ခမ်းနားလှတဲ့ ရှေးဟောင်းဘုရားစေတီတွေဆီကို သွားရောက် လည်ပတ်နိုင်တဲ့အပြင် ဒေသတွင်းက အဖိုးတန်ယဉ်ကျေးမှုအမွေအနှစ်တွေကိုလည်း ရှာဖွေလေ့လာနိုင်တာကြောင့် Bagan Star ဟိုတယ်ဟာ အနားယူအပန်းဖြေဖို့အတွက်အကောင်းဆုံးနေရာပါပဲ။

www.baganstarhotel.com










# ကရင်ပြည်နယ် ဇွဲကပင်တောင်တက်ပြိုင်ပွဲ ပြိုင်ပွဲဝင် ၁၃၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်




**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ကကြီးမှူး၍ ဒေသတွင်းလူငယ်များအကြား မူးယစ်ဆေးဝါး ကင်းစင်ရေး၊ တောင်တက်အားကစားကဏ္ဍ ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်တတ်စေရေးတို့အတွက် ပထမအကြိမ် ဇွဲကပင်တောင်တက်ပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက် နံနက် ၅ နာရီက ဇွဲကပင်အရှေ့ခြမ်းတောင်ခြေ ခလောက်နို့ သစ်ချရွာမှ စတင်တာလွှတ်ကျင်းပခဲ့ရာ ဒေသတွင်း တောင်တက်အားကစားဝါသနာရှင်များ၊ နိုင်ငံခြားခရီးသွားဧည့်သည်များ၊ ပြည်နယ်နှင့် တိုင်းများမှ ဝါသနာရှင်များ စုစုပေါင်း လူဦးရေ ၁၃၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဝင်အားကစားသမားများ ဘေးအန္တရာယ်ကင်းရှင်းစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ဒေသတွင်းအရပ်ဘက်ကူညီရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများက တောင်တက်လမ်းတစ်လျှောက်နှင့် ပန်းဝင်နေရာများတွင် အစားအသောက်နှင့်ဆေးဝါးများ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲကိုရည်ရွယ်ချက် (၄) ချက်နဲ့ ကျင်းပပေးတာပါ။ ဒေသတွင်းလူငယ်တွေ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေဖို့ တောင်တက်အားကစားကို စိတ်ပါဝင်စားကြဖို့၊ ဒေသတွင်းက လေ့လာစရာကောင်းတဲ့ ရေမြေတောတောင်သဘာဝတွေကို ချစ်မြတ်နိုးတတ်ဖို့၊ ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာဖို့ အဲဒီလိုရည်ရွယ်ချက်တွေနဲ့ ပြည်နယ်ဝန်ကြီးချုပ်က အလေးထားရည်ရွယ်ပြီး ကျင်းပတာပါ"ဟု ကရင်ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီမှ တာဝန်ရှိသူ ဦးစတင်အောင်မြင့်က ပြောသည်။

ဇွဲကပင်တောင်တက်ပြိုင်ပွဲကို အသက်(၄၀)အထက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အသက်(၄၀)အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားလေးမျိုးခွဲ၍ ကျင်းပခဲ့ကြောင်းသိရပြီး ဆုရရှိသူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ်က ဆုများကို ထိုက်တန်စွာချီးမြှင့်ပေးခဲ့သည်။ **သက်ဦးနိုင် (မြဝတီ)**

# အသေးစားနှင့် အလတ်စားလုပ်ငန်းများ ငွေကြေးလည်ပတ်မှုကောင်းမွန်ကာ မြန်မာ့စီးပွားရေးတိုးတက်လာစေရေး ဘဏ်တိုးနှုန်းများ လျှော့ချပေးရန်လိုဟုဆို

**ရန်ကုန် ဇန်နဝါရီ ၁**

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ငွေကြေးလည်ပတ်မှုကောင်းမွန်ကာ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်တိုးနှုန်းများလျှော့ချပေးရန်လိုအပ်လျက်ရှိကြောင်း ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

"ဘဏ်တိုးနှုန်းတွေကို ဒီထက်မက ချပေးဖို့နဲ့ တခြားနိုင်ငံတွေမှာ ကနေဒါနဲ့ ဗြိတိန်တို့ကလွဲရင် နိုင်ငံပေါင်း ၁၀၀ မှာ ဘဏ်တိုးနှုန်းတွေချပေးတယ်။ ဘဏ်တိုးနှုန်းချပေးပြီးတော့ စီးပွားရေးမှာ လုပ်သာကိုင်သာရှိအောင် လုပ်ပေးတယ်။ ဒါလေးတွေကိုလည်း အတုယူပြီးတော့ လုပ်ဆောင်ဖို့လိုပါတယ်။ အိန္ဒိယနိုင်ငံမှာ အတိုးနှုန်းတွေကို ချပေးတာ ငါးကြိမ်ရှိပြီ။ နိုင်ငံရဲ့အရှေ့မှာ ဒါတွေကိုလုပ်ဖို့လိုပါတယ်"ဟု ၎င်းက ပြောသည်။

အသေးစား၊ အလတ်စားလုပ်ငန်းများမှာ နိုင်ငံ့စီးပွားရေးတိုးတက်ရန် လွန်စွာအရေးကြီးသည့်အတွက် ယင်းတို့၏လုပ်ငန်းများ ကောင်းစွာလည်ပတ်နိုင်ရန်အတွက် ဘဏ်ချေးငွေများထုတ်ပေးခြင်း၊ ဘဏ်တိုးနှုန်းများချပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကူညီရာရောက်ကြောင်း ၎င်းကပြောသည်။

"အခုဘဏ်တိုးက ၁၃ ရာခိုင်နှုန်း အတိုးနှုန်းချပေးလိုက်ရင် အသေးစား၊ အလတ်စားလုပ်ငန်းတွေရဲ့ ငွေကြေးလှည့်ပတ်မှုက ပိုကောင်းလာမယ်။ သူတို့ရဲ့ လုပ်ငန်းကို တွန်းအားပေးသလိုလည်း ဖြစ်လာမယ်။ အခုအတိုးနှုန်းအနေနဲ့ အမြင့်ဆုံးဖြစ်တဲ့အတွက် သူတို့မှာ ဝန်ထုပ်ဝန်ပိုးဖြစ်တာပါ။ မြန်မာနိုင်ငံမှာ အပေါင်ခံမရှိဘဲနဲ့ သူတို့ရဲ့လုပ်ငန်းကိုကြည့်ပြီး ငွေချေးပေးတာမျိုး အခြားနိုင်ငံတွေလိုမရှိဘူး။ အဲ့ဒီအတွက် သူတို့အနေနဲ့ စိတ်ကူးစိတ်သန်းသာရှိပြီးတော့ အကောင်အထည်မဖော်နိုင်ဘဲ အိပ်မက်တစ်ခုပဲ ဖြစ်နေတာပါ။ အသေးစားနဲ့ အလတ်စားလုပ်ငန်း တော်တော်များများက စိတ်ကူးပဲရှိပြီး အကောင်အထည်မဖော်နိုင်တော့ တိုင်းပြည်က တိုးတက်သင့်သလောက် မတိုးတက်ဘူး"ဟု ဒေါက်တာမောင်မောင်လေးက ဆက်လက်ပြောသည်။

အိန္ဒိယနိုင်ငံ၌ ဘဏ်တိုးနှုန်းကို ငါးရာခိုင်နှုန်းသို့ ချပေးလိုက်ပြီး အင်ဒိုနီးရှားနိုင်ငံတွင်လည်း ဘဏ်တိုးနှုန်းများချပေးလျက်ရှိကြောင်း၊ ကနေဒါနှင့် ယူကေတို့မှလွဲ၍ နိုင်ငံပေါင်း ၁၀၀ က စီးပွားရေးရပ်တန့်ခြင်းနှင့် စီးပွားရေးကျဆင်းမှုများကို ကြိုတင်မြင်သည့်အတွက် ဘဏ်တိုးနှုန်းများချပေးခဲ့ကြောင်း ၎င်းကပြောသည်။ **အောင်လွန်း**

**ဇန်နဝါရီ ၁ ရက် ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးနှုန်းများ**

| စဉ် | ကုန်စည်အမည် | ရေတွက်ပုံ | လက်ကားဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | ရွှေဘိုပေါ်ဆန်းဆန် | တစ်အိတ် | ၅၅၀၀၀ | |
| ၂ | ကျိုက်လတ်ပေါ်ဆန်းရင်(အသစ်) | တစ်အိတ် | ၂၄၀၀၀ | |
| ၃ | နှံ့ဆန်ကြမ်း | တစ်အိတ် | ၂၂၅၀၀ | |
| ၄ | မိုးဆန်ကြမ်းသစ်(ပြည်ပပို့ဆန်) | တစ်အိတ် | ၁၇၀၀၀ | |
| ၅ | မြေပဲဆီ | တစ်ပိဿာ | ၇၀၀၀ | |
| ၆ | စားအုန်းဆီ | တစ်ပိဿာ | ၂၀၄၅ | စာရွက်ဈေး |
| ၇ | ကြက်သွန်နီ(ဆိပ်ဖြူ) | တစ်ပိဿာ | ၁၀၀၀-၁၆၀၀ | |
| ၈ | ကြက်သွန်နီ(မြင်းခြံ) | တစ်ပိဿာ | ၁၃၀၀-၁၇၅၀ | |
| ၉ | ရှမ်းကြက်သွန်ဖြူ(အောင်ပန်း) | တစ်ပိဿာ | ၂၂၀၀-၃၄၀၀ | |
| ၁၀ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၂၉၅၀ | |
| ၁၁ | အာလူး(တရုတ်) | တစ်ပိဿာ | ၆၃၀ | |
| ၁၂ | အိန္ဒိယငရုတ်ရှည် | တစ်ပိဿာ | ၇၂၀၀ | |
| ၁၃ | အိန္ဒိယမိုးငရုတ်ရှည် | တစ်ပိဿာ | ၈၀၀၀ | |
| ၁၄ | စ-က ငရုတ်မှု | တစ်ပိဿာ | ၄၇၀၀ | |
| ၁၅ | သကြား | တစ်ပိဿာ | ၉၄၀ | |
| ၁၆ | ညောင်ဦးဆေးခတ်ထန်းလျက် | တစ်ပိဿာ | ၁၈၃၀ | |
| ၁၇ | မန်ကျည်း(ပွင့်ကပ်) | တစ်ပိဿာ | ၁၈၀၀ | |
| ၁၈ | ကြံသကာ | တစ်ပိဿာ | ၁၄၅၀ | |
| ၁၉ | မတ်ပဲRC | တစ်တန် | - | |
| ၂၀ | ပဲစင်းငုံနီRC | တစ်တန် | - | |

# စာကြည့်တိုက်နည်းဥပဒေပြင်ဆင်ရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေလက်ထဲတွင်ရှိကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ်ပြော

**စစ်ကိုင်း ဇန်နဝါရီ ၁**

စာကြည့်တိုက်နည်းဥပဒေပြင်ဆင်ရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေလက်ထဲတွင်ရှိနေကြောင်း ဘုတလင်မဲဆန္ဒနယ် အမှတ် (၂) စစ်ကိုင်းတိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇေလင်းမောင်က ဇန်နဝါရီ ၁ ရက်က ပြောသည်။

"စစ်ကိုင်းတိုင်းထဲမှာ စာကြည့်တိုက်လုပ်ငန်းကို ကိုယ့်အားကိုယ်ကိုးလုပ်နေကြတဲ့သူတွေအတွက် တိုင်းအစိုးရနဲ့ လွှတ်တော်က စာကြည့်တိုက်ဥပဒေကို ပြင်ဆင်နေကြပါတယ်။ အခုဥပဒေကပြီးပြီ။ နည်းဥပဒေလုပ်ဖို့ အခက်အခဲလေးတွေရှိနေတယ်။ နည်းဥပဒေက ဘာလို့ခက်နေလဲဆိုတော့ တိုင်းအနေနဲ့ ရေးဆွဲခွင့်ရှိတဲ့ဥပဒေဖြစ်ပေမယ့် ဦးစီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရက တိုက်ရိုက်ကိုင်တွယ်တဲ့အခြေအနေဖြစ်နေတဲ့အတွက် ဦးစီးဌာနအနေနဲ့ လုပ်ရခက်တယ်ဆိုတာမျိုး ဖြစ်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးကတော့ သဘောတူပြီးပါပြီ။ အခြေအနေက နောက်ဆုံးအရေးပါတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေလက်ထဲမှာရှိနေတာပါ။ လက်ရှိအခြေခံဥပဒေက တချို့ဥပဒေက တိုင်းဒေသကြီးကို လုပ်ပိုင်ခွင့်ပေးထားပေမယ့် တချို့ဥပဒေက ပြည်ထောင်စုနဲ့ သဟဇာတမဖြစ်တာတွေ၊



လုပ်ပိုင်ခွင့်လွဲချော်နေတာတွေ ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စုမှာပြင်ဆင်ဆဲဖြစ်ပါတယ်"ဟု ဒေါက်တာဇေလင်းမောင်က ပြောသည်။

မုံရွာမြို့ ဆုတောင်းပြည့်ဘုရား ပိဋကတ်စာကြည့်တိုက် နှစ် (၂၀) ပြည့်အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းကကျင်းပရာ ဒေါက်တာဇေလင်းမောင်က အထက်ပါအတိုင်း ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်းလွှတ်တော်အနေဖြင့် စာကြည့်တိုက်ဥပဒေကို ပြင်ဆင်ရန် ကိုယ်စားလှယ်များအနေဖြင့်ဝန်းရံခဲ့ကြပြီး ဥပဒေပြင်ဆင်ခွင့်ရ၍ပြင်ဆင်ပြီးဖြစ်သော်လည်း နည်းဥပဒေကို တိုင်းလွှတ်တော်အနေဖြင့်လုပ်၍မရသည့်အတွက် စစ်ကိုင်းတိုင်းအစိုးရကသာလျှင် ဦးဆောင်ပြီးလုပ်ဆောင်ရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်က ပြောသည်။

"ဥပဒေသစ်က ဘာတွေအားသာသလဲဆိုရင် အရင်တုန်းက စာကြည့်တိုက်တွေကို ချုပ်ကိုင်ထားတာ။ စာကြည့်တိုက်နဲ့ ပတ်သက်တဲ့အချက်အလက်တွေကစပြီး အစိုးရဌာနတွေက ချုပ်ကိုင်ထားခဲ့တာပါ။ ဝါသနာအရ စာအုပ်တွေကို စက်ဘီးပေါ်တင်၊ ရွာစဉ်လိုက်သွားပြီး စာပေပြန့်ပွားအောင်လုပ်တာကိုတောင် တားမြစ်တာ၊ ဟန့်တားတာတွေ ရှိခဲ့တယ်။ အခုအသစ်ရေးဆွဲထားတဲ့ဥပဒေမှာ အဲဒါတွေမရှိတော့ပါဘူး" ဟု ဒေါ်အောင်ကြည်က ပြောသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

MCM
Myanmar Consolidated Media Co., Ltd.
**စီမံခန့်ခွဲမှုအရာရှိချုပ်** - ဝေလင်း
uwailinn54@gmail.com
**အကြံပေး**
ဟန်နရီဘင် newsroom.mcm@gmail.com
**စာတည်းမှူး**
နွယ်ဦးလှိုင် nweoohlaing@gmail.com
**စာတည်း**
မင်းဗညား၊ ကျော်ကျော်ဦး၊ မြကေခိုင်စိုး
**လက်ထောက်စာတည်း**
ရဲလွင်အောင်၊ သန်းထိုက်စိုး၊ ပြည့်ဖြိုး၊ ကျော်ထင်
**အွန်လိုင်းအယ်ဒီတာ**
အေးဖြူဖြူ ayephyu.ygn@gmail.com
**နေပြည်တော်သတင်းထောက်ချုပ်**
စွမ်းရဲထွဋ် swanyehtut@gmail.com
**အကြီးတန်းသတင်းထောက်**
နိုင်အောင်၊ ထက်စိုးလင်း၊
မင်းဝသန်၊ စောဝဏ္ဏ
**သတင်းထောက်**
ကျော်စိုးမိုး၊ ယဉ်ပပထွန်း၊ စန်းမြင့်ဌေး၊ ကျော်သူစိုး၊
သူရမင်းဇော်၊ အောင်လွန်း၊ ကျော်သူမြင့်စိုး၊ နှင်းနှင်းအောင်
**စာပြင်အဖွဲ့**
ဝင်းအောင်၊ စိုးမိုးအောင်၊ မြင့်ရွှေ
သီတာဦး၊ ခင်နှယ်ထွေး၊ သီဂီနန္ဒာစိုး၊ သူသူစိုး
**မန်နေဂျာ(ပုံနှိပ်စက်)**-ခင်မောင် kmppaky@gmail.com
**ထုတ်လုပ်ရေးဌာနတာဝန်ခံ** - အောင်ကျော်ဦး
ako.mmtimes@gmail.com
**ထုတ်လုပ်ရေးဌာနဒုတာဝန်ခံ** - ပြေအေး
**အရောင်းမန်နေဂျာ (ကြော်ငြာ)**
နန္ဒာခိုင် ဖုန်း ၀၉၅၀၈၀၃၂၂၉
ညီညီထွန်း ဖုန်း ၀၉၅၀၀၀၇၄၈
**အရောင်းမန်နေဂျာ(ဖြန့်ချိရေး -ရုံးချုပ်)**
ဒေါ်အေးအေးခိုင် ayeayekhine.mcm@gmail.com
ဖုန်း- ၀၉၄၃၀၄၉၇၈၀၊၀၉၄၄၄၈၁၁၁၄၂၊၀၉၄၄၄၈၁၁၁၄၃
**နေပြည်တော်ဖြန့်ချိရေးဖုန်း** - ၀၉၄၃၀၄၉၇၈၀
**နေပြည်တော်ကိုယ်စားလှယ်**- သူရိန်ဝင်း ၀၉၂၅၀၆၉၂၀၂၃
**မန္တလေးရုံးဖုန်း** - ကျော်ဖြိုးလွင်
၀၉၂၅၈၀၅၉၀၉၃၊ ၀၉၄၃၀၄၉၇၈၀
**ဒီဇိုင်းမန်နေဂျာ** - တင်ဇော်ထွေး
**အိုင်တီမန်နေဂျာ**-ကျော်ဇေယျာလင်း
kyawzayarlin@gmail.com
**ထုတ်ဝေသူ** - ဒေါ်တင်တင်ခိုင်(၀၁၈၉၆)
**ပုံနှိပ်တိုက်** - မြန်မာတိုင်းမ်ပုံနှိပ်တိုက် (၀၀၈၇၆)
mcmprintinghouse@mmtimes.com

www.mmtimes.com
TheMyanmarTimes
myanmar.mmtimes.com
MMTimesWebTV
MyanmarTimesExpress

မြန်မာတိုင်းမ် Myanmar Times Daily
အမှတ် ၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း (၉၅၁) ၂၅၃၆၄၂
၂၅၃၆၅၁၊ ၃၉၂၈၀၈၊ ဖက်စ်(၉၅၁) ၂၅၄၁၅၈၊ ၃၉၂၉၂၈။
၀၉ ၄၄၄၈ ၁၁၁ ၄၉၊ ၀၉ ၄၄၄၈ ၁၁၁ ၅၀၊
mtmdailynewspaper@gmail.com
www.facebook.com/mtmdailynewspaper

# မင်္ဂလာရှိသော သတင်း

**နတ်သျှင် (ရွှေဂူ)**




မကြာခင်ရက်ပိုင်းလေးမှာ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံနဲ့အတူ ကျပ်တစ်ထောင်တန်ငွေစက္ကူတွေကို မြန်မာပြည်သူပြည်သားအားလုံး သုံးစွဲခွင့်ရတော့မယ်လို့ သိရပါတယ်။ ဒီအခွင့်အရေးဟာ မြန်မာပြည်သူပြည်သားတိုင်း ကြည်နူးပြုံးရွှင်စေမယ့် အခွင့်အရေးဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့လူသားတိုင်း အသုံးပြုနေကြသော ငွေသားတိုင်းမှာ သူ့နိုင်ငံ၊ သူ့လူမျိုး၊ သူ့ယဉ်ကျေးမှု၊ သူ့ဘာသာတရားအတိုင်း သင်္ကေတအမှတ်အသားတွေ၊ အထိမ်းအမှတ်တွေကို အမှတ်တံဆိပ်ခတ်နှိပ်ပြီး သုံးစွဲလို့နေကြပါတယ်။ ကျွန်တော်တို့မြန်မာပြည်မှာလည်း ခေတ်အဆက်ဆက်ကစနစ်တွေ၊ အထိမ်းအမှတ်တွေကို သင်္ကေတပြုပြီး ငွေသားစက္ကူပေါ်မှာ ထည့်သွင်းသုံးစွဲလာခဲ့ကြပါတယ်။

ဘယ်လိုပုံကိုပဲ သုံးစွဲသုံးစွဲ၊ ဘယ်လို သင်္ကေတကိုပဲ အသုံးပြုပါစေ ငွေဟာငွေပါပဲလို့တော့ ထင်မြင်ယူဆစရာပါပဲ။ ဒါပေမဲ့ မတူညီနိုင်တာတွေရှိပါတယ်။ သုံးစွဲရာမှာ ငွေသားရဲ့တန်ဖိုးဟာ ပြောင်းလဲမသွားနိုင်ပေမယ့် ငွေသားအတွင်း ငွေစက္ကူမျက်နှာပြင်အထက်မှာ ထည့်ဝင်သုံးစွဲထားတဲ့ သင်္ကေတအမှတ်အသားကြောင့် သုံးစွဲသူတို့ရဲ့ အလေးထားမှုတန်ဖိုးတွေ၊ ကြီးမားသောအတိတ်သမိုင်းတွေဟာ အများကြီးပြောင်းလဲသွားနိုင်ပါတယ်။ "ငွေတန်ဖိုးမပြောင်းလဲပေမယ့် ငွေသားပေါ်မှာ ခတ်နှိပ်ထားတဲ့ပုံကြောင့် လေးစားမှု၊ မြတ်နိုးမှု၊ တန်ဖိုးထားမှု၊ ကျေးဇူးတရားတွေကို အောက်မေ့သိတတ်မှု စတာတွေ ပြောင်းလဲသွားနိုင်တယ်လို့ ဆိုလိုချင်တာဖြစ်ပါတယ်"

မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းဆိုတာ မြန်မာတွေရဲ့နှလုံးသားမှာ အမြဲတမ်းတနေသူဖြစ်ပါတယ်။ သူ့ကျွန်ဘဝရောက်နေတဲ့ မြန်မာပြည်ကို သူတစ်ပါးတို့ရဲ့ လက်အောက်ခံကျွန်ဘဝကနေ လွတ်မြောက်ရအောင် လုပ်ဆောင်ပေးနိုင်သူ၊ ကယ်တင်ပေးခဲ့သူပါ။ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနဲ့ နေထိုင်ခဲ့ကြသော မြန်မာတွေရဲ့ အတိတ်တွေလည်းကောင်းသလို သမိုင်းကြောင်းလှတဲ့ မြန်မာတို့အတွက် ကျွန်စနစ်အောက်မှာ အသက်ရှုနေထိုင်ခဲ့ရတာ အင်မတန်ဆိုးရွားလွန်းလှပါတယ်။

**ဆီးဘန်းနီဆရာတော်က–**
**"ကုန်းဘောင်နေမီး**
**မထိန်ညီးက**
**ထီးသုဉ်း နန်းသုဉ်း**
**မြို့သုဉ်းသုည**
**သုဉ်းသုံးဝဖြင့်**
**သုဉ်းရပြန်လစ်**
**သုဉ်းသည့်ခေတ်တွင်**
**ဖြစ်လာရလေ တို့တစ်တွေမှာ**
**သေသော်မှတည့် ဩော်....ကောင်း၏"** ဟု ညည်းညူတော်မူရှာပါတယ်။

လူမျိုးမတူ၊ ဘာသာမတူ၊ ယဉ်ကျေးမှု မတူညီသော တိုင်းတစ်ပါးသားတို့ရဲ့ အုပ်ချုပ်ခြယ်လှယ်မှုအောက်မှာ မနေထိုင်လိုတာကြောင့်လည်း ရရာလက်နက်ကိုစွဲကိုင်ပြီး အသက်သွေးချွေးတို့ကိုပေးဆပ်ကာ ခေတ်အဆက်ဆက် တိုက်ပွဲဝင်ခဲ့တာလည်း ဖြစ်ပါတယ်။

> "ငွေသားစက္ကူတွေရဲ့ သင်္ကေတအမှတ်အသားမှာ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံထည့်သွင်းလိုက်ခြင်းဟာ ကျေးဇူးရှိတဲ့သူကို ကျေးဇူးသိတတ်စွာနဲ့....

မြန်မာပြည်လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ သူရဲကောင်းများစွာထဲမှာ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းဟာ အထူးထင်ရှားလွန်းသူလည်း ဖြစ်ပါတယ်။ စစ်ပရိယာယ်ကြွယ်ဝသူ၊ ဇွဲသတ္တိရှိသူ၊ လုံ့လဝီရိယစိုက်ထုတ်နိုင်သူ၊ ရဲရင့်ပြတ်သားသူ၊ စေတနာမှန်ကန်သူ၊ စာနာသနားတတ်သူ၊ မိသားစုစိတ်ဓာတ်ရှိသူ၊ အခွင့်အရေးမယူသူ၊ တာဝန်သိပြီး တာဝန်ခံရဲသူ၊ အားမနာတတ်သူအဖြစ် ထင်ရှားကျော်ကြားသူလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေသာမက ရဟန်းရှင်လူပြည်သူတွေ၊ တိုင်းခြား၊ ပြည်ခြားနိုင်ငံတွေကပါ တလေးတစား ဂုဏ်ယူအားကျရသူ ဖြစ်ပါတယ်။ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကျေးဇူးတရားတွေကို မြန်မာပြည်ဖွားတိုင်းရင်းသားတွေနဲ့ သူတော်ကောင်းတွေရဲ့ရင်တွင်းမှာ အစဉ်တမ်းတလွမ်းလျှနေကြပါတယ်။

"မြတ်စွာဘုရားရှင်ရဲ့ ဓမ္မဒေသနာတော်မှာလည်း ကိုယ့်အပေါ်မှာ ပြုခဲ့ဖူးတဲ့ သူတစ်ပါးတို့ရဲ့ ကျေးဇူးတရားကို အမြဲအောက်မေ့မှတ်ထင်နေရမယ်။ ကိုယ်စွမ်းနိုင်တဲ့အခါမှာ ကိုယ့်အပေါ်ပြုဖူးခဲ့သော ကျေးဇူးတရားတွေကို ပြန်လည်ပေးဆပ်ကြရမယ်လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက မင်္ဂလသုတ္တန်ဒေသနာတော်မှာ ဟောကြားတော်မူထားပြီး ဖြစ်ပါတယ်။ မြန်မာလူမျိုးတိုင်းရဲ့ လူ့ကျင့်ဝတ်တွေမှာလည်း အစားအစာ တစ်လုတ်လေးစားဖူးခဲ့ရင်တောင်မှ သူတစ်ပါးရဲ့ကျေးဇူးတရားကို အထူးသိတတ်ရမယ်" လို့ ဆုံးမသွန်သင်ထားပြီး ဖြစ်ပါတယ်။

ဒီနေ့ မြန်မာပြည်သူပြည်သားတွေ ကိုယ်ပိုင်ရေမြေပေါ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ဥပဒေ၊ ကိုယ့်အိုးကိုယ့်အိမ်၊ ကိုယ့်မိသားစုနဲ့ နေထိုင်ရှင်သန်နိုင်ကြခြင်းဟာ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ အနစ်နာခံပေးဆပ်ခဲ့တဲ့ ကျေးဇူးတွေကြောင့်ဆိုတာ မငြင်းသာပါဘူး။ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းလိုမျိုး သူရဲကောင်းအာဇာနည်တွေ မြန်မာပြည်မှာ နောက်ထပ်ပေါ်ထွက်လာနိုင်ဖို့ဆိုရင် မြန်မာပြည်သူပြည်သားတိုင်း သူရဲကောင်း အာဇာနည်တွေရဲ့ ကျေးဇူးဂုဏ်တွေကို အသိအမှတ်ပြုဖို့လိုသလို တန်ဖိုးထားမြတ်နိုးတတ်ဖို့လည်း လိုအပ်ပါတယ်။

ငွေသားစက္ကူတွေရဲ့ သင်္ကေတအမှတ်အသားမှာ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံထည့်သွင်းလိုက်ခြင်းဟာ ကျေးဇူးရှိတဲ့သူကို ကျေးဇူးသိတတ်စွာနဲ့ ကျေးဇူးဆပ်ခြင်းတစ်မျိုးလည်း ဖြစ်သွားပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ မင်္ဂလာတရားတော်အတိုင်း ညွှန်းဆိုရရင် မင်္ဂလာရှိသောမြန်မာလူမျိုးတို့အတွက် မင်္ဂလာရှိသောလုပ်ရပ်၊ မင်္ဂလာရှိသောသတင်းစကားလူသားပီသသော အရာဖြစ်တာမို့ ကျက်သရေအဖြာဖြာနဲ့ ပြည့်စုံတဲ့ မင်္ဂလာသတင်းပါလို့ ညွှန်းဆိုလိုက်ပါတယ်။ ■

# ၂၀၂၀ ရွေးကောက်ပွဲ၌ အစိုးရဖွဲ့နိုင်သည့်ပမာဏရရှိအောင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု NLD ပါတီဆို

ရန်ကုန် ဇန်နဝါရီ ၁

အစိုးရဖွဲ့နိုင်မည့်ပမာဏ ရရှိအောင် ၂၀၂၀ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ဒီဇင်ဘာ ၃၁ ရက်တွင် ပြောသည်။

"၂၀၂၀ ရွေးကောက်ပွဲ အောင်နိုင်ရေးထက် အခုလောလောဆယ်မှာ အောက်ခြေလူထုစည်းရုံးရေးကို ဦးစားပေးပြီး လုပ်နေပါတယ်။ အောင်နိုင်ရေးအပိုင်းကိုတော့ အောင်နိုင်ရေးအဖွဲ့ဖွဲ့ပြီး လုပ်ခိုင်းမှာ ဖြစ်ပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာ အစိုးရဖွဲ့နိုင်တဲ့ပမာဏရဖို့ နေရာတိုင်းမှာ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မြို့ပြနှင့် ကျေးလက်ဒေသများတွင် NLD ပါတီကို ထောက်ခံမှုများပြီး တစ်နိုင်ငံလုံးတွင် NLD ပါတီကို ထောက်ခံသူ ၃၃ ရာခိုင်နှုန်းရှိကြောင်း၊ ပြည်ခိုင်ဖြိုးပါတီကို ထောက်ခံသူ ငါးရာခိုင်နှုန်းသာရှိကာ တိုင်းဒေသကြီးများတွင် NLD ပါတီကို ထောက်ခံမှု အရဆုံး ရာခိုင်နှုန်း ၄၀ ဖြစ်သော်လည်း ပြည်နယ်များတွင် ၁၈ ရာခိုင်နှုန်းပင် မရှိကြောင်းနှင့် ရှမ်းပြည်နယ်တွင် NLD ပါတီက ၁၆ ရာခိုင်နှုန်း၊ SNLD ပါတီက ရှစ်ရာခိုင်နှုန်း၊ ပြည်ခိုင်ဖြိုးပါတီကလေးရာခိုင်နှုန်း၊ ပအိုဝ်းပါတီက သုံးရာခိုင်နှုန်းနှင့် အခြားပါတီငယ်များက တစ်ရာခိုင်နှုန်းခန့် ထောက်ခံမှုရရှိခဲ့ကြောင်း ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့၏ မကြာမီက ကောက်ယူထားသည့်စစ်တမ်း၌ ဖော်ပြထားသည်။

NLD ပါတီကို ပြည်သူ့အကျိုးစီးပွားကိုယ်စားပြုပါတီအဖြစ် သတ်မှတ်ထားကြပြီး မြို့ပြအပြင် ကျေးလက်ဒေသတွင်ပါ NLD ပါတီကို အများစုက ထောက်ခံကြကြောင်း၊ ရန်ကုန်မြို့တွင် NLD ပါတီအားထောက်ခံသူ အများဆုံးဖြစ်ပြီး ၆၅ ရာခိုင်နှုန်းရှိကြောင်း အဆိုပါစစ်တမ်း၌ ဆက်လက်ဖော်ပြထားသည်။

NLD ပါတီအနေဖြင့် ပြီးခဲ့သည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သော်လည်း ကြားဖြတ်ရွေးကောက်ပွဲတွင် အချို့မဲဆန္ဒနယ်မြေများ၌ ရှုံးနိမ့်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ထက်မိုးလင်း



မြန်မာတိုင်းမ် Established 2000 MYANMAR TIMES DAILY

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂ (ကြာသပတေးနေ့)



# ချစ်သူမျက်နှာ တရေးရေးမြင်ယောင်သောအခါ

မီးအိမ်ရှင်ဒေါက်တာနိုက်တင်ဂေးလ်

" 'နှာဖျား မေးအောက်၊ ဝက်ခြံပေါက်၊ ဝမ်းမြောက် ဝမ်းသာမရှိရာ' ဆိုတဲ့ အရပ်ထဲက ပြောနေကျစကားလေး အတိုင်း နှာခေါင်းရယ်၊ အပေါ်နှုတ်ခမ်းရယ်၊ နှာခေါင်းနဲ့ အပေါ်နှုတ်ခမ်းကြား နေရာတွေမှာ ဝက်ခြံပေါက်ရင် ကုတ်ဖဲ့ခြင်း၊ ဆိတ်ဆွဲခြင်း၊ ညှစ်ထုတ်ခြင်း လုံးဝမပြုလုပ် မိပါစေနဲ့ရှင်။ အဲဒီနေရာက ပိုးဝင်ရင် ဦးနှောက်ထဲ တန်းဝင်နိုင်တာမို့ အန္တရာယ်ရှိတဲ့ ဇရိယာလို့ . . .

စတိုင်ကျမှုစတားဖြစ်တယ်ဆိုတဲ့ စကားဟာ နယ်ပယ်အနှံ့အပြားမှာ တွင်ကျယ်လှပါတယ်။ လူတိုင်းလူတိုင်းစတားဖြစ်ဖို့ မလွယ်ဘူးဆိုပေမယ့် လူတိုင်းစတိုင်ကျအောင် ပြုပြင်လို့ရနိုင်ပါတယ်။ စတိုင်ကျကျ စားသောက်နေထိုင်သွားလာတတ်သူတွေဟာ ကျန်းမာခြင်းနဲ့ အလှတရားကို ရရှိပိုင်ဆိုင်ထားနိုင်သူများပဲပေါ့။

ကျန်းမာရေးကောင်းမွန်နေသူများမှာ အလှအပတရားနဲ့ပြည့်စုံနေသလို အလှအပတရားနဲ့ပြည့်ဝနေသူများဟာလည်း ကျန်းမာနေသူများဖြစ်လို့ပါပဲ။ တကယ်တော့ ကျန်းမာခြင်းနဲ့အလှတရားဟာ ဆက်နွှယ်နေသလို လှပတင့်တယ်တဲ့ဘဝများကို ရရှိပိုင်ဆိုင်ခြင်းရဲ့ လျှို့ဝှက်ချက်ပဲဖြစ်ပါတယ်။

နိုင်ငံနဲ့အဝန်း ကျော်ကြားထင်ရှားပြီး နှစ်သက်စရာကောင်းတဲ့ သီချင်းလေးတစ်ပုဒ်ရှိပါတယ်။ ချစ်သောစာဖတ်သူတို့လည်း နှစ်သက်လိမ့်မယ်လို့ယူဆမိပါတယ်။

**"လဝန်းလေးနဲ့တူတယ် ×× မေ့ကိုလားကွယ် ××"**

မောင့်လပြည့်ဝန်းလို့ ချစ်စနိုးတင်စားခေါ်ဆိုထားတဲ့ မေတို့ရဲ့မျက်နှာလေးဟာ တကယ်ပဲ လပြည့်ဝန်းလို ကြည်လင်ဝင်းပနေသင့်တယ် မဟုတ်လား။ မေတို့ရဲ့မျက်နှာလေးမှာ ဝက်ခြံဖုတွေက ဗရပျစ်၊ တင်းတိပ်ကွက်မည်းညစ်ညစ်နဲ့ဆိုရင် ခင့်မျက်နှာလေး×××တရေးရေး× မြင်ယောင်တဲ့အခါဖီလင် (Feeling) တွေ တော်တော်အောက်သွားနိုင်တာပေါ့ရှင်။

'မျက်နှာမြင်ချစ်ခင်ပါစေ' ဆိုတဲ့ တောင်းဆုပြည့်ဖို့အတွက် ခင်တို့ရဲ့မျက်နှာ ကြည်စင်ရှင်းသန့်နေဖို့တော့ လိုအပ်တာပေါ့ မဟုတ်ဘူးလား။

ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် လူတစ်ယောက်မှာ ယောကျ်ားဟော်မုန်း၊ မိန်းမဟော်မုန်းနှစ်ခုစလုံးရှိပါတယ်။ အချိုးအဆ ပမာဏ အနည်းနဲ့အများပဲ ကွာခြားတာပါ။ ယောကျ်ားဟော်မုန်းက အရေပြားအလွှာမှာရှိတဲ့အဆီကျိတ် (Sebaceous Gland) ကို လှုံ့ဆော်ပေးခြင်းဖြင့် အဆီပိုထွက်အောင် လုပ်ပေးပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက် အဆီနည်းနည်း ထွက်တဲ့လူ၊ အဆီများများထွက်တဲ့လူရယ်လို့ ဒီလိုသဘာဝအရမတူတာကြောင့် ဝက်ခြံသိပ်မထွက်တဲ့လူနဲ့ ဝက်ခြံအထွက်များတဲ့လူရယ်လို့ ကွဲပြားတာပါ။

အဆီများများထွက်တဲ့လူမှာ ဝက်ခြံများတာပေါ့။ အဆီများများထွက်တဲ့လူမှာ ဝက်ခြံအထွက်များရုံသာမက တခြားကြုံတွေ့နိုင်တဲ့ပြဿနာတွေက မျက်နှာနီရဲပြီး ရောင်ရမ်းမယ်၊ မျက်နှာမှာ အဖတ်တွေလန်မယ်၊ မျက်နှာဖောင်းလာမယ်၊ တင်းလာမယ်၊ ပြီးတော့ ယားလည်းယားလိမ့်မယ်။ နောက်တစ်ခုက ခေါင်းမှာ အဆီဓာတ်များတဲ့အတွက် ဆံပင်ကိုလှန်ချ၊ သပ်ချလိုက်ရင် အဖတ်အဖတ်တွေကျလာတတ်တယ်။ အရပ်ထဲမှာ 'ဗောက်ရောဂါ' လို့ အသိများပါတယ်။

ဝက်ခြံပျောက်ချင်တယ်ဆိုရင် သူ့အတွက် စားဆေး၊ လိမ်းဆေးရှိတယ်ဆိုပေမယ့် ဒီဆေးတွေဟာ ဘေးထွက်ဆိုးကျိုး (Side Effect) က ကြောက်စရာကောင်းတာမို့ သတိထားပြီး သုံးရမယ့်အပြင် ဆေးဝါးချည်းပဲအားကိုးရုံနဲ့ မလုံလောက်သေးပါဘူး။ သတိပြုဂရုစိုက်ရမယ့်အချက်လေးတွေကိုပါ လိုက်နာမှ အမြန်သက်သာပျောက်ကင်းမှာ ဖြစ်ပါတယ်။ အဲဒါတွေကတော့-

(၁) ဝက်ခြံဖြစ်တဲ့နေရာမှာ ချွေးစိုတာ၊ ရေစိုတာမဖြစ်စေဘဲ ခြောက်သွေ့အောင် ထားရပါမယ်။ အဆီပြန်ရင်သန့်ရှင်းတဲ့ အဝတ်လေး ရေဆွတ်ပြီး အသာလေးတို့ ပေး၊ သုတ်ပေးပြီး ခြောက်သွေ့အောင် ထားသင့်ပါတယ်။

(၂) ရေနွေးနဲ့မျက်နှာသစ်တာ ရှောင်ရပါမယ်။ လေပူတိုက်တာ၊ မီးအပူဟပ်တာ၊ အပူရှိန်နဲ့ ထိတွေ့ခြင်းမရှိအောင် ဂရုစိုက်ရပါမယ်။

(၃) ဝက်ခြံမှာပြည်တည်ရင် အရက်ပြန်နဲ့ ညှစ်တာမလုပ်ရပါဘူး။ အရက်ပြန်လိုပဲ ဒက်တော (Dettol)၊ အက်ဆက်ပ်တော (Aseptol) တို့လို ပိုးသတ်ဆေးဓာတုဗေဒပစ္စည်းတွေ မသုံးရပါဘူး။

(၄) Medicated ဆေးဆပ်ပြာတွေ မသုံးရပါဘူး။ ဆပ်ပြာပျော့ပျော့အနုလေးတွေပဲ သုံးရပါမယ်။ ဆပ်ပြာအသုံးများခြင်းကိုလည်း ရှောင်ကြဉ်ရပါမယ်။

(၅) 'နှာဖျားမေးအောက်၊ ဝက်ခြံပေါက်၊ ဝမ်းမြောက်ဝမ်းသာမရှိရာ' ဆိုတဲ့ အရပ်ထဲက ပြောနေကျစကားလေးအတိုင်း နှာခေါင်းရယ်၊ အပေါ်နှုတ်ခမ်းရယ်၊ နှာခေါင်းနဲ့အပေါ်နှုတ်ခမ်းကြားနေရာတွေမှာ ဝက်ခြံပေါက်ရင် ကုတ်ဖဲ့ခြင်း၊ ဆိတ်ဆွဲခြင်း၊ ညှစ်ထုတ်ခြင်း လုံးဝမပြုလုပ်မိပါစေနဲ့ရှင်။ အဲဒီနေရာက ပိုးဝင်ရင် ဦးနှောက်ထဲတန်းဝင်နိုင်တာမို့ အန္တရာယ်ရှိတဲ့ ဇရိယာလို့ သတိထားသင့်ပါတယ်။

(၆) အပြင်သွားလို့၊ ပွဲအခမ်းအနား သွားရလို့ မိတ်ကပ်လိမ်းရတယ်ဆိုရင် မိတ်ကပ်နဲ့ မအိပ်မိပါစေနဲ့။ ပြန်လာရင် မိတ်ကပ်ချက်ချင်းဖျက်ပစ်ပါ။ ရှင်မတောင် သနပ်ခါးတုံးကို ကျောက်ပျဉ်သန့်သန့်မှာ ရေသန့်သန့်နဲ့သွေးလိမ်း၊ အခြောက်ခံပြီး မှ အိပ်စက်အနားယူသင့်ပါတယ်။

(၇) ငရုတ်သီး၊ ငရုတ်ကောင်း၊ ချင်း၊ မဆလာစတာတွေပါတဲ့ အပူအစပ် အစားအစာတွေ၊ အချိုဓာတ်လွန်ကဲတဲ့ အစားအစာတွေ၊ အဆီဓာတ်များတဲ့ အစားအစာတွေ၊ ဝက်ဆီ၊ အမဲဆီ၊ စားအုန်းဆီစတဲ့ ဆီပြန်ဟင်းတွေကို ရှောင်ကြဉ်ရပါမယ်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံကိုသာ များများစားပေးပါ။

(၈) နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းမှန်မှန် ပြုလုပ်ပေးရပါမယ်။

(၉) ဝက်ခြံအတွက် အခုအသုံးများနေတဲ့ စားဆေးက Vitamin A acid က ထုတ်တဲ့ Accutane သို့မဟုတ် Roaccutane အမည်ရတဲ့စားဆေးပါပဲ။ ဒါပေမဲ့ ဒီဆေးဟာ သန္ဓေသားကို ထိခိုက်စေပြီး ကိုယ်လက်အင်္ဂါမစုံလင်တဲ့ကလေး မွေးစေတတ်တာမို့ ကိုယ်ဝန်မရှိအောင် တားထားပြီးမှ၊ ကိုယ်ဝန်မယူသေးတာ သေချာမှ ဒီဆေးသောက်ရမှာပါ။ ဒါကြောင့်မို့ အမျိုးသမီးတွေအနေနဲ့ ဒီဆေးသောက်တော့မယ်ဆိုရင် ကိုယ်ဝန်ရှိ၊ မရှိ စစ်ဆေးပြီး ကိုယ်ဝန်မရှိတာသေချာမှ၊ ကိုယ်ဝန်မရှိအောင် တားထားပြီးမှ သောက်သင့်ပါတယ်။ လိမ်းဆေးလည်းဒီလိုပါပဲ၊ အသုံးများနေတဲ့လိမ်းဆေးကတော့ အယ်လ်ဘိုင်အိုတင် (Albiotin) ဖြစ်ပါတယ်။ စားဆေးက လိမ်းဆေးထက် အာနိသင်ပိုထိရောက်တာ တွေ့ရပါတယ်။

**နှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ။**




# နှစ်သစ်ကူးညတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဒဏ်ရာရလူနာ ၆၀ ကျော်ရောက်ရှိ၊ ယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံး

ရန်ကုန် ဇန်နဝါရီ ၁

၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးညတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ထိခိုက်ဒဏ်ရာရလူနာ ၆၀ ကျော်ရောက်ရှိ ဆေးဝါးကုသမှုခံယူရပြီး ထောက်ကြန့်မြို့နယ်တွင် ယာဉ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်) မှ သိရသည်။



"Medical Cover ယူထားတဲ့ ဖျော်ဖြေရေးနေရာတွေကနေ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကိုပို့ရတဲ့ လူနာဦးရေက အယောက် ၂၀ လောက်ပဲရှိပါတယ်။ ကျန်တဲ့ ၄၀ ကျော်ကတော့ လမ်းမှာဖြစ်တာပါ။ အဲဒီလို လမ်းမှာဖြစ်ပေမယ့်လည်း အမြဲတမ်းအဆင်သင့်လုပ်ထားတဲ့အတွက် ရန်ကုန်ဆေးရုံကြီးကို အချိန်မီ ပို့ပေးနိုင်ခဲ့ပါတယ်" ဟု လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်) မှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုရဲကြီးက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။

နှစ်သစ်ကူးညတွင် ယာဉ်မတော်တဆမှု ခြောက်ကြိမ်ခန့်ဖြစ်ပွားခဲ့သော်လည်း အမျိုးသမီးတစ်ဦးသေဆုံးပြီး ယာဉ်မတော်တဆမှုများကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ (မစိုးရိမ်ရ) ဒဏ်ရာရရှိသူများသာ ရောက်ရှိခဲ့သည်။ ထို့ပြင် မော်တော်ဆိုင်ကယ်တိမ်းမှောက်မှု၊ ရိုက်မှုများကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ (မစိုးရိမ်ရ) ဒဏ်ရာရရှိသူများနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် အမျိုးသား တစ်ဦး ဓားထိုးခံရမှုကြောင့် (စိုးရိမ်ရ) လူနာအဖြစ် ရောက်ရှိခဲ့ခြင်းတို့သာ ရှိခဲ့ကြောင်း သိရသည်။

"နှစ်သစ်ကူး ညမှာတော့ လူမှုကူညီကယ်ဆယ်ရေး အဖွဲ့ (ရန်ကုန်) ရဲ့ မိတ်ဖက်အသင်း အဖွဲ့ပေါင်း ၈၀ ကျော်က ကားစီးရေ ၁၄၀ ကျော်နဲ့ နေရာအသီးသီးမှာ Medical Cover ယူပေးခဲ့ပါတယ်" ဟု လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်) ၏ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။

ကျော်သူမြင့်မိုး

မြန်မာတိုင်းမ် Established 2000 Myanmar Times Daily






# လက်တင်အမေရိကရဲ့ အာဏာသိမ်းမှုပြဿနာ

စိန်လှဦး

လက်တင်အမေရိကရဲ့ ဘိုလီးဗီးယားကို ခဏကြည့်လိုက်ပါ။ အီဗိုမိုရေးနဲ့ အာဏာရှင်စနစ်ထူထောင်ရန် ကြိုးပမ်းမှုကို တွေ့မြင်လာပါလိမ့်မယ်။ သည့်အတွက် လက်နက်ကိုင်အဖွဲ့တွေဖြစ်တဲ့ စစ်တပ်ကပါ ဆန့်ကျင်နေတယ်။ သူတို့က ဒီမိုကရေစီနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအတွက် ပြောနေကြတယ်၊ တောင်းဆိုနေကြတယ် ဘယ်ကောင်းနိုင်တော့မလဲဗျာ။ ဘယ်လိုဖြစ်တာလဲ။ လေ့လာကြည့်ရအောင်ပါ။

လက်တင်အမေရိကမှာ အာဏာသိမ်းမှု၊ အာဏာသိမ်းခြင်းဆိုတဲ့ စကားရပ်တွေထက် ပိုပြီးပြင်းထန်စူးရှတဲ့ စကားအသုံးအနှုန်းတွေ ရှိနေပါတယ်။ သို့သော်လည်း သူ့အကြောင်းပြချက်နဲ့သူပေါ့လေ။ အမျိုးမျိုးပေါ့။ ထားလိုက်ပါတော့။

လက်တင်အမေရိကဒေသကို ၁၉၃၀ မှ ၁၉၇၀ ပြည့်နှစ်များအထိ နည်းနည်းပြန်ကြည့်ရအောင်ပါ။ သည်ဒေသမှာ အရပ်ဘက်အစိုးရတွေကို နည်းအမျိုးမျိုးနဲ့ ဖယ်ရှားပစ်တဲ့ဖြစ်ရပ်တွေဖြစ်ပေါ်ခဲ့တယ်။ မကြာခဏဆိုသလိုပဲ အာဏာသိမ်းမှုတွေ ဖြစ်ပေါ်ခဲ့တာပါ။ တွေ့ခဲ့ကြုံခဲ့တာပါ။ ခံစားခဲ့ရတာပါ။ အများအားဖြင့် အင်အားသုံးပြီး လူထုတင်မြှောက်ထားတဲ့ အရပ်ဘက်အစိုးရများကို ဖြုတ်ချပစ်တာပါပဲ။ အာဏာသိမ်းမှုအမျိုးမျိုးပေါ့လေ။ တကယ့်တကယ်တော့ သွေးချောင်းစီးတဲ့ အာဏာသိမ်းမှုတွေပါပဲ။ ထုံးစံအတိုင်း သားကောင်ဖြစ်ရသူတွေကဖြင့် ပြည်သူတွေပါ။ အထူးသဖြင့် လက်ဝဲသမားတွေပေါ့ခင်ဗျာ။

ကြည့်ပါ၊ ၁၉၅၄ ခုနှစ်က ဂွာတီမာလာမှာ ပြုပြင်ပြောင်းလဲရေးသမားလည်းဖြစ်၊ ပျော့ပျောင်းတဲ့ အစိုးရအဖွဲ့ကို ဖြုတ်ချခဲ့တယ်။ အလွယ်တကူပဲဖြုတ်ချလိုက်တာပါ။ ဘယ်သူ့လက်ချက်လဲ။ အမှန်တော့ ဒါတွေဟာ အမေရိကန်စီအိုင်အေရဲ့ လက်ချက်တွေပါ။ ကွန်မြူနစ်ဆန့်ကျင်ရေးအကြောင်းပြချက်နဲ့ စီအိုင်အေက မွှေနေတာပါ။ စီအိုင်အေရဲ့သည်လုပ်ရပ်တွေဟာ သဘာဝကျရဲ့လား။ ပြည်သူတွေရဲ့ဆန္ဒနဲ့ ညီညွတ်ရဲ့လား။ ပြည်သူတွေ အကျိုးရှိရဲ့လား။ ဒေသမှာရော အကျိုးရှိရဲ့လား။ ဒေသအကျိုး၊ ပြည်သူအကျိုးမပါရင် ဖွက်ဖက်မှုသာ ဖြစ်ပေလိမ့်မယ်ဗျာ။ သည်တော့ လက်ခံနိုင်စရာလည်းမရှိပါ။

အလားတူဖြစ်ရပ်တွေ ဆက်ဖြစ်ပေါ်လာတယ်။ အာဏာသိမ်းမှုဆက်ဖြစ်တာပါ။ ၁၉၇၃ ခုနှစ်က ချီလီမှာ ဆက်ဖြစ်ပါတယ်။ ဆော်ဗေးဒိုးအလန်ဒေးကိုဆန့်ကျင်ပြီး ဗိုလ်ချုပ်ကြီးအော်ဂတ်စတိုပီနိုရှက်ရဲ့ စစ်အာဏာသိမ်းမှုအပါအဝင်ပေါ့။ ဒါဟာ အရင်းအမြစ်ကျတဲ့ ဆိုရှယ်လစ်ဝါဒီတွေကို ဖြုတ်ချလိုက်ခြင်းပဲဖြစ်တယ်ဗျာ။

> “ အမှန်တော့ ဒါတွေဟာ အမေရိကန်စီအိုင်အေရဲ့ လက်ချက်တွေပါ။ ကွန်မြူနစ်ဆန့်ကျင်ရေး အကြောင်းပြချက်နဲ့ စီအိုင်အေက မွှေနေတာပါ။ စီအိုင်အေရဲ့သည်လုပ်ရပ်တွေဟာ သဘာဝကျရဲ့လား။ ပြည်သူတွေရဲ့ဆန္ဒနဲ့ ညီညွတ်ရဲ့လား။

၁၉၈၀ ပြည့်နှစ်တွေကိုကြည့်ပါဦး။ ဒေသအတွင်း ဒီမိုကရေစီ ထူထောင်ရေးလုပ်တဲ့ အချိန်ကစပြီး စစ်အာဏာသိမ်းမှုတွေဟာ သိပ်မကြားရတော့ပါ။ ရှားပါးလာတယ်။ သို့သော်လည်း အယူအဆတွေဟာ အရည်အချင်းရှိတဲ့ လက်ဝဲသမားတွေရဲ့ဝါဒဖြန့်စကားဖြစ်တတ်ပါတယ်။ တစ်ပတ်လောက်ကြာတဲ့အခါ ထူးထူးဆန်းဆန်းပဲ ဗင်နီဇွဲလားရဲ့ လိမ်ညာလှည့်ဖြားတဲ့ အရွေးချယ်ခံအာဏာရှင် နီကိုလတ်မာဒူရိုက သူ့ကို တစ်စုံတစ်ယောက်ကခြိမ်းခြောက်နေတယ်လို့ အော်ဟစ်လာတယ်။ နီကာရာဂွာမှ ဒယ်နီရယ်အိုတေလာကလည်း အလားတူပဲ ပြောလာတယ်။ ဘရာဇီးက လက်ဝဲဝါဒီသမ္မတ ဒီလမာရှီဆတ်ကလည်း သူမအနေနဲ့ ဒုတိယသက်တမ်းရောက်ခဲ့ပါပြီ။ ၂၀၁၆ ခုနှစ်က အာဏာသိမ်းယူခဲ့ခြင်းဖြစ်ပါတယ်။ သူမအစိုးရက ဖွဲ့စည်းပုံဆိုင်ရာ လုပ်ငန်းအစီအစဉ်တွေကို တိတိကျကျလိုက်နာခဲ့တာလည်း အာဏာသိမ်းမှုကို ကျူးလွန်ခဲ့တာပဲ ဖြစ်ပါတယ်လို့ ကြေညာလာတယ်။

နောက်ဆုံး ကြွေးကြော်သွားသူကဖြင့် အီဗိုမိုရေးဖြစ်တယ်။ သူဟာ ၂၀၀၆ ခုနှစ်ကစပြီး ဘိုလီးဗီးယားရဲ့ လက်ဝဲသမ္မတဖြစ်တယ်။ နိုဝင်ဘာမှာ သူနုတ်ထွက်သွားတယ်။ ပြီးတော့ မက္ကဆီကိုသို့သွားရောက်ခိုလှုံတယ်။ မိုရေးနုတ်ထွက်သွားတဲ့အခါ တိုင်းပြည်က မငြိမ်မသက်ဖြစ်ပြီး ကျန်နေခဲ့တယ်။ ပေါက်ကွဲပြင်းထန်တဲ့ဆူပူမှုတွေ ဖြစ်ကုန်တယ်။ ရဲတွေကပင်လျှင် မငြိမ်မသက်လှုပ်ရှားနေတယ်။

မစ္စတာမိုရေးက အယ်မာရာမျိုးနွယ် ဖြစ်တယ်။ သူ့ကိုလူထုက အကြာကြီးထောက်ခံတယ်။ သူက ဖွဲ့စည်းပုံသစ်ကို ကျင့်သုံးခဲ့တယ်။ ဖွဲ့စည်းပုံအရ သမ္မတသက်တမ်းဟာ နှစ်နှစ်ပဲဖြစ်တယ်။ ပစ္စည်းဥစ္စာပေါများလာလို့ ကျေးဇူးတင်ရပါတယ်။ လက်တွေ့ကျတဲ့ စီးပွားရေးပေါ်လစီကြောင့် ဆင်းရဲမွဲတေမှုဟာ ကျဆင်းသွားတယ်။ သက်သာလာတယ်။ ဘာပဲဖြစ်ဖြစ် မစ္စတာမိုရေးဟာ ပြည့်စုံတဲ့ လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်ခဲ့ပေတယ်ဗျာ။

ပြဿနာက မိုရေးဟာ တရားရုံးတွေကို အမိန့်ပေးတယ်။ ရွေးကောက်ပွဲအာဏာပိုင်အဖွဲ့အစည်းတွေကို စိတ်ကြိုက် ညွှန်ကြားတယ်။ အတိုက်အခံတွေကို မညှာမတာရန်လုပ်တယ်။ သည်လိုဖြင့် သူဟာ အခြေခံလူထုနဲ့ ကင်းကွာလာတယ်။ ရွေးကောက်ပွဲကိစ္စမှာအစ သူမမှန်မကန်တွေ လုပ်လာတယ်။ ကျူးလွန်လာတယ်။ ဒါကြောင့် လူထုက အုံကြွလာတယ်။ ဆူပူလာတယ်။ အရေးကြီးတာက စစ်တပ်ကလည်း သူ့ကိုမထောက်ခံတော့ဘူး။

မစ္စတာမိုရေး နုတ်ထွက်သွားတဲ့အခါ စစ်တပ်က ဝင်လာတယ်။ တကယ်တော့ ဘိုလီးဗီးယားဟာ ဗင်နီဇွဲလားနဲ့နီကာရာဂွာအတွက် နမူနာပြလိုက်တာပါပဲ။ ဘိုလီးဗီးယားအရေးကို အခုတော့ဖြင့် စစ်တပ်က တာဝန်ယူမယ့်သဘောတွေ့ရတယ်။ ဘာပဲဖြစ်ဖြစ် လက်ဝဲလက်ယာထိန်းညှိပြီး ပြေလည်အောင် ဆောင်ရွက်ရန် လိုပါလိမ့်မယ်။

မှန်ပါတယ်။

ဘိုလီးဗီးယားအရေးကို အာဏာသိမ်းသည့်တိုင်အောင် ပြေပြေလည်လည်ဖြစ်အောင် သတိထားစရာတွေ များလှကြောင်းပါဗျာ။



## ကံဆွယ်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

ပွင့်ဖြူ ဇန်နဝါရီ ၁

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားလုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် အောင်မြင်စေရန်အတွက် ဒီဇင်ဘာ ၃၁ ရက် နံနက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကာ သက်ဆိုင်ရာ မြို့နယ်တာဝန်ခံများနှင့် တွေ့ဆုံပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူး ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့တို့က ကံဆွယ်ကျေးရွာ ကုန်ထုတ်တံတားတည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ အဆိုပါကုန်ထုတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းစံချိန်စံညွှန်းပြည့်မီစေရေးနှင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်း အမြန်ပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ကံဆွယ်ကျေးရွာ ကုန်ထုတ်တံတား အရှည်ပေ ၆၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၅ ပေကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေ ကျပ် ၈၈ သန်းဖြင့် တင်ဒါအောင်မြင်သော Top Lucky Brother ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

မကွေး ဝင်းမောင်

## ဇလုံတောင်သို့ လာရောက်လည်ပတ်သူ ယခင်နှစ် ကာလတူထက် ထက်ဝက်ကျော်လျော့နည်း

ဗန်းမောက် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်သို့ ယခုနှစ်ဒီဇင်ဘာလအတွင်း လာရောက်သည့် ဘုရားဖူးခရီးသည် ဝင်ရောက်မှုမှာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ကျော် လျော့နည်းကြောင်း ဇလုံတောင် တောင်တက်ကားအသင်းမှ သိရသည်။

ဇလုံတောင်တော်သို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတစ်လအတွင်း လာရောက် လည်ပတ်သည့် ခရီးသည်ဦးရေ ၃၀၀၀၀ ကျော်အထိ ရှိခဲ့သည်။ ယခုနှစ် ဒီဇင်ဘာလတွင် ရက်ရှည်ရုံးပိတ်ရက်များရှိသော်လည်း ရာသီဥတုမှာ ဖောက်ပြန်မှုများကြောင့် ခရီးသွားဝင်ရောက်မှုမှာ ယခင်နှစ်ကထက် နည်းပါးကြောင်း ဒီဇင်ဘာလအတွင်း ကောက်ယူခဲ့သော စာရင်းများ နှိုင်းယှဉ်ချက်အရ သိရသည်။

“မနှစ်က ဒီဇင်ဘာလအတွင်း ခရီးသည် ၃၀၀၀၀ ကျော်လောက် ဝင်တယ်လို့ ပြောရမှာပေါ့။ မနှစ်ကဆို ဒီ ၁၂ လပိုင်း တစ်လတည်းကို ဇလုံတောင်တက်ကား ခရီးသည်ပို့ဆောင်ပေးတဲ့ အခေါက်ရေ ၂၇၀၀ ကျော်တယ်။ ဒီနှစ်ကကျွန်တော်တို့ ဒီဇင်ဘာ ၂၂ ရက်အထိကို အခေါက်ရေ ၇၇၀ ပဲ ရှိသေးတယ်။ လကုန်အထိရှိမှ အခေါက်ရေ ၁၀၀၀ လောက်ပဲရှိမှာပါ။ ဒီနှစ်ရာသီဥတုအခြေအနေကလည်း ပုံမှန်မဟုတ်ဘူးလေ။ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ အခု ဒီဇင်ဘာကျောင်းပိတ်ရက်တွေမှာ မိုးရွာသွန်းနေတော့ အဲဒါတွေလည်း ပါတာပေါ့။ ဒါကြောင့် မနှစ် ဒီဇင်ဘာလထက် ဒီနှစ်မှာ လာသူထက်ဝက်ကျော် လျော့နည်းပါတယ်” ဟု ဇလုံတောင် တောင်တက်ကားအသင်းဥက္ကဋ္ဌ ဦးဘလင်းက ပြောသည်။

ယခုနှစ်တွင် ဇလုံတောင်တက် ကားသင်းမှ ယာဉ်စီးရေ ၁၈၀ အထိ တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။ ဇလုံတောင်တော် တောင်တက်ကားတစ်စီး သတ်မှတ်လူဦးရေ ၁၅ ဦးအထိလိုက်ပါစီးနင်းနိုင်ရာ လူကြီးတစ်ဦး အသွား အပြန်ကျပ် ၇၀၀၀၊ ကလေးတစ်ဦး ကျပ် ၃၅၀၀ ကောက်ခံသည်။ ဇလုံတောင်သို့ ယခင်နှစ် ခရီးသွားရာသီတွင် ပြည်တွင်းခရီးသွား ဧည့်သည် နှစ်သိန်းကျော် လာရောက်လည်ပတ်ရာ ယခုနှစ်၌ ခရီးသွားဦးရေငါးသိန်းခန့် လာရောက်လည်ပတ်မည်ဟု မျှော်မှန်းထားကြောင်း၊ ဇလုံတောင် တောင်တက်လမ်းပိုင်းမှာ ရာသီဥတုပေါ်မူတည်၍ နှစ်စဉ်အောက်တိုဘာလမှ ဧပြီလကုန်အထိ ဖွင့်လှစ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ထွေးအောင်




## Myanmar Idol Winner ဆုရှင် အက်စတာအပါအဝင် Top 11 ဝင်အားလုံးကို ဟားခါးမြို့သို့ လာရောက်ရန်ဖိတ်ခေါ်ထား

ဟားခါး ဇန်နဝါရီ ၁

Myanmar Idol Season 4 ၏ Winner ဆုရှင် အက်စတာဒေ့ါချင်းဆုန်အပါအဝင် Top 11 ဝင်အားလုံးကို ဟားခါးမြို့သို့လာရောက်လည်ပတ်ရန်ဖိတ်ခေါ်၍ မြို့မိမြို့ဖများကိုယ်တိုင် ဦးဆောင်ကြိုဆိုရန်စီစဉ်နေကြောင်း သိရသည်။

ဖိတ်ကြားခြင်းခံရသူ ၁၁ ဦးမှာ ဇန်နဝါရီ ၃ ရက်မှ ၈ ရက်အတွင်း ဟားခါးမြို့သို့ရောက်ရန် ခန့်မှန်းထားသော်လည်း Top 11 အထိ စာရင်းဝင်သူ ပြိုင်ပွဲဝင်အားလုံး ဟားခါးမြို့သို့လာရောက်ရန်မှာ မသေချာသေးကြောင်း ဟားခါးမြို့ဒေသခံတစ်ဦးထံမှ သိရသည်။

"အက်စတာနဲ့ ပြိုင်ပွဲဝင်တွေဟာ ကလေးမြို့ဘက်ကနေတက်လာမှာဖြစ်ပြီး ဟားခါးမြို့အဝင်ကနေ မြို့မိမြို့ဖနဲ့ ဦးဆောင်ကော်မတီတွေက မြို့တွင်းရှိ ဝမ္မသူးမောင်းအားကစားကွင်းမှာ ဒေသခံလူထုက ကြိုဆိုကြမှာပါ" ဟု ဟားခါးမြို့ဒေသခံတစ်ဦးက ပြောသည်။

ဟားခါးမြို့မှ Winner ဆုရှင် အက်စတာနှင့်အဖွဲ့ကို ကြိုဆိုမည့်ကိစ္စနှင့်ပတ်သက်၍ ဒီဇင်ဘာ ၃၀ ရက်က စာပေရုံး(CAAC)၌ အစည်းအဝေးပြုလုပ်ခဲ့သည်။ ပြိုင်ပွဲဝင်များသာမက ပြိုင်ပွဲစီစဉ်သူများနှင့်ကူညီပံ့ပိုးသူ Sponsor များကိုပါ ဟားခါးမြို့သို့ဖိတ်ခေါ်ရန် အဆိုပါအစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။ လှိုင်ထွေးအောင်

## ဆစ်ခ်သာသနာတော်ကိုတည်ထောင်သော ဂုရုနာနတ်က်ဒေ့ဝ်ကြီး၏ နှစ်(၅၅၀)ပြည့်မွေးနေ့ ဆစ်ခ်ရိုးရာအဆိုအကများဖြင့် တင်ဆက်ကပြ




မန္တလေး ဇန်နဝါရီ ၁

မန္တလေးမြို့တွင် ဆစ်ခ်သာသနာတော်ကို စတင်တည်ထောင်တော်မူခဲ့သော ဂုရုနာနတ်က်ဒေ့ဝ်ကြီး၏ နှစ်(၅၅၀)ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆစ်ခ်ရိုးရာအဆိုအကများဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင်တင်ဆက်ကပြခဲ့ကြောင်း သိရသည်။

အဆိုပါပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဆစ်ခ်လူငယ်များက ဓမ္မတေးသီဆိုကာ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဆစ်ခ်သာသနာရေးရာကောင်စီအတွင်းရေးမှူး ဦးကိုကိုက အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Shri Shurab Kumar Ji က ဂုရုကြီးသက်တော် နှစ်(၅၅၀)ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံတွင်ထုတ်ဝေသော စာပို့တံဆိပ်ခေါင်းအကြောင်း မိတ်ဆက်ပြောကြားပြီး စာပို့တံဆိပ်ခေါင်းအမှတ်တရကတ်များပေးအပ်ခြင်း၊ Mr.Naseb Singh, Mr.Bhai Tony Ravjeetsingh တို့က ဂုရုနာနတ်က်ဒေ့ဝ်ကြီး ဆစ်ခ်ဘာသာသာသနာဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ဆစ်ခ်ဘာဝ၊ ဆစ်ခ်ဓလေ့အကြောင်းကိုဟောပြောခြင်း၊ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထွန်းငြိမ်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များမှ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများနှင့်လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူအသီးသီးတို့က မုဒိတာစကားပြောကြားခဲ့ကြကာ ဂုရုနာနတ်က်ဒေ့ဝ်ကြီး၏ ပုံတော်ကိုပန်းမျိုးစုံတို့ဖြင့်ပူဇော်ခဲ့ကြပြီး မြန်မာနိုင်ငံတစ်ဝန်းမှ ဆစ်ခ်လူငယ်မောင်မယ်များက ရိုးရာအကများဖြင့် တင်ဆက်ကပြခဲ့ကြသည်။

ဦးကျော်လှ(တောင်ငူ)

## နှစ်သစ်ကူးညပိုင်းက မန္တလေးဆေးရုံကြီးသို့ရောက်ရှိသူ ယခင်နှစ်ထက်လျော့နည်း

မန္တလေး ဇန်နဝါရီ ၁

မန္တလေးမြို့တွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်သို့ နှစ်သစ်ကူးပြောင်းသည့်ညပိုင်းက မန္တလေးဆေးရုံသို့ ထိခိုက်ဒဏ်ရာဖြင့် ရောက်ရှိလာသူဦးရေမှာ ယခင်နှစ်ထက်လျော့နည်းခဲ့ပြီး မှုခင်းဖြစ်စဉ်ကြီးများမရှိခဲ့ကြောင်း ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ပြောဆိုခဲ့ကြသည်။

နှစ်သစ်ကူးညတွင် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်လမ်းရှင်းလင်းရေးနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များက ကူညီစောင့်ရှောက်ရေးတို့ဆောင်ရွက်ခဲ့ကြရာ ယာဉ်တိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့် ဒဏ်ရာရသူများသာ ဆေးရုံသို့ရောက်ရှိခဲ့သည်ဟု ဆိုသည်။

"နှစ်သစ်ကူးညပိုင်းမှာ ယာဉ်တိုက်မှုဖြစ်စဉ်တွေတော့ရှိတာပေါ့။ အခြားမှုခင်းဖြစ်စဉ်တွေမှာ ထူးထူးခြားခြားတော့မရှိပါဘူး။ ခိုက်ရန်ဖြစ်ပွားမှုတွေရှိပေမယ့် တော်တော်နည်းသွားသလို သေဆုံးမှုလည်းမရှိဘူး"ဟု မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိုင်းလှထူးက ပြောသည်။

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(အထက်မြန်မာပြည်)မှ ကူညီစောင့်ရှောက်မှုများလုပ်ဆောင်ခဲ့ရာ ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီမှ ဇန်နဝါရီ ၁ ရက် နံနက် ၂ နာရီခွဲအထိ မန္တလေးဆေးရုံကြီးသို့ ရောက်ရှိလာသည့်စာရင်းများအရ ရဲမှုခင်းလူနာ ၂၄ ဦးနှင့် သာမန်ထိခိုက်ဒဏ်ရာ ၃၅ ဦးရောက်ရှိလာခဲ့ပြီး ယခင်နှစ်များထက်နည်းပါးခဲ့ကြောင်း၊ လူမှုကူညီရေးအဖွဲ့များသည် ကယ်ဆယ်ရေးယာဉ်များဖြင့် လှည့်လည်ကားသည့် ကျုံးအရှေ့ဘက်လမ်း၊ ၁၉ လမ်းနှင့် ၂၀ ကြားတွင်စုရပ်ထားရှိပြီး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့၊ ချမ်းအေးသာစံအပါအဝင် ကူညီဖို့အသင်းအဖွဲ့တွေက OPT မှာ မနက် ၂ နာရီကျော်အထိ စောင့်ဆိုင်းကူညီခဲ့ကြတယ်။ ဒီနှစ်က အရင်နှစ်ထက်နည်းပြီး မနှစ်က ၈၀ ကျော်လောက်ရှိမယ်။ အများအားဖြင့် ယာဉ်တိုက်မှုဖြစ်ပြီး ရန်ဖြစ်တဲ့ဒဏ်ရာနဲ့ ရောက်လာကြတယ်။ ဓားထိုးမှုလူနာတစ်ဦးတော့တွေ့တယ်"ဟု One to One ပရဟိတကူညီရေးမှ ကိုဝမ်းက ပြောသည်။

နှစ်သစ်ကူးညတွင် မန္တလေးမြို့ ကျုံးမြို့ရိုးတောင်ဘက် မြို့တော်စည်ပင်သာယာရုံးရှေ့တွင် တီးဝိုင်းဖြင့် နှစ်သစ်သို့ကူးပြောင်းချိန် ည ၁၂ နာရီအထိ ဖျော်ဖြေတင်ဆက်မှုပြုလုပ်ခဲ့ကာ မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နှစ်သစ်ကူးကြိုဆိုစကားပြောကြားခဲ့ကြောင်း၊ ကျုံးအရှေ့ဘက်နှင့်တောင်ဘက်တို့တွင် အစည်ကားဆုံးဖြစ်ခဲ့ပြီး ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့်သွားလာကြရာ ယာဉ်တိုက်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုများရှိခဲ့သော်လည်း ယခင်နှစ်ထက်နည်းပါးခဲ့ကြောင်း သိရသည်။

အောင်သန့်ခိုင်

## မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ မတိုင်မီ အများသုံးသန့်စင်ခန်း အလုံး ၄၀ ဆောက်လုပ်လျက်ရှိ

မင်းဘူး ဇန်နဝါရီ ၁

မင်းဘူး(စကု)မြို့နယ်ရှိ ၂၀၂၀ ပြည့်နှစ် မန်းရွှေစက်တော်ဘုရားကြီး၏ ဘုရားပွဲတော်ကာလမတိုင်မီ အများသုံးသန့်စင်ခန်းအလုံး ၄၀ ကို ငွေကျပ်သိန်း ၇၀၀ ကျော်အကုန်အကျခံ ဆောက်လုပ်နေကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့မှ သိရသည်။

"အခုဆောက်လုပ်နေတဲ့ သန့်စင်ခန်းအလုံး ၄၀ က အောက်ခြေတော်ရာ အနောက်ဘက် ငဖဲမြို့ဘက် အထွက်လမ်း နဂါးအမြီးနေရာက သန့်စင်ခန်းတွေဖြစ်ပါတယ်။ အရင်က သန့်စင်ခန်း ၂၇ လုံးရှိခဲ့ပြီး ရေအိမ်သာတွေက နှစ်တွေကြာလာတော့ ဆားဗစ်ကန်တွေ ပျက်စီးနေခဲ့ပြီ။ အဲဒါကြောင့် ဘုရားပွဲတော်မတိုင်မီပြီးစီးအောင် ဆောင်ရွက်နေပါတယ်"ဟု မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်စိုးကပြောသည်။

အမျိုးသားသန့်စင်ခန်းအလုံး ၂၀ နှင့် အမျိုးသမီးသန့်စင်ခန်း အလုံး ၂၀ စုစုပေါင်းသန့်စင်ခန်းအလုံး ၄၀ ကို ဘုရားကြီးနဝကမ္မအလှူငွေကျပ်သိန်း ၇၀၀ ကျော်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"မန်းရွှေစက်တော်ဘုရားပွဲတော်ကာလတွင် သန့်စင်ခန်းနေရာ ၁၇ နေရာထားရှိပြီး ဘုရားကြီးရန်ပုံငွေအဖြစ်သန့်စင်ခန်း ၁၇ နေရာတင်ဒါလေလံစနစ် သို့မဟုတ် မဲစနစ်နဲ့ ဆောင်ရွက်ကာ လုပ်ငန်းလုပ်ကိုင်လိုသူတွေအတွက် ချထားပေးခဲ့ပါတယ်။ လုပ်ငန်းလုပ်ကိုင်သူတွေအနေနဲ့ ဂေါပကအဖွဲ့က သတ်မှတ်တဲ့နှုန်းထားကောက်ခံကာ ပတ်ဝန်းကျင်ကျန်းမာရေးနဲ့သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု မန်းရွှေစက်တော်ဘုရားကြီးဂေါပကအဖွဲ့မှ သိရသည်။

အခုဆောက်လုပ်နေသည့် သန့်စင်ခန်းများသည် အထက်သောင်ပြင်၌ရှိသောတည်းခိုဆောင်များနှင့် ဘုရားဖူးဧည့်သည်များ၊ ဈေးသည်များ အဓိကသုံးနေရသည့်နေရာတွင်ရှိကြောင်း၊ ကျန်းမာရေး၊ သန့်ရှင်းရေးအတွက် အရေးကြီးကြောင်း၊ ယခင်ရှိနေသောရေအိမ်သာများသည် ဟောင်းနွမ်းနေ၍ ဆားဗစ်ကန်ပေါက်မှုများကြောင့် ယခင်နှစ်ပွဲတော်ကာလတွင် အနံ့အသက်များ ဆိုးရွားစွာထွက်ပေါ်ခဲ့ကြောင်း၊ ယခုအသစ်ဆောက်လုပ်ပေးခြင်းဖြင့် အားလုံးအတွက်အဆင်ပြေသွားမည်ဖြစ်ကြောင်း တည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်သူ ကိုမြင့်ဦးက ရှင်းလင်းပြောကြားသည်။

ကိုကျော်(မင်းဘူး)



# မုံရွာမြို့ ဆုတောင်းပြည့်ပိဋကတ်စာကြည့်တိုက် နှစ်(၂၀)ပြည့်အခမ်းအနားကျင်းပ

မုံရွာ ဇန်နဝါရီ ၁

မုံရွာမြို့ ဆုတောင်းပြည့်ပိဋကတ်စာကြည့်တိုက် နှစ်(၂၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၁ ရက်ကကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဂေါပကဥက္ကဋ္ဌ ဦးတင်အောင်က အဖွင့်ကျေးဇူးတင်စကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဌေးက စာကြည့်တိုက်လုပ်ငန်းစဉ်များကိုရှင်းပြပြီး အတွင်းရေးမှူး ဦးတင်ဝင်းမြင့်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မုံရွာမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်က စာကြည့်တိုက်နှင့်ပတ်သက်၍ ပြောကြားရာတွင် "၂၀၀၀ ပြည့်နှစ်က စတင်ရှင်သန်ခဲ့တဲ့ ဆုတောင်းပြည့် ပိဋကတ်စာကြည့်တိုက်ဟာ အခုဆိုရင် နှစ် ၂၀ သက်တမ်းရှိပါပြီ။ လူ့သက်တမ်းနဲ့ကြည့်ရင် နှစ် ၂၀ ကျော်ဖြတ်ခဲ့ပြီးသားဖြစ်တဲ့အတွက် အသိဉာဏ်ဖွံ့ဖြိုးပြီး ဗဟုသုတတွေ၊ အတွေ့အကြုံတွေစုံနေပါပြီ"ဟု ပြောကြားသည်။

ဆက်လက်၍ မုံရွာမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ်ဒေါ်အမာကြည်က နှစ်(၂၀)ပြည့် စာကြည့်တိုက် မှဒိတာစကားပြောကြားကာ ဘုတလင်မြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇေလင်းမောင်က စာကြည့်တိုက်ရေးရာသိမှတ်စရာများကို လွှတ်တော်အစိုးရဆောင်ရွက်နေရမှုများနှင့် ဆက်နွှယ်ပြောကြားသည်။

"ကျောင်းသား ကျောင်းသူတွေ အနေနဲ့ စာကြည့်တိုက်တွေကို အသုံးချကြပါ။ စာကြည့်တိုက်မှာ အရင်းအမြစ်တွေရှိပါတယ်။ သုတရသစာအုပ်တွေရှိတယ်။ အခုခေတ်မှာ လူငယ်တွေက ဖေ့စ်ဘွတ်ခ်မှာပဲရောက်နေကြတာများတယ်။ အဲဒီမှာ အသံမျိုးစုံ၊ အရုပ်မျိုးစုံ၊ သတင်းမျိုးစုံ ကြားသိရတော့ တချို့လူငယ်တွေ လမ်းလွဲသွားမှာ စိုးရိမ်ရပါတယ်။ လူမှုကွန်ရက်မှာတင် အချိန်ကုန်မခံဘဲ စာကြည့်တိုက်တွေသွားပြီး စာအုပ်တွေရှာဖွေဖတ်ရှုကြပါ။ စာအုပ်တွေက ကိုယ့်ကို လမ်းပြပေးပါတယ်" ဟု ဒေါက်တာဇေလင်းမောင်က ပြောသည်။

ခေတ်အဆက်ဆက် တိမ်မြုပ်ပျောက်ကွယ်နေသည့် ကျပန်းစကားပြောခြင်း၊ စကားရည်လုပွဲများကို စာကြည့်တိုက်ကော်မတီအနေဖြင့် ကြိုးစားဖော်ထုတ်ပေးကြရန် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်က ပန်ကြားသည်။

"ဒါမှ ကလေးတွေ စင်ပေါ်တက်ခွင့်ရပြီး စကားကို ဘယ်လိုပြောမယ်၊ ဘယ်လိုချေပမယ်ဆိုတာတွေကို ပြုစုပျိုးထောင်ပေးရပါမယ်။ စင်ပေါ်မှာ စကားပြောနိုင်တဲ့အထိ လေ့ကျင့်ပေးစေလိုပါတယ်"ဟု ဒေါ်အောင်ကြည်က ပြောသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းပြန်/ဆက်ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ မုံရွာမြို့နယ် စာရေးဆရာအသင်းနာယက ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းစာကြည့်တိုက်ဥက္ကဋ္ဌ ဦးညွန့်စိုး၊ မုံရွာခရိုင် မြန်မာစာချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးစိန်လွင်တို့က စာကြည့်တိုက်နှင့်ပတ်သက်သည့် မှဒိတာစကားပြောကြားကြပြီး စာကြည့်တိုက်အတွက် ရေးသားထားသောရတုကို ဆရာဦးကျော်သက်ခိုင်က ရွတ်ဆိုဂုဏ်ပြုခဲ့သည်။

မျိုးဝင်းထွန်း(မုံရွာ)



# မိတ္ထီလာမြို့၌ 2nd Miss Universe Meiktila 2019 ပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်ရှိ တော်ဝင်နန်းခန်းမတွင် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီက မိတ္ထီလာမြို့ကိုယ်စားပြုအလှမယ်ရွေးပွဲ 2nd Miss Universe Meiktila 2019 ပြိုင်ပွဲကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မိတ္ထီလာမြို့ကိုယ်စားပြု အလှမယ် ၁၇ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အကဲဖြတ်ဒိုင်များဖြစ်ကြသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မေကဗျာအပါအဝင်ဒိုင်ရှစ်ဦးတို့က အမှတ်ပေးစနစ်ဖြင့်စိစစ်ရွေးချယ်ကာ ပြိုင်ပွဲဝင် ၁၇ ဦးမှ ပထမအဆင့် ၁၀ ဦးရွေးချယ်ခဲ့ပြီး ရွေးချယ်ခံရသူ ၁၀ ဦးမှ ဒုတိယအဆင့်ငါးဦးရွေးချယ်ခဲ့သည်။ နောက်ဆုံးရွေးချယ်ခံရသော ဆန်ခါတင်ငါးဦးမှ Miss Universe Meiktila 2019 ရွေးချယ်ခဲ့ရာ ပြိုင်ပွဲဝင် နံပါတ်(၁၅) မစုသဥ္ဇာဝင်း ဆွတ်ခူးရရှိခဲ့ကြောင်း ပြိုင်ပွဲစီစဉ်သူ မန္တလေးမိတ်ကပ်တောက်တောက်က ပြောသည်။

မယ်စကြဝဠာပြိုင်ပွဲဝင်သည့်သမီးလေးများ၏ အကောင်းဆုံးစစ်မှန်သောအရည်အသွေးကို ဖော်ထုတ်ချင်သည့်ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲကျင်းပခြင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင် Miss Universe Meiktila 2019 ဆွတ်ခူးရရှိခဲ့သူ မစုသဥ္ဇာဝင်းအနေနှင့် ရန်ကုန်မြို့တွင်ကျင်းပမည့် Miss Universe Myanmar ပြိုင်ပွဲကို မိတ္ထီလာမြို့ကိုယ်စားပြုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မိတ္ထီလာမြို့ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့်သူအား အကောင်းဆုံးပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထီလာ ကိုငယ်လေး

# ရေနံလက်ယက်တွင်းများမှထွက်ရှိသောရေနံကို အဆင့်မြင့်ဆီ ထုတ်လုပ်ရန် နိုင်ငံသားလုပ်ငန်းရှင်များ ချထားပေးမည်ဟုဆို

မကွေး ဇန်နဝါရီ ၁

မကွေးတိုင်းဒေသကြီးအတွင်း ရေနံလက်ယက်တွင်းများမှထွက်ရှိသော ရေနံများကို အဆင့်မြင့်ဆီထုတ်လုပ်ရန် နိုင်ငံသားလုပ်ငန်းရှင်များကို ချထားပေးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးထံမှ သိရသည်။

"မကွေးတိုင်းဒေသကြီးအတွင်းထွက်ရှိတဲ့ လက်ယက်တွင်းတွေကထွက်တဲ့ ရေနံစိမ်းတွေကို ကုန်ချောချက်လုပ်ဖို့ ပြည်ထောင်စုစွမ်းအင်ဝန်ကြီးဌာနက ဒေသတွင်း ရေနံချက်ဖိုတွေ တည်ထောင်ချက်လုပ်ခွင့် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်း ချက်ဖိုအဆင့်ထက်ကျော်လွန်ပြီး အဆင့်မြင့်ဆီတွေချက်လုပ်နိုင်ဖို့အတွက် ရေနံချက်စက်ရုံအသေးတွေတည်ထောင်နိုင်ရေး၊ ရေနံချက်ရုံတွေစည်ထောင်ဆောက်လုပ်ရန် ဇုန်နေရာရှာဖွေခြင်း၊ နည်းပညာရှာဖွေခြင်းတို့ကို တိုင်းအဆင့်ဌာနဆိုင်ရာကော်မတီနှစ်ခုဖွဲ့စည်းပြီး လုပ်ဆောင်လျက်ရှိပါတယ်။ နိုင်ငံသားလုပ်ငန်းရှင်တွေကို ခွင့်ပြုချက်ချထားပေးမှာဖြစ်ပါတယ်" ဟု မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ခွင့်ပြုမိန့်ရရှိပြီး ရေနံလက်ယက်တွင်းတိမ်လုပ်ကွက်အဟောင်း ၄၅ ကွက်နှင့် အသစ် ၁၁ ကွက်ရှိကြောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ခွင့်ပြုမိန့်ရပြီး သက်တမ်းတိုးလုပ်ကွက် ၂၀ နှင့် လုပ်ကွက်သစ် ၁၂ ကွက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရထံမှ သိရသည်။

"ကျွန်တော်တို့ဒေသကထွက်ရှိတဲ့ ရေနံစိမ်းတွေကို ပခုက္ကူခရိုင်အတွင်းရှိ ရေနံချက်ဖိုတွေဆီကို တင်ပို့ရောင်းချနေရတယ်။ ရေနံချက်ဖိုတွေကလည်း မှော်ထဲအထိဆင်းပြီးလာဝယ်ကြတယ်။ ကိုယ့်ဒေသမှာချက်ဖိုမရှိတော့ ဈေးနှိမ်ပြီးဝယ်လည်း ရောင်းနေရတယ်။ ကျွန်တော်တို့ ဒေသဝန်းကျင်မှာ ရေနံမှော်တွေများစွာရှိပါတယ်။ အစိုးရကခွင့်ပြုချက်နဲ့ ရေနံချက်ဖိုတွေ တည်ပြီး အဆင့်မြင့်ဆီထုတ်ယူမယ်ဆို ကျွန်တော်တို့ဒေသက ရေနံလက်ယက်တွင်းတူးနေတဲ့သူတွေလည်း အဆင်ပြေနိုင်ပါတယ်"ဟု မင်းလှမြို့နယ် ရေနံမရေနံမှော်မှ ကိုရဲမြင့်က ပြောသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ရှိသည့် မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်း ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများကို မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်တို့တွင် လုပ်ကိုင်လျက်ရှိသည်။ ကိုကျော်(မင်းဘူး)

# ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ

မလှိုင် ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီမှ ၁၀ နာရီခန့်အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းကို မလှိုင်မြို့နယ် လမ်းဆုံမီးပွိုင့်၌ ဆောင်ရွက်ခဲ့ကြသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းဆောင်ရွက်ရာသို့ မလှိုင်မြို့နယ် မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်၊ စခန်းမှူး သန်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင် ၁၅ ဦး၊ မိတ္ထီလာခရိုင် အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုရဲမှူး ရန်နိုင်ပါဝင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ ဆိုင်ကယ်ဦးထုပ်များဖြန့်ဝေနိုင်ရေး ကူညီပံ့ပိုးပေးသော ဟိန်းဆိုင်ကယ်ရောင်းဝယ်ရေးမှ ပိုင်ရှင် ဦးညီညီဝေထွန်းနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ယာဉ်လိုင်စင်၊ လူလိုင်စင်နှင့် ဆိုင်ကယ်ဦးထုပ်ဆောင်းသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာသူများကို ဂုဏ်ပြုသောအားဖြင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မလိုက်နာသူများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မလှိုင်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေရာတွင် ဆိုင်ကယ်စီးဦးထုပ်အလုံး ၁၃၀ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဘိုဘို(မလှိုင်)


## မလေးရှားကျန်းမာရေးစောင့်ရှောက်မှုနှင့် သူ့ရဲ့အတွေ့အကြုံ

Malaysia HEALTHCARE



ဒေါ်ဌေးဌေးသောင်း (ဓါတ်ပုံ ဘယ်အစွန်) က မလေးရှား နိုင်ငံ Penang Adventist ဆေးရုံတွင် သူမဆေးကုသ ခံခဲ့သော အတွေ့အကြုံကို ပြောပြခဲ့သည်မှာ -

"ကျွန်မ တကယ်နှစ်သက်တာကတော့ လူနာကို သတင်းအချက်အလက် အပြည့်အစုံပေးတာ၊ ရှင်းလင်းပြောပြတာပါပဲ။ မကုသမီမှာ လည်း ကုသပေးမဲ့ ကုထုံးအကြောင်း ၊ ဘာလို့ အဲ့လို ကုသရမဲ့ အကြောင်း ၊ကုသရင် ကုန်ကျမဲ့ စရိတ်၊ ကုသပြီးနောက် ဆက်လက် ဘယ်လိုစားသောက်၊ နေထိုင်၊ ပြုမူရမလဲ ဆိုတာအထိ အသေးစိတ် ဂရုတစိုက် စိတ်ရှည်ရှည် ရှင်းလင်းပြောပြကြတယ်။ ဆရာဝန်နဲ့ သူနာပြုတွေက ဖော်ရွေကြင်နာကြတာကိုလည်း တကယ် ကျေးဇူးတင် ပျော်ရွှင် ရပါတယ်။ နောက်ပြီး မလေးရှား ကျန်းမာရေးစောင့်ရှောက်မှု ကောင်စီကလည်း လေယာဉ်ပေါ် ကဆင်းကတည်းက လာကြိုတော့ စရောက်ရှိတဲ့ချိန်ကနေ ခရီးစဉ်တစ်လျှောက်လုံး အရာရာ အဆင်ပြေခဲ့ပါတယ်။

Ma Htay Htay Thaung

Our Specialities:
Cancer | Heart | Health Screening

f/medtourismmy.mm #MyHealthIs2020

၀၉ ၇၈၅၃၁၅၉၃၅




တစ်နေ့သ၌ ကျွန်ုပ်သည် လမ်းလျှောက်နေရင်းနှင့် ရုတ်တရက်မိုးရွာလာသောကြောင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ ပြေးဝင်ရလေ၏။ လက်ဖက်ရည်ကျဆိမ့်တစ်ခွက်ကို မှာသောက်ပြီး မိုးခိုလေ၏။

လက်ဖက်ရည်ဆိုင်ထဲမှာတော့ လက်ဖက်ရည်သောက်နေသူ သုံး၊ လေးယောက်မျှသာ ရှိနေလေ၏။

သည်အချိန်မှာပင် မတိုးလွန်း မကျယ်လွန်းသော အသံလေးတစ်သံကို ကြားလိုက်ရလေ၏။

“ဘဏ်ဘယ်အချိန်ဖွင့်မှာလဲဗျ”

ဘယ်သူက ပြောလိုက်မှန်းလဲမသိ။

အသံကတော့ ကျွန်ုပ်နှင့် အတော့်ကိုနီးကပ်သောနေရာမှ ထွက်ပေါ်လာသည့်အသံဖြစ်လေ၏။ ကျွန်ုပ်မှာ မျက်မှောင်ပင် ကုတ်မိလေ၏။

“သူငယ်ချင်း ဘဏ်ဘယ်အချိန်ဖွင့်မှာလဲလို့ မေးလိုက်တယ်လေဗျာ”

သည်တစ်ကြိမ်မှာတော့ အသံကိုသာမက ခြေထောက်ကိုပါ တစ်စုံတစ်ခုနှင့် ပွတ်တိုက်နေသလိုမျိုးဖြစ်နေသောကြောင့် စားပွဲအောက်ခြေကို ငုံ့ကြည့်လိုက်ရာ အမွေးအမှင်မည်းမည်းနှင့် မြေကြွက်တစ်ကောင် ဖြစ်နေလေ၏။ ဘဏ်ဘယ်အချိန်ဖွင့်မှာလဲ မေးနေတာကို လူအောက်မေ့နေတာ လက်စသတ်တော့ မြေကြွက်တစ်ကောင် ဖြစ်နေလေ၏။

စောစောစီးစီး မင်္ဂလာယူရမည့်အချိန်လေးမှာ ထောင်းခနဲ ဒေါသထွက်သွားရလေ၏။

“ဘဏ် ဘယ်အချိန် ဖွင့် ဖွင့်ပေါ့ကွာ၊ သူ့ဘာသာသူ ဖွင့်ချင်တဲ့အချိန်ဖွင့်မှာပေါ့။မင်းနဲ့ ဘာဆိုင်လို့လဲ။ မင်းအလုပ်ဘာများရှိလို့လဲ”

“ဆိုင်တာပေါ့ဗျ။ ကျွန်တော်က ဒီဘဏ်ထဲမှာ အကောင့်ဖွင့်ထားတာဗျ”

ထိုကြွက်၏စကားကို ကြားလိုက်ရသောအခါ ကျွန်ုပ်၏ခေါင်းမွေးများမှာ မိုးကြိုးစက်ကွင်းထဲသို့ဝင်သွားသလို ထိုးထိုးထောင်ထောင်ဖြစ်သွားရပါလေ၏။

“ဘဏ်ဖွင့်ရင် မန်နေဂျာနဲ့ ဝင်တွေ့ပြီး စကားပြောရမယ်ဗျ။ ကျွန်တော့်အကောင့်ထဲက ငွေတွေကို ကျွန်တော့်မိန်းမ လာထုတ်ရင် တစ်ပြားမှထုတ်မပေးဖို့ သေချာပြောထားရမယ်။ လျှောက်လွှာတင်ဆိုလည်း တင်ထားရမယ်”

“နေစမ်းပါဦးကွ၊ မောင်ရင့်မိန်းမက မောင်ရင့်လို ကြွက်ပဲလား။ ပုဂ္ဂလိကဘဏ်တွေမှာ မောင်ရင်တို့လို ကြွက်တွေကလည်း အကောင့်ဖွင့်လို့ရတာပဲလား”

“ဟာ. . . . တောက်တီးတောက်တဲ့ဗျာ။ ဘဏ်တွေက ကြွက်တွေကို အကောင့်ပေးဖွင့်ပါ့မလားဗျ၊ ရူးနေတာမှ မဟုတ်တာ”

“မောင်ရင်ပဲ ပြောလိုက်တာလေ။ ဒီဘဏ်မှာ အကောင့်ဖွင့်ထားတာဆိုပြီး”

“ဖွင့်ထားတဲ့အကောင့်က ကျွန်တော် လူဘဝတုန်းက ဖွင့်ထားခဲ့တဲ့ အကောင့်ဗျ။ ဒီအကောင့်နဲ့ပဲ ငွေသွင်းငွေထုတ် ကျွန်တော်လုပ်လာခဲ့တာ။ လွန်ခဲ့တဲ့နှစ်လလောက်ကတော့ ဆိုင်ကယ်ချင်းတိုက်မိပြီး ကျွန်တော်ရှောသွားခဲ့တယ်ဗျာ။ ရှောဘရားသားဖြစ်သွားတော့ စတုမဟာရာဇ်လို၊ တာဝတိံသာလို နတ်ပြည်ကိုများရောက်သွားမလားလို့ အောက်မေ့တာ ဘယ်ဟုတ်ရမလဲဗျာ ကြွက်ဘဝကို တန်းရောက်သွားတာဗျို့။ ကြွက်ထဲမှာတောင် ရိုးရိုးကြွက်မဟုတ်ဘူး ကိုယ့်လူ၊ မြေကြီးထဲမှာ တွင်းတူးနေရတဲ့မြေကြွက်ဗျ။ ဘာပဲပြောပြောဗျာ ကျွန်တော့်အကောင့်ကိုတော့ ကျွန်တော်အသေအချာမှတ်မိနေတယ်ဗျာ။ ကျွန်တော်သေလို့ တစ်လတောင်မပြည့်သေးဘူး၊ နောက်ယောကျ်ားကောက်ယူသွားတဲ့မိန်းမကိုတော့ တစ်ပြားမှ မပေးနိုင်ဘူးဗျာ”

“နေစမ်းပါဦး သူငယ်ချင်းရ”

မောင်ရင့်အကောင့်ထဲမှာ မောင်ရင်က ဘယ်လောက်များ ထည့်ထားတာမို့လို့လဲ”

“ပါးပါးလေးပါ သူငယ်ချင်းရာ။ သိန်း ၃၀၀၀ ကျော်ကျော်လေးပါဗျာ”

“ဘာကွ သိန်းပေါင်း ၃၀၀၀ ကျော်ဟုတ်လား။ သိန်း ၃၀၀၀ ကျော်ဆိုတော့ ဘယ်နည်းလိမ့်မလဲ သူငယ်ချင်းရာ။ ဒါနဲ့ နေစမ်းပါဦးကွ။ လူ့ဘဝတုန်းက မောင်ရင် ဘယ်လိုဌာနမျိုးမှာများ အလုပ်လုပ်ခဲ့တာလဲဆိုတာ သိစမ်းပါရစေကွာ”

“ဌာနဆိုင်ရာဝန်ထမ်းတစ်ယောက်ဆိုရင် ပြီးတာပါပဲဗျာ။ ဘယ်ဌာနလဲလို့တော့ မမေးနဲ့ဗျာ။ နောက်ကြောင်းပြန်လှည့်လာရင် ဂိသွားမှာဗျ”

“ဟား . . . . ငါ့ကောင်ရာ၊ ကြွက်ဖြစ်နေပြီပဲကွာ။ ဘာများ စိုးရိမ်စရာရှိတော့လို့လဲ”

“ပြောလို့ရမလားဗျ။ ခင်ဗျားတို့ဟာက ခုတစ်မျိုး တော်ကြာတစ်မျိုးတွေ။ အချိုကြီးသမနေတဲ့လူတွေတော့ မသိချင်၊ မမြင်ချင်ဟန်ဆောင်ပြီး ကျုပ်တို့လို အရိုးအရင်းလေးမှိဝထားတဲ့လူတွေကို နောက်ကြောင်းပြန်လိုက်ရင် မြေကြွက်ဘဝနဲ့တောင် အင်းစိန်တို့ ဘာတို့ရောက်ချင်ရောက်သွားနိုင်တာဗျ”

“ပူမနေပါနဲ့ကွာ၊ အဲဒီလိုဝင်သွားရင်လည်း မင်းတစ်ကောင်တည်းတော့ မဖြစ်နိုင်ပါဘူး။ မင်းနဲ့အတူတူလုပ်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တွေပါ အများကြီးပါလာမှာပါ မောင်မောင်ကြွက်ရာ”

> “ တိုင်းရင်းသားကြွက်မိဘနှစ်ပါးက မွေးထုတ်ပေးလိုက်တဲ့ ပြည်တွင်းဖြစ် မြေကြွက်လေးတစ်ကောင်ဟာ သတင်းစာရှင်းလင်းပွဲလေးတောင်မှ မလုပ်ရဘူးဆိုတော့ စိတ်ထိခိုက်လွန်းလို့ပါဗျာ။

“ခင်ဗျားပြောတာလည်း ဟုတ်တာပဲဗျ။ ဝိဓုရ မြင်းမြီးဆွဲသလို တန်းလန်းတန်းလန်းနဲ့ အတွဲလိုက်ကြီးပါလာမှာ သိပ်သေချာတာပေါ့ဗျာ။ ခွင်တစ်ခုပေါ်လာရင် ကျွန်တော်တို့က ပတ်လည်စနစ်နဲ့ ဝိုင်းသမခဲ့တာမို့လား။ ဖဒေသာကပွဲသဘောမျိုး မြိုင်မြိုင်ဆိုင်ဆိုင်ကြီးဆိုတော့ ပျော်စရာတောင် ကောင်းသွားနိုင်တယ် အပေး ပေး ပေး။ ဒါပေမဲ့ အာစရိရယ် ပျော်ရတာက နောက်မှဗျ၊ လောလောဆယ်မှာတော့ ကျွန်တော့်မှာ စောစောက ပြောသလို သောကတွေ တအားကိုများနေတယ်ဗျာ။ သောကတွေများလွန်းလို့ ဒီပရက်ရှင်တောင်ဝင်နေပြီလား မသိဘူး”

“ဘဏ်အကောင့်ကိစ္စကို ပြောချင်တာလား”

“သေချာတာပေါ့ဗျာ၊ ဘဏ်အကောင့်ကိစ္စကို ရတက်မအေးဖြစ်နေရတာပေါ့။ ဘယ်လောက်တောင် သောကတွေဖိစီးနေသလဲဆိုရင် ညဘက်တွေဆို အိပ်လို့တောင်မပျော်တော့ဘူးဗျာ။ ဟိုတစ်ညတုန်းကတော့ သွားပြီးစဉ်းစားမိတယ် အာစရိရ။ ရှေ့နေတစ်ယောက်ငှားပြီး နို့တစ်ပေးခိုင်းရင် ကောင်းမလားလို့”

“ဟာ . . . . တောက်တီးတောက်တဲ့ကွာ။ ရှေ့နေက မင်းလိုကြွက်တစ်ကောင် နို့တစ်ပေးခိုင်းတာကို လုပ်ပါ့မလားကွ”

“ဒါဖြင့်ရင် ကျွန်တော့်ရဲ့ ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ကျွန်တော်ဘာမှလုပ်လို့မရတော့ဘူးပေါ့လေ။ အဲဒီလိုသဘောမျိုးပြောချင်တာလား”

“အဲဒီလိုတော့လည်း မဟုတ်ရပါဘူးကွာ။ အဲဒီနည်းလမ်းအစား ဒီ့ပြင်နည်းလမ်းတစ်ခုခုကို စဉ်းစားကြည့်ရင် ကောင်းမလားလို့ပါ”

“ဒါဖြင့်ရင်လည်း ဘဏ်မန်နေဂျာနဲ့ဝင်တွေ့ပြီး အကျိုးအကြောင်း ရှင်းပြမယ်ဗျာ။ ရှင်းပြတာကိုမှ လက်မခံဘူးဆိုရင် တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်မယ်ဗျာ”

“ခြေလှမ်းတွေကလည်း ကျဲလှချည်လား ငါ့ကောင်ရာ။ မင်းလို ကြွက်တစ်ကောင်က ဆန္ဒထုတ်ဖော်မယ်ဆိုတော့ လူရယ်စရာဖြစ်နေပြီပေါ့ကွာ။ နည်းနည်းပါးပါးများ စဉ်းစားကြည့်စမ်းပါဦး ငါ့ကောင်ရာ”

“ဒါဖြင့်ရင်လည်း သတင်းစာရှင်းလင်းပွဲ လုပ်မယ်ဗျာ။ သတင်းစာတိုက်တွေ၊ ဂျာနယ်တိုက်တွေ၊ တီဗွီချန်နယ်တွေ အကုန်ဖိတ်မယ်ဗျာ။ အဲဒါက ပိုပြီးတော့တောင် ကောင်းသေးတယ်။ ခင်ဗျားတို့ဆီမှာ သတင်းစာရှင်းလင်းပွဲဆိုတာ တစ်နေ့ကို အနည်းဆုံး လေးငါးခြောက်ခုလောက် လုပ်နေကြတာမို့လား”

“ဟ မောင်ရင့်ဟာကလည်း အဆင့်မြင့်လှချည်လားကွ”

“ဘာလဲဗျ၊ သတင်းစာရှင်းလင်းပွဲလည်း မလုပ်ရဘူးလား”

“လုပ်လည်း လုပ်လုပ်ပါပဲ ငါ့ကောင်ရာ၊ ဘာများထူးခြားလာတာရှိလို့လဲ။ လူတွေ ဒီလောက်ခြိမ့်ခြိမ့်သဲသဲ လုပ်နေကြတာတောင် ဘာမှထူးခြားမလာတဲ့ဟာ မောင်ရင့်လိုကြွက်တစ်ကောင်က သတင်းစာရှင်းလင်းပွဲထလုပ်တော့ ဘာများထူးခြားလာမှာမို့လို့လဲ”

“ထူးလာတာ မလာတာက တစ်ပိုင်းပေါ့ဗျာ။ လောလောဆယ်မှာ ကြွက်အခွင့်အရေးတွေဆုံးရှုံးနေရတာကို လူတွေသိသွားလိမ့်မယ်ဗျာ၊ ဒါသိပ်အရေးကြီးတာပေါ့ အာစရိရာ”

“မောင်ရင်ပြောပုံက ကြွက်အခွင့်အရေးကို ဂျီနီဗာစာချုပ်ထဲမှာ ထည့်ချုပ်ထားတာကျနေတာပဲ”

“ဟား အာစရိကလဲဗျာ၊ လူတစ်ယောက်ဟာ ကြွက်ဖြစ်သွားတာနဲ့ပဲ ဘာမှပြောရေးဆိုခွင့် မရှိရတော့ဘူးလားဗျာ။ ဒီမိုကရေစီနိုင်ငံတော်မှာ ကြွက်တွေရော အကျုံးမဝင်ဘူးလားဗျာ။ ဥပဒေနဲ့အညီ မြေကြီးထဲမှာ တွင်းတူးနေထိုင်ပြီး ရိုးသားစွာလုပ်ကိုင်စားသောက်နေကြတဲ့ ကျွန်တော်တို့ ကြွက်တွေဟာလည်း ဟောဒီနိုင်ငံသားတွေပဲ မဟုတ်ဘူးလားဗျာ”

“ဟား မောင်ရင့်စကားလုံးတွေကလည်း မြင့် မြင့်လာလိုက်တာ လိုက်မမီချင်တော့ဘူး မောင်မောင်ကြွက်ရာ”

“မှန်သောစကားကိုပြောနေတာပါ အာစရိရာ။ ကျွန်တော်ဟာ လူဖြစ်တုန်းကလည်း ဒီနိုင်ငံမှာမွေးဖွားခဲ့တာပါ။ ကြွက်ဖြစ်သွားတော့လည်း ဒီနိုင်ငံမှာပဲဖြစ်ခဲ့တာပါ။ အဲဒီလို တိုင်းရင်းသားကြွက်မိဘနှစ်ပါးက မွေးထုတ်ပေးလိုက်တဲ့ ပြည်တွင်းဖြစ် မြေကြွက်လေးတစ်ကောင်ဟာ သတင်းစာရှင်းလင်းပွဲလေးတောင်မှ မလုပ်ရဘူးဆိုတော့ စိတ်ထိခိုက်လွန်းလို့ပါဗျာ”

“မလုပ်ရဘူးလို့ ငါမပြောမိပါဘူး သူငယ်ချင်းရာ၊ မောင်ရင် လုပ်ချင်သပဆိုရင် လုပ်လို့ရနိုင်ပါတယ်ကွာ။ ဒီလိုပဲ သူများတွေလည်း လုပ်နေကြတာပဲလေ ဟုတ်ပြီလား”

“အိုကေဗျာ၊ လုပ်မယ်ဗျာ။ အဲဒီလိုလုပ်ဖြစ်ရင် စာနယ်ဇင်းသမားတွေနဲ့ ရုပ်သံလိုင်းက လူတွေကို လူစုံအောင်ဖိတ်မယ်ဗျာ။ ဟောအာစရိနဲ့ စကားပြောရတာ ကောင်းပေမယ့် ဘဏ်ရှေ့မှာ ရုံးစုရုံးစုနဲ့ လူတွေတိုးဝှေ့ကုန်ပြီဗျ။ ဘဏ်ဖွင့်တော့မှာနဲ့တူတယ်။ သွားပြီဗျာ အာစရိ။ နောက်မှပဲတွေ့တော့မယ်”

အလွန်မှပင် လျင်မြန်ဖျတ်လတ်တော်မူသော မြေကြွက်ပင်ဖြစ်လေ၏။ စားပွဲအောက်မှ ခေါင်းမည်းမည်းလေး ပြူထွက်လာပြီး ဘဏ်ရှေ့သို့ လှစ်လှစ် လှစ်လှစ်နှင့် ပြေးထွက်သွားပုံမှာ စက္ကန့်ပိုင်းမျှသာ ကြာမြင့်ပါလေ၏။

နောက်ဆက်တွဲ သတင်းအနေနှင့် ထိုကြွက်သည် ဘဏ်တိုက်ထဲ အဝင်အဝမှာ လူတွေနင်းမိလို့ပဲ ပြားချပ်သွားခဲ့ပြီလား၊ ဒါမှမဟုတ် ဘဏ်မန်နေဂျာနဲ့တွေ့လို့ပဲ အဆင်ပြေသွားခဲ့လေသလား။

မြို့တော်ခန်းမရှေ့မှာပဲ တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်ပွဲကို ဗိနိုင်းထောင်ပြီး အကျအနပြုလုပ်ခဲ့လေသလား၊ ဒါမှမဟုတ် စာနယ်ဇင်းတွေကိုဖိတ်ပြီး သတင်းစာရှင်းလင်းပွဲပဲ ပြုလုပ်ခဲ့လေသလားဆိုတာကိုတော့ ကျွန်ုပ်လည်း ယနေ့အချိန်အထိ သေချာစွာ ဂဃနဏ မသိရသေးပါကြောင်း။ ။






# နှစ်သစ်မှာ လွင့်လာတဲ့ အမှောင် အမှိုက်ဟောင်းများ



**မြတ်လှိုင်း**

မြောက်ပြန်လေနဲ့အတူ သက္ကရာဇ်တစ်ခု လွင့်မျောပြီး ပါလာတယ်။ ထုံးစံအတိုင်း နှစ်သစ်ကိုကြိုနေကျ သစ်ပင်အိုကြီးက ဖမ်းဆုပ်လိုက်တယ်။ သက္ကရာဇ်အသစ်ကို ဆီးကြိုနမ်းလိုက်ပြီးမှ သစ်ပင်အိုကြီးက နှာခေါင်းရှုံ့ပြီး သက်ပြင်းတွေမှုတ်ထုတ်လိုက်တယ်။ လေးလေးပင်ပင်နဲ့ ခေါင်းခါလိုက်ပြီး "ဘာမှလဲ မပြောင်းလဲပါဘူးကွာ"လို့ ခပ်တိုးတိုးလေး ညည်းလိုက်တယ်။ သစ်ပင်အိုကြီးအောက်မှာတော့ မြက်ပင်ရိုင်းတွေ တောထလို့။ မြက်ပင်ရိုင်းတွေကြားမှာ ဆူးပင်တွေက နွယ်တက်နေကြ။ ဒီနွယ်ဆူးပင်တွေက ကောင်းကင်အမှောင်တွေကို ဆွဲယူစားသုံးနေကြတာ တွေ့နေရ။ အတော်ကြာပြီ။

ဒီအဖြစ်အပျက်တွေကို သစ်ပင်အိုကြီး ငုံကြည့်နေခဲ့ရလို့ ခါးကြီးတောင်ကိုင်းနေလေရဲ့။ မြောက်ပြန်လေထဲမှာလွင့်ပါလာတဲ့အမှိုက်တွေကလည်း မြက်ရိုင်းတွေနဲ့ ဆော့မြူးကစားနေကြပြီ။"အရူးတွေ. . . အရူးတွေ"ဆိုပြီး သစ်ပင်အိုကြီးက အော်ပြောလိုက်တယ်။

**ဆူးတွေ ရှိတယ်**
**အရူးတွေ ရှိတယ်**
**အမှိုက်လို လွင့်လာတဲ့သူကို**
**အမှိုက်တွေက ဆီးကြိုကြပြန်တယ်။**

ဒီလိုမျိုး အမှိုက်ကောက်ဟန်ပြပြီး အမှိုက်တွေပြန်ပွနေကြတာလည်း အတော်ကြာပြီ။ မြောက်ပြန်လေနဲ့ လွင့်ပါလာကြတာမျိုး မဟုတ်ပါဘူး။ မုတ်သုံလေနဲ့လည်း ပါလာနေတာပါပဲ။ နောက်နွေရာသီမှာလည်း လေပွေလေရိုင်းတွေလို လွင့်ပါလာကြဦးမှာ။ အာဖရိကလူရိုင်းတွေလို ပုံအရိုင်းတီးပြီး ရှူးရှူးမူးမူးနဲ့ ကကြဦးမယ်။ ရှုပ်ထွေးနေတဲ့ခေတ်ကြီးက အမှိုက်တွေပွပြီး အရူးတွေ'က'နေကြတာ ပိုရှုပ်ထွေးနေရပြီ။

ဘာပဲဖြစ်ဖြစ် သက္ကရာဇ်သစ်မှာ စိတ်ဝင်စားစရာတွေတော့ ပါလာလိမ့်မယ်ထင်နေကြ။ အပြောင်းအလဲတစ်ခုတော့ ဖြစ်လာနိုင်ပါတယ်။ အခုအချိန်ထက် နည်းနည်းလေး ပိုကောင်းလာမလား၊ ဒီအတိုင်းပဲလား၊ ဒီ့ထက် ပိုဆိုးသွားလေမလား စောင့်ကြည့်နေတဲ့ သစ်ပင်အိုကြီးတောင် ရင်တွေခုန်လို့။ လက်ရှိ ကောင်းကင်ကြီးကတော့ မှောင်မှောင်မည်းမည်း။

**လှေကားတစ်လျှောက်**
**အမှောင်ကိုဖြိုပြီး လျှောက်လာသူမှာ**
**နာမည် ပါမလာဘူး**
**မှောင်နေပေမယ့်**
**ဘယ်သူမှ လမ်းမီး ဖွင့်မထားဘူး**
**လမ်းဟာ တစ်ဆစ်ချိုးကွေ့လိုက်တိုင်း**
**နံရံနဲ့တိုက်မိ။**

ခေတ်ကြီးကလည်း အသိတွေ ပိုပိုမှောင်လာ။ မှတ်ထားတဲ့ အတိတ်တွေကလည်း မှောင်မှောင်မည်းမည်းထဲမှာ လမ်းလျှောက်လာတဲ့ တစ္ဆေတစ်ကောင်လို။ အဟောင်းတွေက ပြန်သစ်ချင်ယောင်ဆောင်နေကြ။ အသစ်တွေက အဟောင်းနံ့တွေ သဲ့ယူနေကြ။ အမှောင်ခန်းထဲက လှေကားပေါ်မှာ နာမည်ပါမလာတဲ့ အရူးတစ်ကောင်။ အစိမ်းကြောင်လား။ အနီကောင်လား။ ဘယ်သူမှ နာမည်မေးလို့မရတော့ဘူးဆိုရင် လမ်းတစ်ဆစ်ချိုး ကွေ့လိုက်တိုင်း နံရံနဲ့တိုက်မိပြီး လဲကျသွားကြ။ လမ်းအဆစ်ချိုးတွေက မြွေလိမ်မြွေကောက်လို ရှုပ်ထွေးလာနေပြီ။

မည်းမှောင်နေတဲ့လမ်းမှာ ဘယ်သူမှ မီးမဖွင့်ထားဘူး။ အကုန်လုံး စမ်းတဝါးဝါး။ အမှောင်ကိုကြောက်တဲ့ ကြောင်တစ်ကောင်က ထွက်ပြေးသွားတယ်။ အမှောင်လမ်းထဲကို ရောက်လာတဲ့ တစ္ဆေလန့်ပြီးအော်လိုက်သံက စစ်မြေပြင်မှာ "ပစ်" အမိန့်ပေးသံကြီးလို ထွက်သွားတယ်။

**ဘာလဲ**
**မင်းက တစ်စုစုဖြစ်ရင်**
**မီးပေါက်သေနတ်နဲ့ ခံချမလို့လား**
**အနံ့အသက်ဟာ**
**ကျောက်ခေတ်ထဲ ပြန်တိုးဝင်သွားတယ်**
**အကောင်အထည်ဟာ**
**ကွန်ကရစ်ခဲပေါ် အရည်ပျော်ပြီး**
**အငွေ့ပြန်သွားတယ်။**

သစ်ပင်အိုကြီးက "အရူးတွေ. . . အရူးကောင်တွေ။ တဆိတ်ရှိ ထတိုက်ဖို့ပဲ အမိန့်ပေးနေကြ။ ကျောက်ခေတ်ကြီးထဲ ပြန်ရောက်သွားပြီ။ ကြောက်ခေတ်ကြီးကို အမိန့်ပေးပြီး သတ်ခိုင်းနေကြတယ်" တဲ့။ အတော်စိတ်ပျက်စရာကောင်းနေပြီ။

မြောက်ပြန်လေတွေဟာ အမှောင်အမှိုက်တွေ သယ်ဆောင်လာရုံတင်မကဘဲ ယမ်းငွေ့တွေပါ သယ်ဆောင်လာခဲ့။ ဆောင်းရာသီလည်း အရည်ပျော်ပြီး အပူငွေ့တွေ ပြန်သွားရတယ်။ သက်ရှိလူတွေရဲ့ အသက်တွေလည်း အငွေ့ပြန်သွားကြ။

**ဒီနေရာက စီးမြင်ရတာ**
**မီးပင်လယ်ရဲ့ အစနဲ့အဆုံး**
**တစ်စုစုဖြစ်နိုင်တယ်**
**ထောက်ထားတဲ့ ခြေဖျား ခွေကျသွားတယ်**
**မော့ထားတဲ့ ဦးခေါင်း မြုပ်သွားတယ်။**

စီးမြင်နေရတဲ့ မီးပင်လယ် အစအဆုံးထဲမှာ လူငရဲခန်းကို တွေ့လိုက်ရတယ်။ "ကျွန်တော်တို့ကို ဒီညအဖို့ အစာပေးပါလို့ တစာစာ တောင်းနေကြ"။ တစ်ပြည်လုံးမှာ အမှောင်တွေ၊ အမှိုက်တွေနဲ့ သူတောင်းစားတွေ ပြည့်နှက်နေကြ။ ဘယ်သူမှ မလုံခြုံကြတော့ဘူး။ မှောင်မည်းနေတဲ့ ကောင်းကင်ကြီးက ဟင်းလင်းပွင့်ထွက်သွားပြီး အမှောင်ခေတ်တွေပဲ သွန်ချပေးနေတယ်။

**ဒီနေရာမှာ ကောင်မလေးရဲ့ခါးကို**
**ဖက်ထားမိတာလည်း အန္တရာယ်မပေါ်**
**အနည်ကျကျောက်တွေ ထိုးထွက်လာတယ်**
**နီတွေ အာကာသထဲ ပျံသန်းနေတယ်**
**ခေါင်းပေါ်မှာ နေဟာ အေးစက်လို့။**

သက္ကရာဇ်အသစ်ကြီးက ပြန်ညည်းတွားနေရပြီ။ မရောက်ချင်ဘဲ ရောက်လာခဲ့ရတာ။ မနေချင်ဘဲ နေနေရတာ။ အမိုးပွင့်ထွက် အိမ်အိုကြီးလိုပဲ။ ဒီလို မလုံခြုံဘဲနေရတော့ ကောင်မလေးရဲ့ ခါးကိုတောင် မဖက်ထားရဲ။

**အစုရပ်နေတဲ့ နေရာက**
**အစုလည်နေတဲ့ နေရာ**
**ငါ ကျည်ဆန်တစ်တောင့်ကို ထည့်တယ်**
**ခလုတ်ကို ဖြုတ်တယ်**
**ဒီမှာ မိုးကြီးစုပ်စုပ်**
**အရှေ့မှာ ရောင်ဝါထွန်းလင်းလာပြန်တယ်။**

မှောင်မည်းနေတဲ့ ခေတ်ကြီးထဲမှာ ခါးကိုင်းနေတဲ့ သစ်ပင်အိုကြီးက ဝမ်းနည်းစွာနဲ့ သက္ကရာဇ်အနောက်ကို လှမ်းမျှော်ကြည့်လိုက်တယ်။ မိုးကြီးစုတ်စုတ်က အရှေ့ဘက်မှာ ရောင်ဝါထွန်းလင်းလာမလားလို့။

ဒီလိုမျှော်ရင်း မြောက်ပြန်လေဟာ ဆောင်းကိုပြန်ခေါ်သွားရမယ်။ သက္ကရာဇ်အသစ်ကြီး ပြန်ဟောင်းသွားရမယ်ဆိုရင်. . .။ ။

(ကဗျာဆရာအေးမင်းစောရဲ့ **'ငါတို့နေတဲ့အလွှာ'** ကဗျာကို ခံစားရေးဖွဲ့ပါတယ်။)

## နွံမှာကျွံဝင်ခြင်း နှစ်များစွာ

**အောင်လွန်း**

နွံဆိုတာ
ကျွံတတ်တဲ့ သဘောရှိတော့
တစ်ကွေ့ကွေ့မှာ
အဲဒီလှည်းဘီး ကျွံတာပဲ။

နွားတွေကလည်း နွားနဲ့တူအောင် ရုန်းကြ
လှည်းပေါ်က လူတွေကလည်း
အော်ဟစ်ငေါက်ငမ်းသံလေး တမြမြ
ကြိမ်ကလေး တဝှေ့ဝှေ့။

ဟော့. . .
ဒီနွံမှာ နှစ်စရာလား
ငေါ်သံ၊ ချော့သံ တလူလူနဲ့
နောက်ဆုံးမှာတော့
ဘုံရည်မှန်းချက်အဖြစ်
မျက်နှာချင်းဆိုင်အရပ်က
ပြိုင်တူပိုင်းတွန်းလိုက်ကြတာ
ချွေးသာရွှဲတယ်
လှည်းက မရွေ့။ ။



# မန္တလေးတောင် ပန်းချီပြခန်းတွင် NEW YEAR NEW MEN 2020 ပန်းချီပြပွဲပြသ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးမှ ပန်းချီဆရာ ၁၂ ဦး၏ New Year New Men 2020 ပန်းချီပြပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ မန္တလေးတောင် ပန်းချီပြခန်းတွင် စတုတ္ထအကြိမ်မြောက် ခင်းကျင်း ပြသမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ-လှိုင်ထွေးအောင်

နှစ်သစ်ကူးချိန်တွင် ပန်းချီဆရာများပူးပေါင်း၍ New Year New Men ပန်းချီပြပွဲများ ကျင်းပလာခဲ့ရာ ယခုနှစ် စတုတ္ထအကြိမ်မြောက် ပန်းချီပြပွဲတွင် ပန်းချီဆရာ ၁၂ ဦးတို့က ၂၀၂၀ ပြည့်နှစ်ကို ကြိုဆိုသည့်အနေဖြင့် ပန်းချီကား ၁၀ ကားစီဖြင့် စုစုပေါင်းပန်းချီကား ၁၀၀ ကျော် ခင်းကျင်းပြသခြင်းဖြစ်သည်။

"ဒီနှစ်ကျင်းပတာ စတုတ္ထအကြိမ်မြောက်ပြပွဲမှာပါတဲ့ ပန်းချီဆရာ ၁၂ ဦးထဲမှာ ဆရာညောင်ဦးသန်းဌေးနဲ့ ကျွန်တော်က ဓာတ်ပုံသမားတွေပါ။ ဓာတ်ပုံနဲ့ဆက်နွယ်တဲ့ ပန်းချီအနုပညာဘက်ကိုပါ ဝါသနာအရ ရေးဆွဲပြသခြင်းဖြစ်ပါတယ်။ နောက်ပြီး အမျိုးသမီးပန်းချီဆရာမနှစ်ဦးတို့ ပူးပေါင်းပါဝင်ပြသတာကလည်း ထူးခြားမှုတစ်ခုလို့ ပြောချင်ပါတယ်"ဟု ဓာတ်ပုံလောကတွင် ထင်ရှားသူ အောင်ကျော်ထွန်း(ပုသိမ်ကြီး)က ပြောသည်။

အဆိုပါပန်းချီပြပွဲတွင် မန္တလေး ပန်းချီဆရာများဖြစ်ကြသော ညောင်ဦးသန်းဌေး၊ ဒေါက်တာဇော်ထွန်းလင်း၊ သောင်းလွင်၊ အောင်ကျော်ထွန်း၊ ဆွေနိုင်စစ်၊ ကျော်စိုး၊ အေးသန္တာလှိုင်၊ ယဉ်မိုးဦး၊ စိုးငြိမ်း၊ မိုးဦး၊ ဟိန်း၊ ကျော်မင်းဝင်းတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် ပန်းချီကား ၁၀၀ ကျော်ခင်းကျင်းပြသရာ တစ်ကားလျှင် ကျပ် ၅၀,၀၀၀ မှ ၁၅၀,၀၀၀ အထိ တန်ဖိုး သတ်မှတ်ရောင်းချခဲ့သည်။

New Year New Men 2020 ပန်းချီပြပွဲဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ပန်းချီဆရာကြီးများဖြစ်ကြသော ဦးခင်မောင်သန်း၊ ဦးကိုကိုကြီး၊ ဦးဇော်ဝင်း(သစ်ထွင်း)နှင့် ဆရာမာယိန္ဒတို့က မှဒိတာစကားများ ပြောကြသည်။

ပန်းချီပြပွဲကို ဇန်နဝါရီ ၅ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ နံနက် ၉ နာရီ မှ ညနေ ၅ နာရီအတွင်း လာရောက်လေ့လာကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**လှိုင်ထွေးအောင်**

မြန်မာတိုင်းမ် Established 2000 Myanmar Times Daily





# ၂၀၂၀ နှစ်သစ်ကို ရော့ခ်သီချင်းများဖြင့် ကြိုဆိုခဲ့သည့် ရော့ခ်ပါတီပွဲကျင်းပခဲ့

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၂၀ နှစ်သစ်ကို ရော့ခ်သီချင်းများသီဆိုကာ ပရိသတ်များနှင့်အတူ Countdown ဖြင့် ကြိုဆိုဖြတ်သန်းခဲ့သည့် ရော့ခ်ပါတီဖျော်ဖြေပွဲကို ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) အပြင်ဘက်၌ ကျင်းပခဲ့သည်။

နှစ်စဉ်ကြိုဆိုပွဲတွင် အင်ပါယာတီးဝိုင်းနှင့်အတူ ဇော်ဝင်းထွဋ်၊ ရင်ဂို၊ စည်သူလွင်၊ ရဲသွင်၊ သျှီတို့ ဖျော်ဖြေခဲ့ကြပြီး The Runner Up Band ဖြင့် ဝေလ၊ Break through Band ဖြင့် မာရဇ္ဇ၊ Burma Revolution Band ဖြင့် လင်းလင်းတို့က ပရိသတ်အကြိုက် တေးသီချင်းများကို သီဆိုဖျော်ဖြေခဲ့ကြသည်။

ည ၁၂ နာရီတိတိအချိန်တွင် ပရိသတ်နှင့်အတူ Count-down ပြိုင်တူရေတွက်၍ မီးရှူးမီးပန်းများဖောက်ကာ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုခဲ့ကြသည်။

စင်မြင့်ဖျော်ဖြေပွဲများတွင် မတွေ့ရသည်မှာ ကြာပြီဖြစ်သော မာရဇ္ဇနှင့် ရဲသွင်တို့ကို ပြန်လည်ပွဲထုတ်ခဲ့သည့် ရော့ခ်ဘုရင် ဇော်ဝင်းထွဋ် ဦးဆောင်သော ရော့ခ်ပါတီပွဲသည် ပရိသတ်ဆန္ဒနှင့် ထပ်တူကျခဲ့ကြောင်း တွေ့ရသည်။

နီ



# Mrs Universe 2019 Winner ဆုအပြင် Talent ဆု သုံးဆုကိုပါ ဆွတ်ခူးရရှိခဲ့သည့် Mrs ဟန်နီချို

**ရန်ကုန် ဇန်နဝါရီ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် (၄၂)ကြိမ်မြောက် အိမ်ရှင်အဖြစ် ကမ္ဘာ့အခမ်းနားဆုံး လက်ခံကျင်းပမည့် Mrs Universe 2019 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သူ အိမ်ထောင်ရှင်အလှမယ် ဟန်နီချိုသည် Mrs Universe 2019 Winner ဆု၊ Four Seasons Beautiful Woman Award ဆု၊ Mrs Universe Personality Award ဆုနှင့် Mrs Universe Best In Talent Award ဆုများကိုပါ ဆွတ်ခူးရရှိခဲ့သည်။

"ဆုရတယ်ဆိုပြီး ပထမဦးဆုံး သိလိုက်ရတဲ့အချိန်မှာ ဝမ်းသာဂုဏ်ယူပြီး ပြောမပြတတ်လောက်အောင် ပျော်ရွှင်မိပါတယ်။ နောက် Winner အနေနဲ့ ပထမဦးဆုံး First walk လျှောက်တဲ့အခါမှာ မြန်မာနိုင်ငံအလံကို ပြိုင်ပွဲဝင် နိုင်ငံ ၉၀ ကျော်ရှေ့မှာ အနိုင်ရရှိသူ Winner အနေနဲ့ ဂုဏ်ယူစွာနဲ့ ဝှေ့ရမ်းခွင့်ရရှိခဲ့ပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ တတ်နိုင်တဲ့ဘက်က တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာကနေ ကြိုးစားပေးနိုင်ခဲ့တယ်ဆိုတဲ့ အသိလေးက ဟန်နီ့တစ်ကိုယ်လုံး ကြက်သီးထပြီး ပီတိမျက်ရည်တွေကျတဲ့အထိပါ။ အောက်မှာရှိတဲ့ မိသားစုနဲ့ Organization ကလည်း ဂုဏ်ယူစွာနဲ့ ပျော်ရွှင်နေတဲ့အတွက် မြန်မာပြည်ကနေ ကြည့်ရှုအားပေးတဲ့သူတွေရော၊ မြန်မာနိုင်ငံကနေ Mrs Universe ပွဲကြီးမှာ အနိုင်ရလာခဲ့တယ်ဆိုတာကို သိရှိကြမယ်။ မြန်မာပြည်သူတွေရော ဂုဏ်ယူအားပေးနေကြမယ်လို့ ယုံကြည်မိပါတယ်။ ပြိုင်ပွဲမတိုင်ခင်ကရော ပြိုင်နေစဉ်အချိန် ကြိုးစားအားထုတ် ပင်ပန်းခဲ့ရတဲ့ အရာတွေအတွက်လည်း ကျေနပ်အားရမိပါတယ်"ဟု အလှမယ် Mrs ဟန်နီချိုက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ နိုင်ငံပေါင်း ၉၀ ကျော်မှ အိမ်ထောင်ရှင်အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Mrs ဟန်နီချိုသည် Talent ပိုင်းကို မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်သေးဖြင့် သမီးဖြစ်သူနှင့်အတူ ကပြဖျော်ဖြေခြင်း၊ National Costume ပိုင်းတွင် ပန်ထွာဘုရင်မဝတ်စုံအပြင် ဒေါင်းဝတ်စုံ၊ ညနေခင်းပွဲတက်ဝတ်စုံများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ဟန်နီချိုသည် အသက် (၃၇)နှစ်အရွယ်ဖြစ်ကာ ရင်သွေးသုံးဦးရှိသည့် အိမ်ထောင်ရှင်မတစ်ဦးဖြစ်ပြီး Miss Golden Land Myanmar Organization\President တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေပြီး Mrs Tourism Queen 2018 ပြိုင်ပွဲတွင် Talent ဆု၊ Ambassador ဆု၊ Global Queen ဆု သုံးဆုကို ရရှိထားသူလည်းဖြစ်သည်။

နီ



# မြန်မာ့ဂန္ထဝင်မြောက်ဇာတ်လမ်းကို လက်ခံရိုက်ကူးရတာဖြစ်လို့ တာဝန်အတော်ကြီးတယ်

## သရုပ်ဆောင် အကယ်ဒမီ စိုးပြည့်သဇင်နှင့် တွေ့ဆုံခြင်း

'ကမ္ဘဖလ' ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားမှု၊ ၂၀၂၀ ပြည့်နှစ်အတွက် ပရိသတ်မြင်တွေ့ရမည့် ကာရိုက်တာပိုင်းများနှင့်ပတ်သက်ပြီး သရုပ်ဆောင် အကယ်ဒမီစိုးပြည့်သဇင်အား မြန်မာတိုင်းမ်နေ့စဉ် သတင်းထောက်နဒီက မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည် –

**'ကမ္ဘဖလ' ရုပ်ရှင်ဇာတ်ကားထဲမှာ သီလရှင် တကယ်ဝတ်ခဲ့ရတယ်ဆိုတော့ အမှတ်တရလေးတွေ အရင်ပြောပြပေးပါဦး။**

ဒီ "ကမ္ဘဖလ"ရုပ်ရှင်ဇာတ်ကားထဲမှာ အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ ဒီကားမှာ စိုးပြည့်အခန်းတွေကို ပြင်ဦးလွင်မှာ ရိုက်ခဲ့တယ်။ စိုးပြည့်က 'အသက်'ဆိုတဲ့ မိန်းကလေးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်။ အသက်ရဲ့ ကာရိုက်တာက မိဘစကားနားထောင်တယ်၊ အချစ်ကိုတန်ဖိုးထားတယ်။ ဆရာကြီးဦးတင့်တယ်ရဲ့ မြန်မာ့ဂန္ထဝင်မြောက်ဇာတ်ကို လက်ခံရတာ တာဝန်အတော်ကြီးတဲ့အတွက် အသက်မဖြစ်မှာကိုလည်း စိုးရိမ်တယ်။ အဓိက,ကတော့ ဆရာပန်းချီစိုးမိုးရဲ့ သင်ကြားပြသမှုတွေနဲ့ အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်။

**ဒီကားရိုက်ကူးချိန်မှာ ဘယ်လိုအခက်အခဲတွေ ရှိခဲ့သလဲ။**

အခက်အခဲတွေကတော့ ရှိပါတယ်။ တကယ့်ကို အသက်ဆိုတဲ့မိန်းကလေးဖြစ်ဖို့အတွက်လည်း တာဝန်ကြီးပါတယ်။ ဒါပေမဲ့လည်း ဆရာကြီးပန်းချီစိုးမိုးရဲ့ သင်ကြားပြသမှုတွေအပေါ် မှာလည်း ယုံကြည်တယ်။ နောက်ပြီး စိုးပြည့်နဲ့အတူတူ တွဲဖက်သရုပ်ဆောင်မယ့် ကိုပြေတီဦးနဲ့ ကိုကျော်တို့ နှစ်ယောက်စလုံးက ကိုယ်လုပ်ရမယ့်ကာရိုက်တာထက် တစ်ကားလုံးကောင်းဖို့အတွက်ကိုပဲ ဦးစားပေးတတ်ကြတဲ့သူတွေဆိုတော့ ရိုက်ရတဲ့အခါမှာလည်း အတော်အဆင်ပြေခဲ့ပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်။

**ဒီဇာတ်ကားအတွက်ရော ဘယ်လိုပြင်ဆင်ခဲ့ရသလဲ။**

စိုးပြည့်တို့ မသိတဲ့ခေတ်က အဝတ်အစားပိုင်းတွေပါတော့ မရိုက်ခင်မှာလည်း ဆရာဦးစိုးမိုးတို့နဲ့ သေချာတိုင်ပင်ဖြစ်တယ်။ မိတ်ကပ်ပိုင်းတွေကအစ မရိုက်ခင်မှာ သေချာတိုင်ပင်ဆွေးနွေးပြီးမှ ဒီကားကို စရိုက်တာပါ။ အဝတ်အစားပိုင်းကိုလည်း စိုးပြည့်တို့ကိုယ်တိုင် စီစဉ်စရာမလိုဘူး။ ဒီရုပ်ရှင်ရဲ့ ဒီဇိုင်နာချုပ်ပေးတာကိုပဲ တိုင်ပင်ပြီး ဝတ်ရပါတယ်။ အချစ်ကို ဦးစားပေးချိန်မှာ ဆံပင်ပုံစံကတစ်မျိုး၊ အိမ်ထောင်ကျပြီးတဲ့အချိန် ဆံပင်ပုံစံတွေကအစ သတိထားပြီး ပြင်ဆင်ခဲ့ရပါတယ်။

**ဒီဇာတ်ကားနဲ့ပတ်သက်ပြီး အမှတ်တရတွေရှိရင် ပြောပြပေးပါ။**

အမှတ်တရတွေကတော့ အများကြီးပါပဲ။ ကိုကျော်ကျော်နဲ့ စဆုံတဲ့အခန်းမှာ စိုးပြည့်က စက်ဘီးနင်းလာရတယ်။ တကယ်တမ်း အပြင်မှာ စိုးပြည့်က စက်ဘီးစီး မကျွမ်းကျင်ဘူး။ ကိုကျော်က အရှေ့တည့်တည့်ကနေ ပိတ်ပြီးရပ်ရမှာဆိုတော့ ဝင်တိုက်မိမှာကို အတော်ကြောက်နေတာ။ သီလရှင်ဝတ်တဲ့ အခန်းမှာလည်း စိုးပြည့်က တကယ်ဝတ်ခဲ့တာဆိုတော့ ဒီကားက စိုးပြည့်ဘဝအတွက် အမှတ်တရတွေဖြစ်ရပါတယ်။

**ဒီဇာတ်ကားကနေ ပရိသတ်ကို ဘယ်လိုမက်ဆေ့ချ်ပေးနိုင်မလဲ။**

'ကမ္ဘဖလ'ဆိုတာ အဓိပ္ပာယ်က 'ကံ၏အကျိုး'ပေါ့နော်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်ဆိုတာကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်း သိထားပြီးသားပါ။ ဒါကို ရုပ်ရှင်အဖြစ် ပုံဖော်ရိုက်ကူးလိုက်တာပါပဲ။ ဒီဇာတ်ကားကို ကြည့်မယ်ဆိုရင်တော့ အတုယူစရာတွေ၊ သင်ခန်းစာယူစရာတွေ အများကြီး တွေ့ရမှာပါ။

**စိုးပြည့်ကိုယ်တိုင်ရော 'ကံ၏အကျိုး'ကို ဘယ်လောက်ယုံကြည်သလဲ။**

စိုးပြည့်ကတော့ နှစ်နှစ်ကာကာ ယုံကြည်ပါတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်ဆိုတာကိုလည်း သိပါတယ်။ ဒါပေမဲ့ အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံဆိုတာလည်း ရှိတယ်လေ။ စိုးပြည့်တို့ သံသရာမှာ ဘဝပေါင်းစုံ ကျင်လည်ခဲ့ကြရတယ်။ အတိတ်က မကောင်းတဲ့ကံကြောင့် အခုချိန်မှာ ကောင်းတာတွေ လုပ်နေပေမယ့်လည်း မကောင်းတာတွေ ဖြစ်ချင်လည်းဖြစ်မယ်။ အတိတ်က ကောင်းတာလုပ်ခဲ့လို့ အခုချိန်မှာ မကောင်းတာတွေလုပ်ပြီး ကောင်းတာတွေချည်း ဖြစ်နေကြတဲ့သူတွေလည်း ရှိကြတာပဲမဟုတ်လား။ ဒါပေမဲ့ ကိုယ်ပြုတဲ့ကံဟာ ကိုယ့်ဆီကို တစ်ချိန်ချိန်တော့ ပြန်ရောက်လာတာပါပဲ။ တစ်ချိန်ချိန်တော့ အကျိုးတွေပေးလာမှာပဲ။ အဲဒါကို အရမ်းယုံကြည်ပါတယ်။

**၂၀၂၀ နှစ်မှာ ဘာတွေလုပ်ဖို့ရှိသလဲ။**

မြိတ်ဘက်ကို ခရီးထွက်ဖို့ရှိပါတယ်။ ဖျော်ဖြေရေးပါ။ ၂၀၂၀ အတွက်ကတော့ သီချင်းလေးတွေလုပ်ဖို့ရှိတယ်။ ရုပ်ရှင်ကားကြီးရိုက်ဖို့အတွက်လည်း စီစဉ်ထားတာရှိတယ်။

**နောက်ပိုင်းမှာ ကာရိုက်တာချိန်းရိုက်ဖို့ အစီအစဉ်ရှိသလား။**

ရှိပါတယ်။ ဖေဖော်ဝါရီလမှာရုံတင်မယ့် 'ရွှေမင်းသမီး'ကားမှာ စိုးပြည့်ကို မြင်နေကျပုံစံမဟုတ်ဘဲ မြင်ရမှာပါ။ သရုပ်ဆောင်တစ်ယောက်က အပြင်မှာ ဒီလိုပုံစံနဲ့မို့လို့ အမြဲတမ်း ဒီပုံစံချည်းပဲ လုပ်နေရမယ်လို့လည်း မဟုတ်ပါဘူး။ သရုပ်ဆောင်အနေနဲ့ ကာရိုက်တာမျိုးစုံ လုပ်နိုင်အောင်လည်း စိုးပြည့်ကြိုးစားနေပါတယ်။

**ပရိသတ်မြင်နေကျမဟုတ်တဲ့ ကာရိုက်တာမျိုးရော ရိုက်ဖြစ်ဦးမလား။**

ဇာတ်လမ်းလည်းကောင်းမယ်၊ ကိုယ့်အတွက်လည်း ကာရိုက်တာတစ်ခု ခိုင်ခိုင်မာမာရှိမယ်ဆိုရင်တော့ ရိုက်ဖြစ်မှာပါ။ အခုလောလောဆယ်တော့ ဗန့်ကာရိုက်တာအနေနဲ့ လက်ခံထားတာ မရှိသေးပါဘူး။

**အခုလို အချိန်ပေးဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

# ဒီတစ်ပတ်မှာ အပိုင်းသစ်ပြဖို့ ဆိုင်းငံ့လိုက်တဲ့ Crash Landing On You




အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တွေမှာ ထုတ်လွှင့်ပြသနေတဲ့ Crash Landing On You ဇာတ်လမ်းတွဲရဲ့ အပိုင်းသစ်ကိုဒီတစ်ပတ်မှာ မထုတ်လွှင့်ဘူးလို့ တရားဝင်ကြေညာခဲ့ပါတယ်။ ဇန်နဝါရီ ၄ ရက်နဲ့ ၅ ရက်မှာ ထုတ်လွှင့်ရမယ့် အပိုင်း ၇ နဲ့ ၈ ကို မထုတ်လွှင့်ဘဲ ဆိုင်းငံ့လိုက်ပြီး ပြပြီးသားအပိုင်းတွေထဲက တည်းဖြတ်ထားတဲ့ အခန်းတွေကိုပဲ ရွေးချယ်ပြီး ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်။ သရုပ်ဆောင်တွေနဲ့ ရိုက်ကူးရေးအဖွဲ့သားတွေ အားလုံးဟာ တခြားနိုင်ငံကို သွားလာနေရပြီး ကိုရီးယားနိုင်ငံသို့ ပြန်ရောက်ချိန်မှာ တည်းဖြတ်မှုတွေ လုပ်နေရတာကြောင့် တစ်ဖွဲ့သားလုံး ပင်ပန်းနေကြတယ်လို့ သိရပါတယ်။ ဒါ့အပြင် ကြည့်ရှုနှုန်းကလည်း အလွန်မြင့်တက်နေတာကြောင့် ဖိအားတွေလည်း များနေကြတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ထုတ်လုပ်သူတွေက ကြည့်ရှုသူတွေကို အဖွဲ့သားတွေဘက်ကပိုကောင်းတဲ့ရလဒ်တွေကို ပေးနိုင်ဖို့အတွက် ဒီတစ်ပတ်မှာ ထုတ်လွှင့်ရမယ့် အပိုင်းသစ် နှစ်ခုကို နောက်ဆုတ်လိုက်တာလို့ဆိုပါတယ်။ လက်ရှိမှာ Crash Landing On You ဇာတ်လမ်းတွဲဟာ ကြည့်ရှုနှုန်း ၉ ဒသမ ၂ ရာခိုင်နှုန်းကျော်ရှိနေပြီး ဒါဟာ အပိုင်း(၆)ပြီးကတည်းက ကြည့်ရှုနှုန်း ၉ ရာခိုင်နှုန်းကျော်ရရှိသွားတဲ့ ပထမဆုံး ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။

# မျက်နှာမှာတက်တူးထိုးခဲ့တဲ့ Amanda Bynes





Amanda Bynes ကတော့ သူမရဲ့မျက်နှာပေါ်မှာ တက်တူးအသစ်တစ်ခု ထိုးလိုက်ပြီဖြစ်ပါတယ်။ အသက် (၃၀)အရွယ် မင်းသမီး Amanda Bynes က မျက်လုံးအောက်နားမှာ အသည်းပုံ တက်တူးထိုးထားတဲ့ သူမရဲ့ ဆယ်လ်ဖီပုံကို အင်စတာဂရမ်မှာ တင်ခဲ့တာဖြစ်ပါတယ်။

ပုံထဲမှာတော့ Amanda ရဲ့ ပါးက ရဲနေပြီး ရောင်နေတာပါတယ်။ အနက်ရောင်မင်နဲ့ အသည်းပုံ ဖော်ထားတာဖြစ်ပြီး နှစ်ဖက်က မညီတာကိုလည်း တွေ့ရပါတယ်။

ဒီပုံရဲ့ Caption ကိုတော့ ဖြိုဟ်သားပုံ Emoji တစ်ခုတည်း ရေးပြီး တင်ထားတာပါ။ သူမဟာ မိဘတွေနဲ့ ခွဲနေတာဖြစ်ပြီး ဒီဇင်ဘာလအစောပိုင်းမှာမှ မိဘတွေဆီကို ပြန်ပြောင်းလာခဲ့တာ ဖြစ်ပါတယ်။

အခုချိန်မှာတော့ သူမနဲ့ မိဘတွေကြားက ဆက်ဆံရေးဟာ ကောင်းမွန်နေပြီလို့ ဆိုပါတယ်။ အရင်တုန်းက သူမမှာ စိတ်ကျရောဂါနဲ့ စိတ်အပြောင်းအလဲ မြန်တဲ့ရောဂါတွေ ရှိတာကြောင့် စိတ်ကျန်းမာရေးကုသမှု ခံယူခဲ့ရဖူးပါတယ်။ စိတ်ဖိစီးမှုတွေကြောင့် မူးယစ်ဆေးတွေ သုံးခဲ့ပေမယ်လည်း အခုတော့ မသုံးဖြစ်တော့ဘူးလို့ သိရပါတယ်။






# ဇာတ်ကားသစ်အတွက် ကမ်းလှမ်းခံထားရတဲ့ Han Ye Seul နဲ့ Namgoong Min

tvN ရဲ့ ဇာတ်ကားသစ်တစ်ခုမှာ ပါဝင်ဖို့ Han Ye Seul နဲ့ Namgoong Min တို့ဟာ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်နေပြီလို့ သိရပါတယ်။

သတင်းတွေအရ သရုပ်ဆောင်နှစ်ယောက်လုံးရဲ့ အေဂျင်စီတွေက "Night and Day" လို့ ယာယီနာမည်ပေးထားတဲ့ ဇာတ်ကားမှာ ပါဝင်ဖို့အတွက် ကမ်းလှမ်းခံထားရတယ်လို့ အတည်ပြုပေးခဲ့ပါတယ်။ Han Ye Seul ရဲ့ အေဂျင်စီနဲ့ Namgoong Min ရဲ့ အေဂျင်စီ ၉၃၅ Entertainment ကတော့ သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းထားတာကြောင့် လက်ရှိမှာ စဉ်းစားနေတုန်းဖြစ်ပြီး ဆုံးဖြတ်ချက် မချရသေးကြောင်း အသီးသီး ပြောခဲ့ပါတယ်။

Namgoong Min ဟာ လက်ရှိမှာ "Stove League" ဆိုတဲ့ ဒရာမာကားမှာပဲ စိတ်နှစ်ထားတယ်လို့ ဆိုပါတယ်။

"Night and Day" ကတော့ ရိုမန်တစ် လျှို့ဝှက်ဆန်းကြယ် ဒရာမာဇာတ်လမ်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လလောက်မှာ ပြသဖို့ စီစဉ်ထားတာဖြစ်ပါတယ်။

# Brittani Boren Leach ရဲ့ သုံးလအရွယ် သားလေးကွယ်လွန်



You Tube မှာ ထင်ရှားကျော်ကြားသူတစ်ယောက်ဖြစ်တဲ့ Brittani Boren Leach ဟာ သူမရဲ့သုံးလအရွယ် သားလေး Crew ကွယ်လွန်သွားကြောင်း ပြောကြားခဲ့ပါတယ်။

သူမရဲ့သားဖြစ်သူဟာ ခရစ္စမတ်နေ့မှာ တရေးအိပ်နေရင်းကနေ ပြန်မနိုးလာတော့ဘဲ ကွယ်လွန်သွားတာဖြစ်ပါတယ်။ အသက် (၂၉)နှစ်အရွယ် Leach ဟာ ဒီစိတ်မကောင်းစရာ သတင်းကို သူမရဲ့အင်စတာဂရမ်ကနေတစ်ဆင့် အသိပေးထားတာ ဖြစ်ပါတယ်။ Leach မှာ အခုကွယ်လွန်သွားတဲ့ သားလေး Crew အပြင် နောက်ထပ်သားသုံးယောက်ရှိပြီး ခင်ပွန်းဖြစ်သူ Jeff ရဲ့ အရင်ဇနီးဟောင်းနဲ့တုန်းက ရခဲ့တဲ့ သမီးတစ်ယောက်လည်း ရှိပါသေးတယ်။



Leach ဟာ Crew ဆေးရုံတက်နေစဉ်တစ်လျှောက်မှာ ရိုက်ထားတဲ့ သားလေးရဲ့ ဓာတ်ပုံတွေကိုလည်း အင်စတာဂရမ်မှာ မျှဝေထားပါတယ်။ ခရစ္စမတ်နေ့က ဆွေမျိုးတစ်ယောက်ရဲ့အိမ်မှာ အိပ်နေရင်းနဲ့ အသက်မရှုတော့တာဖြစ်ပြီး ဘာလို့ ဒီလိုဖြစ်သွားတယ်ဆိုတဲ့ အကြောင်းရင်းကိုတော့ မသိရသေးဘူးလို့ ဆိုပါတယ်။

Leach က အခုအဖြစ်အပျက်ကို မယုံနိုင်ကြောင်းနဲ့ အဲဒီနာကျင်မှုကို ဘယ်လိုမှ မခံနိုင်အောင်ပါဘဲလို့ ပြောပါတယ်။ တကယ်လို့ ဒီအဖြစ်အပျက်ဟာ အိပ်မက်ဆိုးတစ်ခုဖြစ်ပြီး အိပ်မက်ဆိုးကနေ နိုးထနိုင်ရင်ကောင်းမယ်လို့လည်း သူမက ပြောခဲ့ပါသေးတယ်။ သူမတို့ မိသားစုဟာ Crew ရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကိုတော့ လှူဒါန်းဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။

မြန်မာတိုင်းမ် Established 2000 MYANMAR TIMES DAILY
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂ (ကြာသပတေးနေ့)

# တရုတ်နှင့် ပထမအဆင့်ကုန်သွယ်ရေးစာချုပ်ကို ဇန်နဝါရီ ၁၅ ရက်တွင်ချုပ်ဆိုမည်ဟု သမ္မတထရမ့် ပြော


သမ္မတထရမ့်ကို ဖလော်ရီဒါရှိ မာအေလာဂိုစံအိမ်၌ ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ-အေပီ

ဝါရှင်တန် ဇန်နဝါရီ ၁

ပထမအဆင့် ကုန်သွယ်ရေးစာချုပ်ကို ဇန်နဝါရီလလယ်တွင် အိမ်ဖြူတော်၌ တရုတ်နှင့် ချုပ်ဆိုမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ပြောကြားသည်။ ဒုတိယအဆင့် ကုန်သွယ်ရေးစာချုပ်အတွက် ဆွေးနွေးရန်လည်း ပေကျင်းသို့ သွားရောက်ရန်ရှိကြောင်း သမ္မတထရမ့်က ထည့်သွင်းပြောကြားသည်။

ပထမအဆင့်စာချုပ်သည် အဓိက အငြင်းပွားနေရသည့် အကြောင်းအရာများ မပါဝင်သေးသော စာချုပ်ဖြစ်သည်။ ဒုတိယအဆင့် စာချုပ်ကို ၂၀၂၀ အမေရိကန်သမ္မတ ရွေးကောက်ပွဲ မတိုင်မီ ချုပ်ဆိုဖြစ်နိုင်ခြေနည်းကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။ ပထမအဆင့် ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုပွဲကို ဇန်နဝါရီ ၁၅ ရက်တွင် အိမ်ဖြူတော်၌ ကျင်းပမည်ဖြစ်ပြီး တရုတ်ဘက်မှ အဆင့်မြင့်အရာရှိများပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်ဖြစ်ကြောင်း သမ္မတထရမ့်က ပြောသည်။

ပထမအဆင့် သဘောတူချက်များထဲတွင် တရုတ်သည် လာမည့်နှစ်နှစ်အတွင်း အမေရိကန်မှ ကုန်စည်ဒေါ်လာဘီလီယံ ၂၀၀ ဖိုးအထိ တိုးမြှင့်ဝယ်ယူရန် သဘောတူထားကြောင်း သိရသည်။ ပဲပိစပ်နှင့် အခြားသော အမေရိကန် လယ်ယာထွက်ကုန်များကို ဒေါ်လာ ၄၀ ဘီလီယံဖိုးအထိ တိုးမြှင့်ဝယ်ယူမည့် အစီအစဉ်လည်း ပါဝင်သည်။ တရုတ်၏ ကျယ်ပြန့်သောဈေးကွက်သို့ဝင်ရောက်လိုသော အမေရိကန်ကုမ္ပဏီများကို တရုတ်ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်စေပြီး ဉာဏမူပိုင်ခွင့်များပေးအပ်ရန် ဖိအားပေးခြင်းမျိုးလည်း တရုတ်ကရပ်ဆိုင်းရန် သဘောတူထားသည်။ ဉာဏမူပိုင်ခွင့်များ ပေးအပ်ရန် ဖိအားပေးသည့်စနစ်အပေါ် အမေရိကန်ကုမ္ပဏီအများအပြားက စိတ်ပျက်လျက်ရှိသည်။

အပြန်အလှန်အားဖြင့် အမေရိကန်အစိုးရက တရုတ် စမတ်ဖုန်း၊ ကစားစရာ၊ အဝတ်အထည်စသည့် ဒေါ်လာ ၁၆၀ ဘီလီယံဖိုး ကုန်စည်များအပေါ် အခွန်တိုးကောက်ခြင်းကို ရပ်ဆိုင်းပေးမည်ဖြစ်သည်။ အခြားသော တရုတ်သွင်းကုန် ဒေါ်လာ ၁၁၂ ဘီလီယံဖိုးအပေါ် လည်း သွင်းကုန်ခွန် ၁၅ ရာခိုင်နှုန်း တိုးကောက်ခြင်းအစား အမေရိကန်က ၇ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးကောက်ရန် သဘောတူထားသည်။

၂၀၁၈ ခုနှစ်အတွင်း အမေရိကန် လယ်ယာထွက်ကုန်များ တရုတ်သို့တင်ပို့နှုန်းသည် လွန်ခဲ့သောခြောက်နှစ်က အမြင့်ဆုံးနှုန်း၏ သုံးပုံတစ်ပုံအထိ ကျဆင်းခဲ့သည်။ **အေပီ**

# သပိတ်မှောက်ဆန္ဒပြပွဲများဖြင့် ကန့်ကွက်နေသည့်တိုင် ပင်စင်ဥပဒေ ပြုပြင်ပြောင်းလဲရေး နိုင်ငံ့အကျိုးအတွက် ဆက်လက်ဆောင်ရွက်မည်ဟု သမ္မတမာခရွန်ပြော

ပါရီ ဇန်နဝါရီ ၁

အစိုးရ၏ ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေးကို နိုင်ငံတစ်ဝန်းရှိ အလုပ်သမားသမဂ္ဂများ ဦးဆောင်သပိတ်မှောက်ဆန္ဒပြနေကြသည့်တိုင် နိုင်ငံ့အကျိုးအတွက် ရှေ့ဆက်တိုး ဆောင်ရွက်သွားမည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ် မာခရွန်က ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားလိုက်သည်။


ပြင်သစ်သမ္မတ အီမန်နျူရယ် မာခရွန်။ ဓာတ်ပုံ-အေပီ

အလုပ်သမားသမဂ္ဂများအနေဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေစေမည့် လမ်းကြောင်းမျိုးရွေးချယ်ရန် သမ္မတမာခရွန်က ပြောကြားလိုက်ပြီး ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေး နောက်ဆုတ်မည့် အရိပ်အယောင်မျိုးကိုမူ ပြသခြင်းမရှိကြောင်း တွေ့ရသည်။ ပင်စင်စနစ်ကို အချိန်မီ မပြောင်းလဲပါက နိုင်ငံသည် ပင်စင်ဝန်ထုပ်ပိလာကာ စီးပွားနာလန်မထူဘဲ ဖြစ်နေမည်ဖြစ်ကြောင်း၊ ကန့်ကွက်နေသော ယနေ့ လူကြီးမျိုးဆက်များသည် မိမိတို့ လုပ်သင့်သည်ကို မလုပ်ကြခြင်းကြောင့် လူငယ်မျိုးဆက်များအပေါ် တာဝန်ပျက်ကွက်ရာ ရောက်နေကြောင်း သမ္မတ မာခရွန်က နှစ်သစ်ကူးမိန့်ခွန်းတွင် ပြစ်တင်ပြောကြားသည်။

အမျိုးမျိုးကွဲပြားနေသော ပင်စင်စနစ် ၄၂ မျိုးကို ဖျက်သိမ်းကာ တစ်ခုတည်းသော ပင်စင်စနစ် ကျင့်သုံးခြင်းဖြင့် ရေရှည်တွင် ပို၍အကျိုးရှိမည်ဖြစ်ကြောင်း သမ္မတ မာခရွန်က ပြောသည်။ ပင်စင်ယူနိုင်သည့် သက်တမ်းကိုမူ ၆၂ နှစ်မှ ၆၄ နှစ်သို့ တိုးမြှင့်လိုက်သည့်အတွက် အလုပ်သမားသမဂ္ဂများက မကျေမနပ် ကန့်ကွက်လျက်ရှိသည်။ ဒီဇင်ဘာ ၅ ရက်က စတင်ပို့ဆောင်ရေးလုပ်သားများ သပိတ်မှောက် ဆန္ဒပြမှုကြောင့် နိုင်ငံတစ်ဝန်း ဘတ်စ်ကား၊ ရထားပို့ဆောင်ရေးစနစ်များ အကျပ်ဆိုက်ခဲ့ရသည်။

ရဲ၊ မီးသတ်တပ်ဖွဲ့ဝင် စသည့် အန္တရာယ်များသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်ရသူများကို ခြွင်းချက်အဖြစ် စောစီးစွာ ပင်စင်ယူခွင့်ပြုမည်ဖြစ်ကြောင်း သမ္မတ မာခရွန်က ကြေညာထားသည်။ ခရစ္စမတ်ကာလ သပိတ်ယာယီရပ်နားရေး သမ္မတမာခရွန်က ကမ်းလှမ်းခဲ့သော်လည်း အလုပ်သမားသမဂ္ဂများကမူ သပိတ်မလျှော့ဘဲ ဆက်လက်သပိတ်မှောက်ဖိအားပေးခဲ့သည်။ ဇန်နဝါရီ ၇ ရက်တွင် အစိုးရနှင့် အလုပ်သမားသမဂ္ဂများ စေ့စပ်ဆွေးနွေးရန် စီစဉ်ထားသည်။ **အေပီ**


ဘဂ္ဂဒတ်ရှိ အမေရိကန်သံရုံးဝင်းပေါက်ရှေ့၌ ဆန္ဒပြသူများ။ ဓာတ်ပုံ-အေပီ

# ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးဝင်းအတွင်း ဆန္ဒပြသူများ ကျူးကျော်ဝင်ရောက်

ဘဂ္ဂဒက် ဇန်နဝါရီ ၁

အီရတ်ရှိ အီရန်ကျောထောက်နောက်ခံရထားသော ပြည်သူ့စစ် တပ်ဖွဲ့ဝင်များအပေါ် အမေရိကန်က လေကြောင်းထိုးစစ်ဆင်ခဲ့ခြင်းအား မကျေနပ်သည့်အတွက် အီရတ်ရှိ ရှီးယိုက် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့ကိုထောက်ခံသူများသည် ဒီဇင်ဘာ ၃၁ ရက်တွင် မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးဝင်းအတွင်း ကျူးကျော်ဝင်ရောက်ပြီး တံခါးမကြီးကိုချိုးဖျက်ကာ ဧည့်ကြိုနေရာတွင် မီးတင်ရှို့ခဲ့သည်။ သံရုံးလုံခြုံရေးများက မျက်ရည်ယိုဗုံးများသုံးကာ လူစုခွဲနိုင်ရန် ကြိုးပမ်းခဲ့သည်။ သံရုံးအဓိကအဆောက်အအုံခေါင်မိုးပေါ်ရှိ အမေရိကန် စစ်သည်များကလည်း ဆန္ဒပြသူများအား သေနတ်ဖြင့်ချိန်ထားခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

သံရုံးအဓိကအဆောက်အအုံအတွင်းသို့ ဝင်ရောက်ခြင်းမပြုရန် အသံချဲ့စက်ကိုင်ဆောင်ထားသည့် အမျိုးသားတစ်ဦးက ပြောဆိုခဲ့သည်။ ပေးချင်သည့်သတင်းစကားကို ပေးလိုက်ပြီဖြစ်ကြောင်း ၎င်းကပြောဆိုခဲ့သည်။ သေဆုံးသူရှိခဲ့ကြောင်း သတင်းများထွက်ပေါ်ခြင်းမရှိသေးချေ။ သံရုံးရှိ အမေရိကန်ဝန်ထမ်းအားလုံး လုံခြုံမှုရှိပြီး သံရုံးဝန်ထမ်းများကို အရေးပေါ်နေရာရွှေ့ပြောင်းပေးရန် အစီအစဉ်မရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ သံရုံးကို အကာအကွယ်ပေးရန်အတွက် နောက်ထပ်တပ်ဖွဲ့ဝင်များကို စေလွှတ်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရကပြောဆိုခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက်တွင် အမေရိကန်၏လေကြောင်းတိုက်စစ်ကြောင့် အီရန်ကျောထောက်နောက်ခံရထားသည့် ကာတာယက်ဟစ်ဇ်ဘိုလာပြည်သူ့စစ်တပ်ဖွဲ့ဝင် ၂၅ ဦးသေဆုံးခဲ့ပြီးနောက် ယခုကဲ့သို့ မကျေမနပ်ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။ လွန်ခဲ့သောအပတ်တွင် အီရတ်စစ်စခန်းတစ်ခုအား အဆိုပါပြည်သူ့စစ်တပ်ဖွဲ့က ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် အမေရိကန်ကန်ထရိုက်တစ်ဦးသေဆုံးခဲ့ခြင်းအတွက် လက်စားချေသည့်အနေဖြင့် လေကြောင်းထိုးစစ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်တပ်က ပြောဆိုခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က သံရုံးလုံခြုံရေးချိုးဖောက်ခံရသည့်အတွက် အီရန်ကိုအပြစ်တင်ပြီး အီရတ်အစိုးရအနေဖြင့် သံတမန်ဆိုင်ရာအဆောက်အအုံများကို ကာကွယ်ပေးရန်လိုအပ်ကြောင်း ပြောဆိုခဲ့သည်။ အီရန်သည် အမေရိကန်ကန်ထရိုက်တစ်ဦးကို သတ်ဖြတ်ခဲ့ပြီး လူများစွာကို ဒဏ်ရာရရှိစေခဲ့ကြောင်း၊ အမေရိကန်ဘက်မှလည်း ပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့ကာ ယင်းကိုမကျေနပ်သည့်အတွက် အီရန်က အီရတ်ရှိ အမေရိကန်သံရုံးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထရမ့်က ၎င်းအနားယူနေသည့် ဖလော်ရီဒါပြည်နယ် ပမ်ဘီချ်မှတစ်ဆင့် ထုတ်ပြန်ပြောဆိုခဲ့သည်။ **အေပီ**

# လန်ဒန်ပြတိုက်တွင် ပီကာဆို၏ပန်းချီကားပျက်ဆီးမှုဖြင့် အမျိုးသားတစ်ဦးကို ဖမ်းဆီး

လန်ဒန် ဇန်နဝါရီ ၁

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ တိတ်မော်ဒန် အနုပညာပြတိုက်တွင် စပိန်ပန်းချီ ကျော် ပက်ဘလိုပီကာဆို၏ ပန်းချီကားတစ်ကားကို ဖျက်ဆီးရန် ကြိုးပမ်းမှုဖြင့် အသက် ၂၀ အရွယ် အမျိုးသားတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မကြာခင် ရုံးတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

လန်ဒန် အနောက်မြောက်ပိုင်းတွင် နေထိုင်သူ ရှာကီရန်ကို နှောင့်ယှက်ဖျက်ဆီးမှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်သည်။ ရှာကီရန်ကို ကမ်ဘာဝဲဂရင်း တရားရုံးတွင် ရုံးထုတ်ခဲ့သည်။ ဒီဇင်ဘာ ၂၈ ရက်က တိတ်မော်ဒန်ပြတိုက်တွင် ပန်းချီကားကို ဖျက်ဆီးရန် ကြိုးပမ်းမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ မည်သည့် ပန်းချီကားကို ဖျက်ဆီးရန် ကြိုးပမ်းကြောင်း ရဲတပ်ဖွဲ့က ထည့်သွင်းပြောကြားခြင်းမရှိသော်လည်း ပီကာဆို၏ Bust Of A Woman ပန်းချီကားဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။ ထိုပန်းချီကားသည် ဒေါ်လာ ၂၆ သန်းဝန်းကျင် တန်ကြေးရှိသည်။

ထိုပန်းချီကားသည် ပီကာဆိုကချစ်သူ ဒိုရာမား၏ရုပ်ပုံကို ရေးဆွဲထားခြင်း ဖြစ်သည်။ ၁၉၄၄ မေလက ပါရီတွင်ရေးဆွဲခြင်းဖြစ်ပြီး ထိုကာလသည် ပါရီကို နာဇီများ သိမ်းပိုက်ထားသည့် နောက်ဆုံးနေ့ရက်များအတွင်း ကျရောက်သည်။ ရှာကီရန်သည် ပန်းချီကားကိုဆုတ်ဖြဲခဲ့ကြောင်း မီဒီယာများက ဖော်ပြသော်လည်း တိတ်မော်ဒန်ပြတိုက်ကမူ ပျက်စီးမှုကိုအတည်ပြုထုတ်ပြန်ခြင်း မရှိသေး။


လန်ဒန်မြို့ တိတ်မော်ဒန် အနုပညာပြတိုက် တစ်နေရာ။ ဓာတ်ပုံ-အေပီ

တိတ်မော်ဒန် ပြတိုက်ကမူ ထိခိုက်ပျက်စီးသွားသည့် ပန်းချီကားကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စစ်ဆေးလျက်ရှိပြီး ပြတိုက်ကို ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်ထားကြောင်း ကြေညာသည်။ ပန်းချီကားအားဖျက်ဆီးရန် ကြိုးပမ်းသူကို ချက်ချင်းဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိကြောင်း ပြတိုက်က ထုတ်ပြန်သည်။ ရှာကီရန်ကို ဇန်နဝါရီ ၃၀ ရက်၌ ရုံးတင်စစ်ဆေးမည်ဖြစ်သည်။ **အေပီ**

# တစ်နိုင်ငံ စနစ်နှစ်ခုကျင့်သုံးရန် တရုတ်၏ ကမ်းလှမ်းချက်လက်မခံဟု ထိုင်ဝမ်သမ္မတဆို

တိုင်ပေ ဇန်နဝါရီ ၁

ပြည်မကြီးနှင့်ပြန်လည်ပေါင်းဆုံပါက ဟောင်ကောင်ကဲ့သို့ တစ်နိုင်ငံ စနစ်နှစ်ခုကို ကျင့်သုံးခွင့်ပြုမည်ဖြစ်ကြောင်း တရုတ်၏ကမ်းလှမ်းချက်ကို လက်မခံနိုင်ကြောင်း ထိုင်ဝမ်သမ္မတ ဆိုင်အင်ဝမ်က ဇန်နဝါရီ ၁ ရက်တွင် ပြောဆိုခဲ့သည်။

ထိုင်ဝမ်သည် တရုတ်ပိုင်နက်တစ်ခုဖြစ်ပြီး လိုအပ်ပါက အင်အားသုံးသိမ်းပိုက်မည်ဖြစ်ကြောင်း တရုတ်က ပြောဆိုထားပြီးဖြစ်သည်။ တရုတ်က ဖိအားပေးမှုများပြုလုပ်လာသည့်အတွက် လွတ်လပ်မှုနှင့် ဒီမိုကရေစီစနစ်တို့ကို ကာကွယ်နိုင်ရေးနည်းလမ်းသစ်များကိုဖော်ဆောင်ပြီး ထိုင်ဝမ်၏အချုပ်အခြာအာဏာမထိပါးရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆိုင်က နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောဆိုခဲ့သည်။ ဆိုင်သည် ဇန်နဝါရီ ၁၁ ရက်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲတွင် ဒုတိယသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဟောင်ကောင်ရှိ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများကြောင့် ထိုင်ဝမ်တွင်လည်း ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးရာတွင် တရုတ်ဆန့်ကျင်ရေးအကြောင်းအရာများကို အဓိကထားပြောဆိုကာ မဲဆွယ်ခဲ့ကြသည်။ တစ်နိုင်ငံစနစ်နှစ်ခုသည် အလုပ်မဖြစ်ကြောင်း ဟောင်ကောင်ပြည်သူများက ပြသခဲ့ပြီးဖြစ်သည်ဟု ဆိုင်က ပြောဆိုခဲ့သည်။

တစ်နိုင်ငံစနစ်နှစ်ခုကြောင့် ဟောင်ကောင်ရှိအခြေအနေများ ယိုယွင်းလာခဲ့ပြီး အစိုးရ၏ အာဏာအလွဲသုံးစားမှုကြောင့် တစ်နိုင်ငံစနစ်နှစ်ခု ကောင်းကွက်များ ပျက်စီးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။ ထိုင်ဝမ်လွှတ်တော်သည် တရုတ်၏ခြိမ်းခြောက်မှုများကို ကာကွယ်ရန်အတွက် ထိုးဖောက်ဝင်ရောက်ထောက်လှမ်းကာ ဩဇာသုံးမှုများတိုက်ဖျက်ရေးဥပဒေကြမ်းကို ဒီဇင်ဘာ ၃၁ ရက်တွင် အတည်ပြုခဲ့သည်။

ဥပဒေကြောင့် တရုတ်နှင့် စီးပွားရေးအရ ဆက်ဆံမှုများထိခိုက်သွားနိုင်ကြောင်း ပြောဆိုမှုများရှိနေသော်လည်း ဆိုင်က ထိုင်ဝမ်၏ဒီမိုကရေစီစနစ်ကိုကာကွယ်ရန် ဥပဒေကိုအတည်ပြုခဲ့ခြင်းဖြစ်ကာ ရေလက်ကြားဖြတ်ကျော်အပြန်အလှန်ဆက်ဆံရေး ထိခိုက်ဖွယ်မရှိကြောင်း ပြောဆိုခဲ့သည်။

အေပီ

# မဟာဗျူဟာလက်နက်သစ်တစ်မျိုးကို တစ်ကမ္ဘာလုံးသို့ ထုတ်ပြမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ပြောဆို



ဗဟိုကော်မတီအစည်းအဝေး၌ မြောက်ကိုရီးယားခေါင်းဆောင်မိန့်ခွန်းပြောဆိုနေပုံကို ရုပ်သံမှထုတ်လွှင့်ခဲ့စဉ်။ ဓာတ်ပုံ - အေပီ

ပြုံယမ်း ဇန်နဝါရီ ၁

မြောက်ကိုရီးယားသည် တစ်နိုင်ငံတည်းသဘောဖြင့် ချမှတ်ထားသည့် နျူနှင့်တိုက်ချင်းပစ်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှုပိတ်ပင်ချက်ကိုရုပ်သိမ်းပြီး မဟာဗျူဟာကျသည့်လက်နက်သစ်တစ်မျိုးကို မကြာမီတွင် တစ်ကမ္ဘာလုံးသို့ထုတ်ပြမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဇန်နဝါရီ ၁ ရက်တွင် ပြောဆိုခဲ့သည်။

မြောက်ကိုရီးယားက အမေရိကန်သို့ရောက်ရှိနိုင်စွမ်းရှိသည့် ဒုံးကျည်များကို ယခင်က စမ်းသပ်ပစ်လွှတ်ခဲ့ကာ နျူစမ်းသပ်မှုခြောက်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ နျူလက်နက်စမ်းသပ်မှုနှင့် တိုက်ချင်းပစ်ဒုံးကျည်ပစ်ခတ်မှုများကိုရပ်ဆိုင်းထားရန် မြောက်ကိုရီးယားက ဆုံးဖြတ်ခဲ့မှုကြောင့် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ကြား လွန်ခဲ့သောနှစ်နှစ်အတွင်း သံတမန်ရေးအရ တင်းမာမှုများလျော့ကျခဲ့သည်။ သို့သော် ကင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် သုံးကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်သော်လည်း ထင်သာမြင်သာသည့်တိုးတက်မှုရှိမလာခဲ့ချေ။

ယမန်နှစ် ဖေဖော်ဝါရီတွင် ဟနွိုင်း၌ ကင်နှင့်ထရမ့်တို့တွေ့ဆုံခဲ့မှုအတွင်း ကောင်းမွန်သော ရလဒ်မထွက်ပေါ်ခဲ့ပြီးနောက် နှစ်နိုင်ငံကြားဆွေးနွေးမှုများ ရပ်ဆိုင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ကိုရီးယားကျွန်းဆွယ်တွင် နျူလက်နက်ကင်းစင်စေလိုပါက ပိတ်ဆို့မှုများကို ဦးစွာဖြေလျှော့ပေးရန် လိုအပ်ကြောင်း မြောက်ကိုရီးယားက တောင်းဆိုထားသည်။

ပေးထားသည့် ကတိကဝတ်ကို တစ်ဖက်သတ်တည်ရန် အခြေအနေမရှိတော့ကြောင်း၊ မြောက်ကိုရီးယားက ပိုင်ဆိုင်ထားသည့် မဟာဗျူဟာကျသော လက်နက်သစ်တစ်မျိုးကို တစ်ကမ္ဘာလုံးက မကြာမီတွင် မျက်ဝါးထင်ထင်တွေ့မြင်ရတော့မည်ဖြစ်ကြောင်း ကင်ကပြောဆိုခဲ့သည်ဟု နိုင်ငံပိုင်ကေစီအင်န်အေသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားအာဏာရ အလုပ်သမားပါတီ ဗဟိုကော်မတီအစည်းအဝေးတွင် ကင်က တက်ရောက်လာသော အရာရှိများအား အထက်ပါအတိုင်းပြောဆိုခဲ့ခြင်းဖြစ်သည်။ ကင်သည် မြောက်ကိုရီးယား၏အတိတ်ကို ပြန်လည်သုံးသပ်ပြီး အနာဂတ်အတွက် ချမှတ်ထားသည့်လျာထားချက်များကို ထုတ်ဖော်ပြောဆိုမည့် နှစ်သစ်ကူးမိန့်ခွန်းကိုပြောဆိုဦးမည်ဖြစ်သည်။ ယခုနှစ်ပြောဆိုမည့်မိန့်ခွန်းသည် ကင်အတွက် ရှစ်ကြိမ်မြောက်ပြောဆိုမည့်မိန့်ခွန်းဖြစ်သည်။

မြောက်ကိုရီးယားသည် နျူစွမ်းရည်ကို ဆက်လက်ထိန်းသိမ်းရန်အတွက် နိုင်ငံတကာပိတ်ဆို့မှုများအောက်တွင် ဆက်လက်နေထိုင်ရန် အသင့်ရှိနေကြောင်း ကင်က ပါတီအရာရှိများအားပြောဆိုခဲ့သည်။ အေပီ

# တောမီးဝိုင်းကာ အဆက်ပြတ်နေသည့်မြို့များသို့ ဩစတြေးလျရေတပ် ပင်လယ်လမ်းကြောင်းမှ အကူအညီများပေးပို့


ဗစ်တိုးရီးယားပြည်နယ် အရှေ့ဂျစ်လန်းဒေသတွင် မီးသတ်ရဟတ်ယာဉ်ဖြင့် တောမီးငြိမ်းသတ်နေစဉ်။ ဓာတ်ပုံ - အီးပီအေ

ပါ့သ် ဇန်နဝါရီ ၁

ဩစတြေးလျတွင် တောမီးဝိုင်းကာ ဆက်သွယ်ရေးများပြတ်တောက်ပြီး မြို့ခံအများအပြား ပင်လယ်ကမ်းခြေ၌ ပိတ်မိနေသည့်နေရာများသို့ ရေတပ်သင်္ဘောများ၊ ရဟတ်ယာဉ်များဖြင့် စားနပ်ရိက္ခာနှင့် အကူအညီပစ္စည်းများ ပေးပို့လျက်ရှိကြောင်း သိရသည်။

ဩစတြေးလျအရှေ့တောင်ပိုင်း နယူးဆောက်သ်ဝေးနှင့် ဗစ်တိုးရီးယားပြည်နယ်တို့တွင် ဒီဇင်ဘာ ၃၀ ရက်က စတင်ကာ တောမီးသည် ကမ်းရိုးတန်းမြို့များဆီသို့ပျံ့နှံ့လာသဖြင့် လူလေးဦးအထိ သေဆုံးခဲ့ရသည်။ ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် ကမ်းရိုးတန်းရှိ မယ်လာကိုတာမြို့သို့ တောမီးဦးတည်လာသဖြင့် မြို့ခံ ၄၀၀၀ ခန့်သည် ပင်လယ်ကမ်းခြေဘက်သို့ ထွက်ပြေးရှောင်တိမ်းခဲ့ရသည်။ မယ်လာကိုတာတွင် တောမီးခိုးများကြောင့် ကောင်းကင်က မှောင်မဲနေကာ၊ တောမီးရောင်ကြောင့် အလင်းရောင်သည် သွေးနီရောင်ဖြစ်နေသည်။ ပင်လယ်ကမ်းခြေတွင်ပိတ်မိနေသော မြို့ခံများနှင့်ကမ်းခြေအပန်းဖြေခရီးထွက်လာသူများသည် ကားများ၊ ဆီဆိုင်များနှင့် ရေလွှာလျှောစီးစင်တာများထဲတွင် အိပ်စက်ရလျက်ရှိသည်။ တောမီးကြောင့် မယ်လာကိုတာမြို့တွင် အိမ်ခြေဒါဇင်နှင့်ချီ မီးသင့်ပျက်စီးခဲ့ပြီး ညနေပိုင်းတွင် လေကြောင်းပြောင်းသွားသဖြင့် ကျန်မြို့အစိတ်အပိုင်းများ မီးဘေးမှလွတ်ကင်းခဲ့ရကြောင်း သိရသည်။

ဩစတြေးလျသည် လာမည့်သုံးလတွင် ပူပြင်းသောနွေရာသီကို ဖြတ်သန်းရဦးမည်ဖြစ်သောကြောင့် တောမီးနှင့် သဘာဝဘေးများအတွက် ထပ်တိုးပြင်ဆင်ထားကြောင်း ဗစ်တိုးရီးယားပြည်နယ်အရေးပေါ်အခြေအနေများဆိုင်ရာ ကော်မရှင်နာ အန်ဒရူးခရစ်ပ်ကပြောသည်။

နယူးဆောက်သ်ဝေးပြည်နယ်တွင်လည်း ဒီဇင်ဘာ ၃၁ ရက်က ကွန်ဂျီလာမြို့၌ တောမီးကြောင့်နေအိမ် ၅၀ ပျက်စီးခဲ့ပြီး မီးအရှိန်ကြောင့် ကားများ အရည်ပျော်ခဲ့သည်။ ပြည်နယ်အတွင်း နေရာ ၁၀၀ ကျော်တွင် တောမီးများ လောင်ကျွမ်းနေဆဲဖြစ်သည်။ ယခုသီတင်းပတ်အတွင်း တောမီးကြောင့် လေးဦးသေဆုံးခဲ့သည်။ စေတနာ့ဝန်ထမ်းမီးသတ်သမားတစ်ဦး၊ မီးကျွမ်းနေသည့်ကားထဲတွင် အမျိုးသားတစ်ဦး၊ မီးသင့်ပျက်စီးသည့်အိမ်ထဲတွင် ဖခင်နှင့် သားတစ်ဦးတို့ သေဆုံးခဲ့သည်။ အမျိုးသားတစ်ဦးလည်း ပျောက်ဆုံးလျက်ရှိသည်။ အေပီ

# ဟောင်ကောင်၌ နှစ်သစ်ကူးနေ့တွင် ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများကြား ထိပ်တိုက်ဆုံမှုရှိခဲ့

ဟောင်ကောင် ဇန်နဝါရီ ၁

ဟောင်ကောင်၌ နှစ်သစ်ကူးအကြိုနေ့နှင့် နှစ်သစ်ကူးနေ့ဖြစ်သည့် ဇန်နဝါရီ ၁ ရက်အစောပိုင်းတို့တွင် ဆန္ဒပြသူများနှင့်ရဲတပ်ဖွဲ့ဝင်များကြား ထိပ်တိုက်ဆုံမှုရှိခဲ့ပြီး ရဲတပ်ဖွဲ့သည် မျက်ရည်ယိုဗုံး၊ ရေပက်ရည်နှင့် မီးသတ်ပိုက်များကိုသုံးကာ လူစုခွဲနိုင်ရန်ကြိုးပမ်းခဲ့သည်။

ဆန္ဒပြသူများက နှစ်သစ်ကူးမီးရှူးမီးပန်းပစ်ဖောက်မှုများနှင့် မီးအလှဆင်မှုများကိုကြည့်ရှုနေသည့် ကောလွန်းအရပ်တွင် အဓိကထိပ်တိုက်ဆုံမှုများရှိခဲ့သည်။ ယင်းနောက်တွင် ဆန္ဒပြသူများသည် ဈေးဝယ်စင်တာများရှိသည့် ရပ်ကွက်ဘက်သို့ချီတက်ခဲ့ကြပြီး အသင့်စောင့်ဆိုင်းနေသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ဆုံခဲ့သည်။

ဟောင်ကောင်မှ တရုတ်ပြည်မကြီးသို့ တရားခံလွှဲပြောင်းခွင့်ပြုမည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဇွန်မှစတင်ကာ ဆန္ဒပြမှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဥပဒေကြမ်းကို ရုပ်သိမ်းခဲ့သော်လည်း ဆန္ဒပြမှုများပိုမိုကြီးထွားလာပြီး ဟောင်ကောင်၌ စစ်မှန်ပြီးပြည့်ဝသော ဒီမိုကရေစီစနစ်ကျင့်သုံးပေးရန် တောင်းဆိုသည်အထိ အရှိန်မြင့်တက်လာခဲ့သည်။

ဆန္ဒပြမှုများကြောင့် ဟောင်ကောင်၌ နှစ်သစ်ကူးနေ့အကြို ပျော်ပွဲရွှင်ပွဲများကို ပမာဏလျှော့ချကျင်းပခဲ့ရသည်။ ဆန္ဒပြမှုများကြောင့် ဟောင်ကောင်ရှိ လက်လီလုပ်ငန်း၊ ခရီးသွားလာရေးနှင့် ညအချိန်ပျော်ပွဲရွှင်ပွဲများ ထိခိုက်ခဲ့ရသည်။

လွန်ခဲ့သောလေးလတွင် ရဲတပ်ဖွဲ့ဝင်များကချောင်ပိတ်မိနေသော ဆန္ဒပြသူများကိုရိုက်နှက်ခဲ့သည့် အက်ဒွပ်မင်းသားမြေအောက်ရထားဘူတာရုံ၌ ဇန်နဝါရီ ၁ ရက်တွင် ဆန္ဒပြသူများ စုဝေးခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါမြေအောက်ရထားဘူတာရုံအပါအဝင် နေရာများစွာတို့တွင် ဆန္ဒပြသူများကို အင်အားသုံးနှိမ်နင်းခဲ့ရာ ယင်းအတွက် တာဝန်ရှိသည့်ရဲတပ်ဖွဲ့ဝင်များအား အရေးယူပေးရန် ဆန္ဒပြသူများက တောင်းဆိုထားသည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူး ကာရီလမ်နှင့် တရုတ်အစိုးရတို့ကမူ ရဲတပ်ဖွဲ့ဝင်များသည် ငြိမ်ဝပ်ပိပြားရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များဘက်မှ ရပ်တည်ပါကြောင်း ထုတ်ပြန်ထားသည်။

အေပီ


ဇန်နဝါရီ ၁ ရက်တွင် မျက်ရည်ယိုဗုံးဒဏ်မှ ဆန္ဒပြသူတချို့ ရှောင်ပြေးခဲ့စဉ်။ ဓာတ်ပုံ - အီးပီအေ

# နှစ်သစ်အစတွင် ရထားကြိတ်မိပြီး အမျိုးသားတစ်ဦး သေဆုံး

**အုတ်ဖို ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် ဇန်နဝါရီ ၁ ရက် မနက် အစောပိုင်းက ရထားလမ်းပေါ်တွင် အိပ်ပျော်နေသူတစ်ဦး ရထားကြိတ်မိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ဇန်န ဝါရီ ၁ ရက် နံနက် ၁ နာရီခွဲခန့်က အုတ်ဖိုမြို့နယ် ကျွန်းကုန်းကျေးရွာ အုပ်စု ရွာသစ်ကျေးရွာရှိ ရန်ကုန်-ပြည်ရထားလမ်း မိုင်တိုင် အမှတ် ၁၀၂ နှင့် ၁၀၁ အကြားရှိ ရထားသံလမ်းပေါ်တွင် အိပ်ပျော်နေသည့် ရွာသစ်ကျေးရွာနေ ဇေယျာအောင်(၂၄)နှစ်ကို ကြို့ပင်ကောက်ဘူတာမှ အုတ်ဖိုဘူတာသို့ ထွက်ခွာလာသည့် အမှတ် (၇၂) အစုန်အမြန်ရထားက ကြိတ်မိပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ရထားကြိတ်ခံရသူ ဇေယျာအောင်မှာ ဒူးခေါင်းမှ ခြေနှစ်ဖက်ပြတ်၊ တံတောင်ဆစ်အောက်မှ လက်နှစ်ဖက်ပြတ်၊ ဦးခေါင်းပြတ်ကာ သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်းသေဆုံးခြင်းမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စုံစမ်းစစ်ဆေးပေးရန် ဒုရဲမှူးလှိုင်ဝင်းက တိုင်တန်းသဖြင့် အုတ်ဖိုမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁/၂၀၂၀ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ထွဋ် (အုတ်ဖို)**

# မင်းဘူးမြို့ စတိုးဆိုင်တစ်ဆိုင်တွင် ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်




**မင်းဘူး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ် (၃) ရပ်ကွက် မင်းဘူး-စကုကားလမ်းဘေး အင်ကြင်းလမ်း ဦးအောင်မိုး (ခ) ကိုမိုး-မခိုင် (ဖိနပ်၊ ဘောလုံး၊ အားကစားအဝတ်အထည်) စတိုးဆိုင်တွင် ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း မင်းဘူးခရိုင်မီးသတ် ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်မှာ မီးအားမြင့်စက်မှ မီးအားဆောင့်တက်ပြီး ဝိုင်ယာရှော့ခ်ဖြစ်ကာ အနီးရှိ အဝတ်အထည်များကို မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် ပေ ၄၀ × ၃၀ ပေ အာရ်စီနှစ်ထပ်နှင့် ပေ ၄၀ × ၆၀ ပေ အာရ်စီတစ်ထပ် အဆောက်အအုံ ရာခိုင်နှုန်း ၅၀ ခန့် မီးလောင်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၉,၀၀၀,၀၀၀ ခန့် နှင့် ဖိနပ်၊ ဘောလုံး အားကစားဝတ်စုံများ ဆုံးရှုံးမှုတန်ဖိုး ကျပ် ၅,၀၀၀,၀၀၀ ခန့်၊ စုစုပေါင်း ကျပ် ၁၄,၀၀၀,၀၀၀ ဖိုး မီးလောင် ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ည ၁၂ ရီခန့်တွင် မင်းဘူးခရိုင် မီးသတ် ဦးစီးမှူး ဦးထွန်းထွန်းဦးစီး၍ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၇၀၊ မီးငြိမ်းသတ် ယာဉ်ငါးစီး၊ မီးသတ်ရေယာဉ်သုံးစီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ အထောက် အကူပြုယာဉ်သုံးစီးတို့ဖြင့် ပူးပေါင်း ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၂ နာရီခွဲ တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၄ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ပိုင်ရှင် ဦးအောင်မိုးအား မင်းဘူးမြို့မ ရဲစခန်းက ပုဒ်မ ၂၈၅ (ပ) ၁/၂၀၂၀ဖြင့် အမှုဖွင့်ထားသည်။ MMO

# ဘုရားဖူးလာသည့်ယာဉ်တစ်စီးတိမ်းမှောက် ကျောင်းဆရာမတစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**ရန်ကုန် ဇန်နဝါရီ ၁**

မြဝတီမြို့နှင့် မိုင် ၅၀ ခန့်အကွာတွင်ရှိသော ပေ ၆၀၀၀ ကျော် မြင့်မားသည့် တောင်ပေါ်၌ တည်ရှိသည့် မုလအိဘုရားသို့ လာရောက်ဖူးမြော်သည့် မော်တော်ယာဉ်တစ်စီး ဒီဇင်ဘာ ၃၁ ရက် ညနေက တိမ်းမှောက်ခဲ့သဖြင့် ဆရာမတစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က မြဝတီမြို့နယ် စုကလိမြို့ရှိ မုလအိဘုရားသို့ ရန်ကုန်တိုင်းဒေသကြီး အထက (၁) ဒဂုံမှ ကျောင်းအုပ်ဆရာမကြီးနှင့် အဖွဲ့ဝင် ၁၃ ဦးတို့သည် မုလအိဘုရားအား ဒီဇင်ဘာ ၃၁ ရက်က သွားရောက်ဖူးမြော်ပြီးပြန်လာကြစဉ် ၎င်းတို့လိုက်ပါလာသော မကွေးတိုင်းဒေသကြီး စလေမြို့ မြောက်ကုန်းရပ်ကွက်နေ ဦးကြည်အောင် (၃၉) နှစ် မောင်းနှင်လာသော VIGO(အနက်) ယာဉ်အမှတ် KYN-1K/... မော်တော်ယာဉ်သည် တာနောထကျေးရွာအနီး ကုန်းဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ ကားလမ်း၏ ယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကို သတင်းရရှိခဲ့သည့် တာဝန်ရှိသူများက လူမှုကယ်ဆယ်ရေးယာဉ်များဖြင့် သွားရောက်ကယ်ဆယ်ခဲ့ပြီး မြဝတီပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြသည်။

ဖြစ်စဉ်၌ ရန်ကုန်တိုင်းဒေသကြီး အထက (၁) ဒဂုံမှ အလယ်တန်းပြဆရာမ ဒေါ်ယဉ်ယဉ်ဦး (၄၆) နှစ်သည် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဆရာမ ဒေါ်သဇင်ရွှေ(အလပ)၊ ဆရာမ ဒေါ်နှင်းသီဂီနွယ် (အလပြ)၊ ဒေါ်ခင်အုန်းမြင့် (အလပြငြိမ်း)၊ ဒေါ်မာလာမြင့် (အလပြ) တို့မှာ မစိုးရိမ်ရဒဏ်ရာများ အသီးသီး ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါလူနာများအား မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သက်လင်းဦးတို့က မြဝတီပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ လူသေဆုံးပြီး ထိခိုက်ဒဏ်ရာများရရှိအောင် မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်း ဦးကြည်အောင် (၃၉) နှစ်အား စုကလိမြို့နယ်ရဲစခန်းက ယာဉ် (ပ) ၁/၂၀၁၉၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄ က/၃၃၈/၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရပြီး



ဒဏ်ရာရလူနာများအား ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက မြဝတီလူမှုကယ်ဆယ်ရေး မော်တော်ယာဉ်များဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **သက်ဦးနိုင် (မြဝတီ)**

# ဇော်ဂျီရေထိန်းဆည်အတွင်း ရေဆင်းကူးသူ ရေနစ်သေဆုံး

**ကျောက်ဆည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ရှိ ဇော်ဂျီရေထိန်းဆည်အတွင်း ကြက်မင်းတွန်ရပ်နေ ကိုအာကာမင်း(၂၆)နှစ်သည် ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီခန့်က အရက်သေစာသောက်စား၍ ရေဆင်းကူးရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ် ကြောင်း ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေနစ်သေဆုံးသွားသည့် ရုပ်အလောင်းကို ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဇင်ထွန်းအပါအဝင် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ကျောက်ဆည်မြို့ လူမှုကူညီရေးအသင်းဝင် ၂၀ ခန့်က ပူးပေါင်း၍ လိုက်လံရှာဖွေခဲ့ကြရာ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ကိုအာကာမင်း၏ ရုပ်အလောင်းကို ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ ဆယ်ယူနိုင်ခဲ့ပြီး ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံသို့ ပေးပို့ခဲ့သည်။

ကိုအာကာမင်း ရေနစ်ဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်ဆည်မြို့မ ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂၉ / ၂၀၁၉ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ **လေးနွယ်**

# ဟိုက်ဂျက်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဓာတ်တိုင်ကိုဝင်တိုက်၊ ယာဉ်မောင်းသေဆုံး



**မြဝတီ ဇန်နဝါရီ ၁**

ဘားအံမြို့နယ် ကော့ဌေးကျေးရွာ အနီးရှိ လမ်းဘေးဓာတ်တိုင်ကို ဟိုက်ဂျက်တစ်စီးက အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိကာ ယာဉ်မောင်း သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၁ ရက် ညနေ ၅ နာရီခန့်တွင် ကော့ကသောင် ရဲကင်းစခန်းမှ ဒုရဲအုပ်ဝေမိုး ရဲကင်းမှူး တာဝန်ထမ်းဆောင်နေစဉ် ဘားအံမြို့နယ် နောင်ပလိန်းကျေးရွာအုပ်စု ကော့ဌေးကျေးရွာ လမ်းဘေးဓာတ်မီးတိုင်ကို ယာဉ်တစ်စီးက ဝင်တိုက်မိပြီး ယာဉ်မောင်း သေဆုံးခဲ့ကြောင်း သိရသည်။

သတင်းအရ ကော့ကသောင်ရဲကင်းစခန်းမှ ရဲတပ်ကြပ်ဝင်းကြိုင်၊ ရဲတပ်သားဇော်မင်းဦးတို့နှင့်အတူ သက်သေအဖြစ် ထောင်ကလပ်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ပေါင်စိန်ကျေးရွာ ရာအိမ်မှူးတို့နှင့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူ ယာဉ်မောင်းမှာ ဦးစိန်မြင့် အသက် (၅၀) ပေါင်စိန်ကျေးရွာ ထောင်ကလပ်ကျေးရွာအုပ်စု နေသူ ဖြစ်ကြောင်းသိရသည်။

၎င်းသည် နောင်ပလိန်းကျေးရွာနှင့် ပေါင်စိန်ကျေးရွာဘက်သို့ ယာဉ်အမှတ် 9C/ ဟိုက်ဂျက်အမျိုးအစား အဖြူရောင်ယာဉ်ကို တစ်ဦးတည်း မောင်းနှင်လာစဉ် ကော့ဌေးကျေးရွာ အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ ယာဘက်ခြမ်းရှိ လမ်းဘေးဓာတ်တိုင်အား ဝင်တိုက်မိခဲ့သဖြင့် ဦးစိန်မြင့်တွင် ရင်ညွန့်အထက်ချိုင့်ဝင်ဒဏ်ရာ၊ ဝဲဘက်ဝမ်းဗိုက်ပွန်းခြစ်ဒဏ်ရာ၊ ယာခြေဖနောင့်အရေခွံလန်ဒဏ်ရာများ ရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသောကြောင့် မှုခင်းဆေးစာဖြင့် ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ဓာတ်တိုင်အားဝင်တိုက်မိ၍ မိမိကိုယ်ကို ဒဏ်ရာရသေဆုံးအောင် ပြုလုပ်သူ ဦးစိန်မြင့်ကို အိန္ဒုနယ်မြေ ရဲစခန်းက ယာဉ်(ပ) ၃၇/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄ (က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **ချစ်ဝေမိုး(မြဝတီ)**

မြန်မာတိုင်းမ် Established 2000 MYANMAR TIMES DAILY

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂ (ကြာသပတေးနေ့)

# စစ်ကိုင်းခရိုင်နှင့် မြို့နယ် NLD ရုံးကို အသင်္ခယာစောယွန်းအဝိုင်းအနီး နေရာသစ်တွင်ပြောင်းရွှေ့ဖွင့်လှစ်




စစ်ကိုင်း ဇန်နဝါရီ ၁

စစ်ကိုင်းမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခရိုင်နှင့်မြို့နယ်ပါတီရုံးကို အသင်္ခယာစောယွန်းအဝိုင်းအနီး ရွာထောင်ဘုတာသွားလမ်းတွင် ဇန်နဝါရီ ၁ ရက်က ပြောင်းရွှေ့ဖွင့်လှစ်၍ ဆိုင်းဘုတ်များစိုက်ထူခဲ့ကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခရိုင်နှင့်မြို့နယ် ပါတီရုံးကို မုံရွာ-မန္တလေးကားလမ်းနံဘေး ရွာထောင်ရပ်ရှိ ဦးကျော်ခင်နေအိမ်တွင် ၂၀၀၂ ခုနှစ်၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ် ဇွန် ၁ ရက်တွင် အဆိုပါ ရုံးချိပ်ပိတ်ခံရသော်လည်း ထိုစဉ်က NLD ပါတီတာဝန်ရှိသူများနှင့် အိမ်ရှင် ဦးကျော်ခင်တို့၏စစ်အစိုးရကို ပြန်လည်အန်တုမှုကြောင့် ဆိုင်းဘုတ်များ ဖြုတ်ချခြင်းမခံရသော်လည်း ပါတီရုံးမှာ ချိပ်ပိတ်ခံရခြင်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်၌ အဆိုပါရုံးအား ဦးကျော်ခင် နေအိမ်၌ပင် ဖွင့်လှစ်နိုင်ခဲ့သည်။

"စစ်ကိုင်း NLD ဆိုင်းဘုတ်က ၁၉၈၈ နောက်ပိုင်းကစပြီး ပိုးတန်းရပ် ဗိုလ်ကြီးတင်မျိုးနေအိမ်၊ နောက်ထူပါရုံ ဘုရားလမ်းက အိမ်မဲကြီး၊ မင်းလမ်းရပ်က ဦးကြည်ရွှေနေအိမ်တို့မှာ အပြောင်းအရွှေ့လုပ်ဖွင့်ခဲ့ရတာပါ။ ၂၀၀၂ ခုနှစ်မှာ မန္တလေး-မုံရွာလမ်း ရွာထောင်ရပ်က ဘိုးကျော်ခင်အိမ်ကို ပြောင်းရွှေ့ဖွင့်ပါတယ်။ အဲဒီအချိန်က စစ်အစိုးရဲ့ ဖိအား အမျိုးမျိုးခံရ ဒုက္ခပေးတာ ခြိမ်းခြောက်တာ ခံရပေမယ့် ဘိုးကျော်ခင်ရဲ့ ဇွဲသတ္တိကြောင့် တခြားမြို့ရွာတွေမှာ ဆိုင်းဘုတ်ဖြုတ်ချခံရပေမယ့် ကျွန်တော်တို့ စစ်ကိုင်းက ဆိုင်းဘုတ်အဖြုတ်မခံရတဲ့ စံပြမြို့ပါ။ အခုလိုပြောင်းရွှေ့ဖွင့်တာကို ဘိုးကျော်ခင်အနေနဲ့ ခံစားမှုများစွာနဲ့ ခွင့်လွှတ်လို့ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး။ သူလည်း အတော်လေးဝမ်းနည်းနေမှာပါ"ဟု စစ်ကိုင်းမြို့နယ် NLD ပါတီ စတင်တည်ထောင်ကတည်းက ပါတီဝင်ခဲ့သူ စစ်ကိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းက ပြောသည်။

ယခုအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အများပြည်သူ ထည့်ဝင်လှူဒါန်းငွေ အသုံးပြု၍ မြို့နယ်များတွင် ကိုယ်ပိုင်ရုံးများ ဖွင့်လှစ်အကောင်အထည်ဖော်နေရာ စစ်ကိုင်းခရိုင်နှင့် မြို့နယ်ရုံး အတွက်မြေနေရာသစ်ကို အသင်္ခယာစောယွန်းအဝိုင်းအနီးသို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန် ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများက စီစဉ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က နေရာသစ်တွင် ဆိုင်းဘုတ်စိုက်ထူခြင်း ပြုလုပ်၍ စစ်ကိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်သောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိုးဦး (စစ်ကိုင်းတိုင်းစီမံ/ဘဏ္ဍာဝန်ကြီး) နှင့်ပါတီဝင်များက ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းဖြစ်သည်။

လှိုင်ထွေးအောင်



# တန့်ဆည်မြို့တွင် သတ္တမအကြိမ်မြောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

တန့်ဆည် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သင်ကြားပို့ချခဲ့သော အသက် (၆၀)ပြည့်ပြီး အငြိမ်းစားယူသွားခဲ့ကြ သည့် ဆရာကြီး ဆရာမကြီးများအား သတ္တမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ဆယ်သိန်းတန်ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောင်းသူလေးများက ဆီမီးအကဖြင့် ဖွင့်လှစ်ကာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ပညာရေးမှူး အငြိမ်းစား ဦးငွေလှနှင့် ဆရာမကြီး ဒေါ်ဝင်းမြင့်တို့က ဩဝါဒစကား ပြောကြားခဲ့သည်။ တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းက ဂုဏ်ပြုစကားပြောကြားပြီး ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလွင်ကျော်နှင့် ကျောင်းသားဟောင်း ဗိုလ်ချုပ်မျိုးတင့်အောင်တို့က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူဟောင်းများမှ လှူဒါန်းသော ကျောင်းဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေများကို အတွင်းရေးမှူး ဦးတိုးမြင့်ဦးထံ ပေးအပ်သည်။

အခမ်းအနားသို့ ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၁၁၄ ဦး၊ တန့်ဆည်မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုးဝင်းနှင့် နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။ ကန်တော့ခံ ဆရာကြီးဆရာမကြီး ၁၁၄ ဦးတွင် အသက်(၉၅)နှစ် တစ်ဦး၊ အသက်(၈၀)မှ (၉၀) ကြား ၁၄ ဦးနှင့် အသက် (၆၀) မှ (၈၀) အတွင်း ၉၉ ဦးဖြစ်ကြောင်း ကော်မတီမှ သိရသည်။

သင်းအောင်လှိုင် (ညောင်လေးပင်)

# (၁၈)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကျင်းပမည်



မန္တလေး ဇန်နဝါရီ ၁

(၁၈)ကြိမ်မြောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ မန္တလေးမြို့ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင်အမျိုးအစား (၂၃)မျိုး သတ်မှတ်ထားရာ ပန်းအလှပြပြင်ခြင်း ပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွပြိုင်ပွဲ (ကတ်တလီးယား)၊ ပြည်ပသစ်ခွ (စင်ဘီးဒီးယမ်း)၊ ပြည်ပသစ်ခွ (ဗန်ဒါ)၊ နှင်းဆီပင်အမျိုးမျိုး ပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင် (ဘွန်ဆိုင်း)ပြိုင်ပွဲ၊ အသီးပါသည့် အလှပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်အရွက် (ဥပမာ-မုန်ညင်းရွက်)ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်အထုပ် (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန့်လာထုပ်) ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်အသီးပါ အပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)၊ ဟင်းသီးဟင်းရွက်ဥပြိုင်ပွဲ(ဥပမာ-မုန်လာဥ)၊ သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး) ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)၊ သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊ သစ်သီးဝလံ ဥပြိုင်ပွဲ (ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)၊ ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး) ရာသီပုံဖော် အလှဆင်ခြင်းပြိုင်ပွဲနှင့် ရာသီပန်းအလှပင် ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲ အမျိုးအစားအားလုံးအတွက် ပထမဆုကျပ်နှစ်သိန်း၊ ဒုတိယဆုကျပ်တစ်သိန်းခွဲ၊ တတိယဆုကျပ်တစ်သိန်း၊ နှစ်သိမ့်ဆုသုံးဆုအတွက် ကျပ်သုံးသောင်းစီ ချီးမြှင့်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်အသီးအရွက်၊ ဥနှင့် ပန်းမန်စသည်များကို ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်ကွပ်ကဲရေးရုံးသို့ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီမှ ၁၅ ရက်ဖွင့်ပွဲမတိုင်မီအတွင်း ဆက်သွယ်ပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုသူများအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် ဖုန်း-၀၉-၄၀၀၅၉၉၅၈၇၊ ၀၉-၇၉၇၆၂၂၉၉၀၊ ၀၉-၄၀၂၆၇၃၆၉၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

လှိုင်ထွေးအောင်

# နှစ်သစ်ကူးညတွင် မုံရွာမြို့ပြည်သူ့ဆေးရုံကြီးသို့ လူနာခြောက်ဦးရောက်ရှိ



မုံရွာ ဇန်နဝါရီ ၁

မုံရွာမြို့တွင် နှစ်သစ်ကူးညက ယာဉ်မတော်တဆမှုလေးမှု၊ ခိုက်ရန်ဖြစ်ပွားမှုနှစ်မှုဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ လူနာခြောက်ဦးရောက်ရှိခဲ့ကြောင်း တာဝန်ရှိသူထံမှ သိရသည်။

"ခြေကျိုးလက်ကျိုးခေါင်းကွဲဒဏ်ရာရသူတစ်ဦးနဲ့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြတာပါ။ စိုးရိမ်ရဒဏ်ရာနဲ့ သေဆုံးသူမရှိခဲ့ပါဘူး"ဟု တာဝန်ရှိသူက ပြောသည်။

မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိခဲ့သည့် လူနာများမှာ မုံရွာ၊ မန္တလေးနှင့် ယင်းမာပင်မြို့နယ်တို့မှ လူငယ်များဖြစ်ပြီး အရက်သေစာ သောက်စားထားသူများဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၈ မှ ၂၀၁၉ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးညက ရန်ဖြစ်မှု၊ ယာဉ်တိုက်မှုများကြောင့် လူနာ ၁၀ ဦး မုံရွာပြည်သူ့ဆေးရုံ အရေးပေါ်ဌာနသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

# လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူတို့တွေ့ဆုံ

ကျောက်တံခါး ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ချောက်တရာကျေးရွာဘုန်းတော်ကြီးကျောင်းမွောရုံ၌ ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲက လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးက အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက အမျိုးသားအဆင့်မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာစီမံချက်အရ လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှုစသည့် ပြည်သူလူထုအတွင်း အထိတ်တလန့်ဖြစ်စေနိုင်သည့် မှုခင်းများလျော့နည်းကျဆင်းစေရေးအတွက် ရဲတပ်ဖွဲ့က ဆောင်ရွက်နေမှုများ ချပြရှင်းလင်းခြင်း၊ လူငယ်ထုအတွင်းမူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းကျဆင်းစေရေးနှင့် ၂၀၁၈၊ ၂၀၂၀ ပြည့်နှစ်မဟာဗျူဟာကာလအတွင်း ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များတွင်ဖြစ်ပွားခဲ့သောအမှုကြီး၊ အခြားကြိုတင်ကာကွယ်မှုများကို နှစ်အပိုင်းအခြားအလိုက် ဖော်ထုတ်ဖမ်းဆီးမှုများချပြရှင်းလင်းခြင်း အမှုကြီး/ အခြားအမှုများ လျော့နည်းကျဆင်းရေးနှင့်ထိရောက်စွာကြိုတင်ကာကွယ်မှုများ တိုးမြှင့်ဖမ်းဆီးရမိရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ပြီး ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများကလည်း မှုခင်းကျဆင်းရေးတွင် အရေးပါသူများဖြစ်၍ ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသောဒေသခံပြည်သူများက သိလိုသည်များ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့်တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ အုပ်စုအုပ်ချုပ်ရေးမှူးဦးစန်းလွင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသိရသည်။ **နေလင်း(ညောင်လေးပင်)**





# ရွာလယ်လမ်းကိုဖြတ်၍ နာရေးမချရန် တားမြစ်ခံရမှုကြောင့် အသုဘချလာသူများ ထိုနေရာ၌ပင် ညအိပ်စောင့်ဆိုင်းခဲ့ရ

နတ်တလင်း ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မုံရွာကြီးကျေးရွာအုပ်စု ကွေ့ကြီးရွာတွင် အသုဘချရာလမ်း၌ ဖြတ်သန်းခွင့်မပြုဘဲ တားမြစ်ခံရမှုကြောင့် ထိုနေရာ၌ပင် ညအိပ်စောင့်ဆိုင်းခဲ့ရကာ သက်ဆိုင်ရာက လာရောက်ဖြေရှင်းပေးသဖြင့် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီခန့်၌ နာရေးကိစ္စအသုဘသင်္ဂြိုဟ်ပြီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာအသုဘချလာစဉ် ရွာတောင်ပိုင်းနှင့်မြောက်ပိုင်း မြစ်မခချောင်းကူး(အောင်သုခတံတား)အနီး အရောက် ဦးစိုးမြင့်အပါအဝင်လူ ၄၀ ခန့်က ရွာလယ်လမ်းအတိုင်း ဆက်မသွားရန်တားမြစ်ခဲ့ကြကြောင်း သိရသည်။

မလိုလားအပ်သောပြဿနာများ မပေါ်ပေါက်စေရေးအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်စိုးက သက်ဆိုင်ရာမြို့နယ်အဆင့်တာဝန်ရှိသူများသို့ အကြောင်းကြားခဲ့မှုကြောင့် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူးဦးကျင်စိန်၊ တာပွန်နယ်မြေစခန်းမှူး ရဲအုပ်အောင်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များရောက်ရှိလာကြပြီး နှစ်ဖက်ကျေနပ်မှုရှိစေရန် ဖျန်ဖြေပေးသော်လည်း အဆင်ပြေမှုမရှိခဲ့သည့်အတွက် အသုဘချလာသူများက အဆိုပါနေရာ၌ပင် ညအိပ်စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၊ ရဲမှူးကျော်နိုင်နှင့်တာဝန်ရှိသူများက ထပ်မံ၍သွားရောက်ညှိနှိုင်းပေးရာ လမ်းဖြတ်ခွင့်ရရှိခဲ့ပြီး အသုဘချခွင့်ရခဲ့ကြောင်း၊ အဆိုပါအသုဘလှည်းအား ရွာထဲသို့ဖြတ်ခွင့်မရသဖြင့် တာပွန်မြို့ပရဟိတ သာရေးနာရေးကူညီမှုအသင်းမှ လာရောက်ကူညီဖြေရှင်းပေးရကြောင်း သိရသည်။

သေဆုံးသူမှာ ဦးတင်လှ (၇၃)နှစ် ကွေ့ကြီးရွာတောင်ပိုင်းနေသူဖြစ်ပြီး သွေးတိုးရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နှစ်ပေါင်း ၅၀ လောက်က ရွာလယ်ချောင်းရှိနေတဲ့အတွက် နွေရာသီဆိုရင် လှည်းနဲ့သော်လည်းကောင်း၊ မိုးရာသီဆို လှေနဲ့သော်လည်းကောင်း အသုဘချတဲ့ကိစ္စအဆင်ပြေပါတယ်။ အခုတော့ ဆည်မြောင်း၊ လမ်းကူးတံတားတွေနဲ့ဆိုတော့ အဆင်မပြေဖြစ်နေတာပါ။ အခုအဆင်ပြေပေမယ့် နောက်ထပ်အလားတူကိစ္စအတွက် ဘယ်လိုဖြစ်ဦးမလဲ မသိသေးဘူး" ဟု သေဆုံးသူ၏ တူတော်စပ်သူ ဦးမြင့်မောင်က ပြောသည်။ **တင်မြင့် နတ်တလင်း**

# ယာဉ်အမည်ပေါက်ပြောင်းလဲရာတွင် ရာခိုင်နှုန်းဖြင့် အခွန်ကောက်ခံမှုထက် ကျပ် ၅၀,၀၀၀ ဖြင့်လုပ်ဆောင်ပေးရန် ညှိနှိုင်းခဲ့သော်လည်း မအောင်မြင်ခဲ့

ရန်ကုန် ဇန်နဝါရီ ၁

မော်တော်ယာဉ် သက်တမ်းတိုးလုပ်ဆောင်မည့်ကားများအနေဖြင့် ယာဉ်အမည်ပေါက် ပြောင်းလဲလုပ်ဆောင်ခြင်းကို အခွန်သုံးရာခိုင်နှုန်းအစား ယာဉ်တစ်စီးလျှင် ကျပ် ၅၀,၀၀၀ ဖြင့်လုပ်ငန်းလုပ်ဆောင်ပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းမှု မအောင်မြင်ခဲ့ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးမှူးထံမှ ဇန်နဝါရီ ၁ ရက်တွင် သိရသည်။

၂၀၁၉ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေပုဒ်မ ၂၅ အရ စည်းကြပ်မှုမှလွတ်ကင်းနေသောငွေဖြင့် မော်တော်ယာဉ်ဝယ်ယူပါက တစ်ကျပ်မှ ကျပ်သိန်း ၁၀၀၀ အထိကို သုံးရာခိုင်နှုန်း၊ ကျပ်သိန်း ၁၀၀၀ အထက်မှ ကျပ်သိန်း ၃၀၀၀ အထိကို ငါးရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀၀ အထက်မှ ကျပ်သိန်း ၁၀၀၀၀ အထိကို ၁၀ ရာခိုင်နှုန်းနှင့် ကျပ်သိန်း ၁၀၀၀၀ အထက်မှ ကျပ်သိန်း ၃၀၀၀၀ အထိကို ၁၅ ရာခိုင်နှုန်း၊ ကျပ်သိန်း ၃၀၀၀၀ အထက်ကို ရာခိုင်နှုန်း ၃၀ ဖြင့်ဖြေလျှော့ခဲ့ပြီးဖြစ်ရာ မော်တော်ယာဉ်များ အမည်ပေါက်လာရောက်လုပ်ဆောင်ပေးကြရန်လိုအပ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနမှ အသိပေးကြေညာထားရှိသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး ပတ္တမြားခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးလင်းနိုင်မြင့်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုရေးရာကော်မတီကော်မတီ ဥက္ကဋ္ဌ ဦးသက်ထွန်းဝင်း၊ အတွင်းရေးမှူး ဦးဝေဖြိုးဟန်နှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရန်ကုန်တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းအခွန်ဦးစီးဌာန တာဝန်ရှိသူများတွေ့ဆုံ၍ ကညနက ဆောင်ရွက်လျက်ရှိသော ယာဉ်ပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်စပ်လျဉ်း၍ YRTA မှ တာဝန်ရှိသူများနှင့် ဒီဇင်ဘာလအတွင်းက ဆွေးနွေးမှုပြုခဲ့ခြင်းဖြစ်သည်။

"နိုင်ငံတော်အနေနဲ့ အခွန်ရာခိုင်နှုန်းတွေလည်း သုံးရာခိုင်နှုန်းအထိ ဖြေလျှော့ထားတာဖြစ်လို့ မော်တော်ယာဉ်အမည်ပေါက် နေရပ်လိပ်စာမှန်ကန်ဖို့ လာရောက်လုပ်ဆောင်ပေးကြဖို့လိုပါတယ်။ ၂၀၂၀ ပြည့်နှစ်ကစပြီး မော်တော်ယာဉ်ပိုင်ရှင်အမည်မှန်ကန်ဖို့၊ နေရပ်လိပ်စာမှန်ကန်ဖို့ကို လုပ်ဆောင်သွားဖို့ရှိပါတယ်။ ယာဉ်လိုင်စင်သက်တမ်းတိုးမလုပ်ခင် ကိုယ့်အမည်မှန်ဖို့၊ ပြည်တွင်းအခွန်မှာ အမည်ပြောင်းခွန်သွားဆောင်ဖို့လိုပါတယ်။ မော်တော်ယာဉ်ဥပဒေမှာ နေရပ်လိပ်စာနဲ့ ယာဉ်ပိုင်ရှင်အမည်မှန်ကန်ရမယ်လို့ ဖော်ပြထားပြီးဖြစ်လို့ နေရပ်လိပ်စာမှန်ကန်ဖို့၊ ပိုင်ရှင်အမည်မှန်ဖို့လုပ်ဆောင်ရမှာပါ။ မော်တော်ယာဉ်အမည်ပေါက်ပြောင်းခြင်းကိစ္စမှာ အခွန်ဌာနနဲ့ ချိတ်ဆက်တာကို ကျွန်တော်တို့ ကညနအနေနဲ့မချိတ်ချင်ပါဘူး။ နိုင်ငံတော်ရဲ့ဘဏ္ဍာတိုးတက်ရရှိရေးဆိုတဲ့ခေါင်းစဉ်နဲ့ အခွန်ဦးစီးဌာနကနေ ချိတ်ဆက်ဆောင်ရွက်စေခဲ့တာပါ။ အမည်ပေါက်ပြောင်းလဲဆောင်ရွက်တာ ကျွန်တော်တို့ကို အကြံပေးတာတွေလည်း ရှိပါတယ်။ အမည်ပေါက်ပြောင်းတာကို ကျပ် ၅၀၀၀၀ လောက်၊ တစ်သိန်းလောက်ကောက်ယူပြီး ဆောင်ရွက်ပေးဖို့ အကြံပေးတာတွေရှိခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း အဲဒီလိုပုံစံဆောင်ရွက်ဖို့ ပြည်တွင်းအခွန်ကိုညှိနှိုင်းခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မအောင်မြင်ခဲ့ပါဘူး"ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ဦးလှုန်ကျင့်မနက ဇန်နဝါရီ ၁ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောကြားသည်။

မော်တော်ယာဉ်များ အမည်ပြောင်းအခွန်လာရောက်ဆောင်ရွက်ရာတွင် ယာဉ်ပိုင်ရှင်၏ နိုင်ငံသားကတ်မူရင်း၊ မိတ္တူတစ်စုံ၊ ယာဉ်ပိုင်ရှင်၏သန်းခေါင်စာရင်းမူရင်း၊ မိတ္တူတစ်စုံ၊ ကားWheel tax (ဘီးတက်) မူရင်း၊ မိတ္တူတစ်စုံ၊ ကားအုံနာဘုတ်မူရင်း၊ မိတ္တူတစ်စုံ၊ ကားအရောင်းအဝယ်စာချုပ်မူရင်း၊ မိတ္တူတစ်စုံ၊ ကားဓာတ်ပုံရှေ့နောက်ဘေးမူရင်း၊ မိတ္တူတစ်စုံပါရှိရမည်ဖြစ်ရာ မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် ရာဖြတ်တန်ဖိုးဖြင့် ယာဉ်အမည်ပြောင်းအခွန် သုံးရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပြီး အမည်ပြောင်းအခွန်အတွက် အခွန်စီမံ(ဝင-၈) နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **နိုင်အောင်**

## ■ ကျောဖုံး "၂၀၂၀ ပြည့်နှစ်မှာ မြန်မာ့စီးပွားရေး" မှ

နောက်တစ်ချက်က မြန်မာမှာ အခုထုတ်လုပ်မှုကလည်း တက်လာတယ်။ အားလုံးကအားပေးတဲ့အတွက် ဈေးကွက်တွေလည်း ပွင့်လာတယ်။ သို့သော် လိုအပ်တာကတော့ အရည်အသွေးပါ။ အရည်အသွေးပိုင်းပြည့်မီရေးအတွက်လည်း အခု တရုတ်အစတင်ပို့မယ်ဆိုရင် အရည်အသွေးစစ်ဆေးမှုတွေ လိုအပ်လာတယ်။ ဒါတွေကို အရည်အသွေးမြင့်တင်နိုင်ဖို့အတွက်လည်း အမျိုးသားပို့ကုန်မဟာဗျူဟာမှာ ထည့်သွင်းဆောင်ရွက်နေတယ်။

တရုတ်နိုင်ငံကိုပို့တဲ့ပစ္စည်းတွေကို တရားဝင်ပို့ခွင့်ရအောင်လည်း တရုတ်နိုင်ငံနဲ့ ဆွေးနွေးညှိနှိုင်းပြီးတော့ သဘောတူညီမှုတွေ တစ်ခုပြီးတစ်ခု လက်မှတ်ထိုးနေတယ်။ အဲဒါတွေကလည်း ပိုပြီးတော့ အရှိန်အဟုန်ရလာမယ့်အချက်တွေပါ။ ကျန်တာကတော့ ပို့ကုန်လုပ်ငန်းရှင်တွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရော လွယ်ကူလာအောင် East of doing Business ကို တစိုက်မတ်မတ်နဲ့လုပ်နေတယ်။

အခုဆိုရင် အဆင့်ခြောက်ဆင့်တက်လာပြီ။ နောက်ထပ်တက်အောင်လည်း အမြဲတမ်းကော်မတီဖွဲ့ပြီးတော့ ဒုတိယသမ္မတ(၁)ကိုယ်တိုင်ဦးဆောင်ပြီး စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဓိကဌာနအဖြစ်နဲ့ လုပ်နေတယ်။ အဲဒီတော့ ဒီလိုအချက်တွေက အခင်းအကျင်းအစီအမံတွေက စနစ်တကျနဲ့စီစဉ်လာတဲ့အတွက် ယခုနှစ်မှာတော့ ကုန်သွယ်မှုရော၊ ပို့ကုန်ရော ဒါနဲ့ဆက်စပ်နေတဲ့စီးပွားရေးပါ အရှိန်အဟုန် ပိုပြီးကောင်းလာမယ်လို့ ကျွန်တော်တို့က ယုံကြည်ပါတယ်။ ■

# မြန်မာတိုင်းမ်

Established 2000

MYANMAR TIMES DAILY

myanmar.mmtimes.com

အတွဲ ၄၊ အမှတ် (၂)၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ကြာသပတေးနေ့ (၂-၁-၂၀၂၀) တန်ဖိုး ကျပ် ၂၅၀


မြန်မာများ စီးပွားရေး လက်ဝေခံဘဝ မရောက်အောင် သင်လည်း အတူပူးပေါင်းပါဝင်ရန် လိုအပ်နေပါသည်။ (မြန်မာတိုင်းမ်)

# ၂၀၂၀ ပြည့်နှစ်မှာ မြန်မာ့စီးပွားရေး

## ပိုကောင်းလာမယ်

၂၀၂၀ မှာ မြန်မာ့စီးပွားရေးက အားကောင်းလာနိုင်ပါတယ်။ ကျွန်တော်ကတော့ ကုန်သွယ်မှုဆိုက်ကိုပဲ ပြောချင်တယ်။ ကုန်သွယ်မှုကတော့ နှစ်တိုင်းလည်း တိုးတက်နေတယ်။ အထူးသဖြင့် ပို့ကုန်က တိုးတက်နေတယ်။ ပို့ကုန်တိုးတက်ရင် သူ့နောက်မှာ အလုပ်အကိုင် ဖန်တီးမှုတွေက ဆင်းရဲမှုပပျောက်ရေးတွေပါ အလိုလိုပါသွားတယ်။

ပို့ကုန်တိုးတက်မှုနဲ့ ပတ်သက်ရင်လည်း အထူးအာရုံစိုက်ပြီး ဆောင်ရွက်နေတယ်။ ပထမပိုင်းမှာ အမျိုးသားပို့ကုန် မဟာဗျူဟာကို ငါးနှစ်စီမံကိန်းနဲ့ ၂၀၁၅ ကနေ ၂၀၁၉ အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်။ ငါးနှစ်ပြည့်တော့ သိသာတဲ့ တိုးတက်မှုတွေ့ရတယ်။ အထူးသဖြင့် ဆန်တို့၊ အထည်ချုပ်တို့ပါ။



ဦးအောင်ဝိုး (အမြဲတမ်းအတွင်းဝန်)
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

အခုက နောက်ထပ်ငါးနှစ် စီမံကိန်းလည်း ဆွဲထားပြီးပြီ။ အဲဒီမှာလည်း လယ်ယာစိုက်ပျိုးရေးသာမက စက်မှုထုတ်ကုန်တွေ အိုင်တီနဲ့ ပတ်သက်တာတွေ၊ သစ်သီးဝလံတွေကို လုပ်ငန်းစဉ် အဆင့်လုပ်ပြီးတော့ ထုတ်လုပ်တဲ့ ထုတ်ကုန်တွေ၊ လက်မှုပညာတွေ၊ မြန်မာပြည်ရဲ့ အလားအလာ ရှိတာတွေအားလုံး ထည့်သွင်းပြီးတော့ ဆောင်ရွက်ဖို့ လျာထားတယ်။ ဒါကို စီးပွားရေးကော်မတီကရော၊ အစိုးရအဖွဲ့ကရော အတည်ပြုပြီးသွားပြီ။

အဲဒီ Sector တစ်ခုချင်းအတွက် Consultant တွေလည်း ငှားထားပြီ။ ပုဂ္ဂလိကအသင်းအနေဖြင့် အစိုးရဌာနတွေနဲ့ပေါင်းပြီးတော့ Sector တစ်ခုချင်းအတွက်လည်း အစည်းအဝေးတွေ လုပ်ပြီးသွားပြီ။ လုပ်ဆောင်မှုအစီအစဉ်တွေ ဆွဲပြီးတော့ အကောင်အထည်ဖော်တာတွေ လုပ်တော့မယ်။ ဒါကြောင့်မို့လို့ အခုလို စနစ်တကျ Sector အလိုက် Plan တွေနဲ့လုပ်တဲ့အတွက် ပို့ကုန်က ပိုပြီးတော့အားကောင်းလာတယ်။

စာ(၂၃)သို့ →



ဦးမျိုးမြင့် (အထွေထွေအတွင်းရေးမှူးချုပ်)
ရန်ကုန်တိုင်းဒေသကြီး ကွန်ဒိုမီနီယံ
ကြီးကြပ်ကော်မတီဝင်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး
လုပ်ငန်းရှင်များအသင်းချုပ်

## အားကောင်းတဲ့နှစ် ဖြစ်မလာဘူး

ကျွန်တော့်ရဲ့ သုံးသပ်ချက်ဆိုရင်တော့ ၂၀၂၀ မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးအားကောင်းမယ်လို့တော့ မမြင်ဘူး။ ဘာကြောင့်လဲဆိုတော့ ၂၀၂၀ က ရွေးကောက်ပွဲကာလ ဖြစ်တယ်။ အဲဒီအတွက် မြန်မာ့စီးပွားရေး အလားအလာကတော့ သိပ်အားကောင်းမယ်လို့ မမြင်ဘူး။ ဒီအတိုင်းပဲ ခပ်တန်းတန်းပဲရှိ နေမယ်လို့ ယူဆတယ်။

တိုင်းရင်းသား လုပ်ငန်းရှင်တွေအတွက် သိပ်ပြီး ကောင်းဖို့မမြင်ပါဘူး။ နိုင်ငံအနေနဲ့ကတော့ ပြောမရဘူးပေါ့။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်တယ်၊ မဝင်ဘူးဆိုတာကတော့ စာရင်းက အစိုးရဆီမှာပဲရှိတဲ့အခါကျတော့ သူတို့တွေဝင်လာတယ်ဆိုတာ ဥပမာ- ဖုန်းလုပ်ငန်းတွေဝင်လာတယ်။ ကျွန်တော်တို့ ပြည်သူတွေရတာမဟုတ်ဘူး။ သူတို့ရတာ။ တချို့လုပ်ငန်းတွေဆိုရင်တော့ ကိုယ့်တိုင်းပြည်အတွက် အကျိုးရှိတယ်။ နည်းပညာတွေရမယ်။

နောက် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူရနိုင်တယ်။ ဒါပေမဲ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်တယ်ဆိုတာက စာရွက်ပေါ်မှာ ဝင်တာမဟုတ်ဘဲနဲ့ တကယ်ဝင်ဖို့ အရေးကြီးပါတယ်။ အခုက ကျွန်တော်မြင်တာကတော့ ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်တွေ အတွက်ကတော့ အရမ်းကြီးအားကောင်းဖို့မရှိဘူး။ မြေပြင်မှာကတော့ စီးပွားရေးလုပ်ငန်း အများစုကတော့ ကောင်းတယ်လို့ ပြောကြတာ တစ်ယောက်မှ မရှိဘူး။ တော်တော်များများပေါ့။

နောက်တစ်ခုကလည်း ၂၀၂၀ ရွေးကောက်ပွဲကာလနဲ့ နောက် တချို့လုပ်ငန်းရှင်တွေကလည်း ဘဏ်တွေနဲ့ ဒုက္ခရောက်နေတာ အများကြီးပဲ။ စာရင်းဇယားအချက်နဲ့ ကျွန်တော်မပြောလိုဘူး။ အဲဒီအချက်အလက်တွေကလည်း ဘယ်ကရပြီး မှန်တာ၊ မမှန်တာ မပြောလိုဘူး။ တကယ်တမ်း မြေပြင်မှာတော့ စီးပွားရေးကောင်းတယ်လို့တော့ ကျွန်တော်မမြင်မိဘူး။

ခြုံပြီးတော့ ပြောရရင် ဒီ ၂၀၂၀ က ရွေးကောက်ပွဲရှိတာရော၊ ကျန်တဲ့ ပြည်တွင်းနိုင်ငံရေး အခြေအနေအရရော ICJ ကိစ္စကလည်း တိုင်းပြည်ရဲ့ပုံရိပ်ကို ထိုက်သင့်တဲ့ ထိခိုက်မှုတော့ ရှိမှာပဲ။ ကိုယ်လည်း သူများနိုင်ငံသွားပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ရင်းနှီးမြှုပ်နှံမယ့်အဆင့် မပြောနဲ့ ဥပမာ-ဟောင်ကောင်ကို သွားလည်မယ်ဆိုရင်တောင် ပြည်တွင်းရေး မငြိမ်မသက်ဖြစ်နေရင် ဆန္ဒတွေပြနေတယ်ဆိုရင် သွားလည်ဖို့အတွက် စဉ်းစားမှာပဲ။ ဒီမှာကတော့ အဲဒီလောက်တော့ ဖြစ်နေတာမဟုတ်ဘူး။

ဒါပေမဲ့ ကမ္ဘာ့အမြင်မှာကျတော့ ပုံကြီးချဲ့ခံရတဲ့အခါကျတော့ သူတို့လည်း စီးပွားလာလုပ်ရင် တွေးမှာပဲ။ အဲဒီအချက်အလက်တွေကြောင့် ၂၀၂၀ က မြန်မာ့စီးပွားရေး အားကောင်းတဲ့နှစ် ဖြစ်လာမယ်လို့ ကျွန်တော်ကတော့ မထင်ဘူး။



## အာဆင်နယ်မှ ထွက်ချင်နေသည့် အော်ဘာမီယန်ကို ဘာစီလိုနာနှင့် အင်တာမီလန်တို့ အပြိုင်လုမည်

**လန်ဒန် ဇန်နဝါရီ ၁**

စီးရီးအေကလပ် အင်တာမီလန်သည် အာဆင်နယ်မှ ထွက်ခွာချင်နေသည့် ဂါဘွန်တိုက်စစ်မှူး အော်ဘာမီယန်ကို ဘာစီလိုနာနှင့် အပြိုင်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း အင်္ဂလန်သတင်းများက ရေးသားခဲ့သည်။

အာဆင်နယ်နည်းပြသစ် ဖြစ်လာသော အာတီတာသည် အဓိက တိုက်စစ်မှူး အော်ဘာမီယန်ကို အသင်း၌ ဆက်ထိန်းရန်ကြိုးစားနေရကြောင်း သိရသည်။ မယ်ရာ၏ ဖော်ပြချက်အရ အင်တာမီလန်သည် လာမည့် နွေရာသီအပြောင်းအရွှေ့တွင် ဘာစီလိုနာနှင့် ထိပ်တိုက်ဆုံ၍ အော်ဘာမီယန်ကို ကမ်းလှမ်းမည်ဖြစ်သည်။

အာဆင်နယ်နည်းပြဟောင်း အမ်မရီသည် အော်ဘာမီယန်ကို အသင်းခေါင်းဆောင် ရာထူးပေးခဲ့သူဖြစ်သည်။ အသင်းခေါင်းဆောင် ရာထူးပေးခြင်းအားဖြင့် အော်ဘာမီယန်မှာ ကလပ်၌ ဆက်နေမည်ဟု ယုံကြည်ရသည်။ သို့သော် အော်ဘာမီယန်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားလိုသောကြောင့် ကလပ်မှထွက်ခွာရန် ဆုံးဖြတ်ဖွယ်ရှိနေသည်။

အာဆင်နယ်သည် ယခုနှစ်ရာသီ ပရီးမီးယားလိဂ်တွင် ရလဒ်ကောင်းရန် ရုန်းကန်နေရပြီး လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရန်မှာ မနည်းကြိုးစားရမည်ဖြစ်သည်။ အာဆင်နယ်အသင်းသည် နည်းပြအတွေ့အကြုံမရှိသော အာတီတာကိုခန့်ထားကြောင်း အော်ဘာမီယန်၏ အစ်ကိုဖြစ်သူ ဝီလီက ဝေဖန်ထားသည်။

အာဆင်နယ်သည် ဇန်နဝါရီ ဈေးကွက်တွင် အော်ဘာမီယန်ကို ရောင်းချရန် ဆန္ဒမရှိကြောင်း သိရသည်။

ယယ်ရာ

## ဆယ်စုနှစ် တစ်ခုအတွင်း၌ ၂၀၁၉ ခုနှစ်သည် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ဂိုးသွင်းမှု အနည်းဆုံးဖြစ်ခဲ့

**မက်ဒရစ် ဇန်နဝါရီ ၁**

ရီးရဲလ်မက်ဒရစ်သည် ၂၀၁၉ ခုနှစ်၌ ပြိုင်ပွဲစုံ ၅၄ ပွဲ ကစားခဲ့ရာ ဂိုး ၁၀၀ သာ သွင်းနိုင်ခဲ့သောကြောင့် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ် ဂိုးအရေအတွက် အနည်းဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်သည် အသင်းဂိုးသွင်းစက်ဖြစ်ခဲ့သော ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်ဒိုကို လက်လွှတ်ခဲ့ရပြီးနောက် ဂိုးသွင်းနှုန်း ကျဆင်းခဲ့ရသည်။

ရီးရဲလ်မက်ဒရစ်သည် တိုက်စစ်နေရာအတွက် ချယ်လ်ဆီးမှ ဟာဇက်ကို ခေါ်ယူကာ အားဖြည့်ခဲ့သော်လည်း ဘယ်လ်ဂျီယံ ကစားသမားမှာ ဂိုးများစွာသွင်းယူရန် ရုန်းကန်နေရပြီး ဒဏ်ရာကြောင့် အနားယူနေရသည်။ ရီးရဲလ်မက်ဒရစ်သည် ၂၀၁၉ ခုနှစ်၌ ဂိုး ၁၀၀ သွင်းနိုင်ခဲ့ရာ တစ်ပွဲပျမ်းမျှ ၁ ဒသမ ၈၅ ရာခိုင်နှုန်းသာ ဂိုးသွင်းနိုင်ခဲ့သည်။

**နောက်ဆုံး ၁၀ နှစ်အတွင်း သွင်းဂိုး အရေအတွက်များ**

| နှစ် | ပြိုင်ပွဲ | သွင်းဂိုး |
|---|---|---|
| ၂၀၁၀ | ၅၀ ပွဲ | ၁၁၀ ဂိုး |
| ၂၀၁၁ | ၆၀ ပွဲ | ၁၆၇ ဂိုး |
| ၂၀၁၂ | ၆၀ ပွဲ | ၁၅၆ ဂိုး |
| ၂၀၁၃ | ၅၈ ပွဲ | ၁၅၆ ဂိုး |
| ၂၀၁၄ | ၆၃ ပွဲ | ၁၇၈ ဂိုး |
| ၂၀၁၅ | ၅၅ ပွဲ | ၁၄၀ ဂိုး |
| ၂၀၁၆ | ၅၄ ပွဲ | ၁၅၂ ဂိုး |
| ၂၀၁၇ | ၆၃ ပွဲ | ၁၅၆ ဂိုး |
| ၂၀၁၈ | ၆၀ ပွဲ | ၁၄၂ ဂိုး |
| ၂၀၁၉ | ၅၄ ပွဲ | ၁၀၀ ဂိုး |

ရီးရဲလ်မက်ဒရစ်သည် ၂၀၁၈ ခုနှစ်၌ ပြိုင်ပွဲစုံ ပွဲ ၆၀ ကစားခဲ့ရာ ၁၄၂ ဂိုးအထိ သွင်းနိုင်၍ တစ်ပွဲပျမ်းမျှ ဂိုးသွင်းနှုန်းမှာ ၂ ဒသမ ၃၆ ရာခိုင်နှုန်းရှိခဲ့သည်။ ရီးရဲလ်မက်ဒရစ်သည် ၂၀၁၉ ခုနှစ်၌ ဂိုးမရှိ သရေကျခဲ့သည့်ပွဲ ငါးပွဲရှိခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပီအက်စ်ဂျီ၊ လာလီဂါတွင် အက်သလက်တီကို၊ ဘာစီလိုနာ၊ ဘီလ်ဘာအို၊ ဘက်တစ်တို့နှင့် သရေကျခဲ့ခြင်းဖြစ်သည်။



ရီးရဲလ်မက်ဒရစ်သည် ၂၀၁၈-၂၀၁၉ ရာသီတွင် နှစ်ပေါင်းများစွာအတွင်း ပထမဆုံး အကြိမ်အဖြစ် ဆုဖလား လက်မဲ့ရာသီဖြင့် ရင်ဆိုင်ခဲ့ရသည်။

လက်ရှိအချိန်တွင် တိုက်စစ်အားနည်းနေသော်လည်း အလွန်အမင်း စိုးရိမ်ခြင်းမရှိကြောင်း ရီးရဲလ်နည်းပြ ဇီဒန်းက ပြောကြားထားသည်။ ရီးရဲလ်သည် လာလီဂါပွဲစဉ်(၁၈)အပြီး ရမှတ်(၃၇)မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂) နေရာတွင် ရပ်တည်နေကာ လာမည့် ဇန်နဝါရီ ၄ ရက်တွင် ဂီတာဖေးနှင့် ကစားရမည်ဖြစ်သည်။

ဟဏ